မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၃၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၂၃၉)

# မင်းဘူး(စကု)မြို့နယ်ရှိ ရွှေစက်တော်ဒေသတွင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖော်ဆောင်သွားမည်


နေပြည်တော် မေ ၂၉

မင်းဘူး(စကု)မြို့နယ်ရှိ ရွှေစက်တော်ဒေသတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်း (Eco-tourism Site) တစ်ခု ဖော်ဆောင်သွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီး ဌာနမှ သိရသည်။ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ စီမံခန့်ခွဲမှုနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ အကြံပြုချက်တို့ဖြင့် မင်းဘူးမြို့မှ ရွှေစက်တော်ဘက်သို့အသွား သုံးမိုင် လမ်းခွဲ၊ လေ့တင်တံတားအကျော် ညာဘက်ခြမ်းရှိ ဧက ၆၀ ခန့်တွင် အဆိုပါလုပ်ငန်းကို ဖော်ဆောင်သွားမည် ဖြစ်သည်။

အဆိုပါ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းတွင် ပြည်တွင်း ပြည်ပခရီးသွားများ တစ်နှစ်ပတ်လုံး အဆင့်အတန်းမီစွာ တည်းခိုနေထိုင်နိုင်ရန်အတွက် ဟိုတယ်၊ မိုတယ်နှင့် Resorts များ ပါဝင်မည် ဖြစ်သည်။ ထို့အပြင် မကွေးတိုင်းဒေသကြီး၏ အထင်ကရနေရာများ၊ ထင်ရှားကျော်ကြားသည့် လူပုဂ္ဂိုလ်များ၏အကြောင်းများကိုလည်း ပြခန်းများဖြင့် ပြသထားမည်ဖြစ်ကြောင်း သိရသည်။

ခရီးစဉ်ဒေသနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန တာဝန်ခံ ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်စိန်က “ ဒီပြခန်းတွေကို လေ့လာလိုက်တာနဲ့ မကွေးတိုင်းဒေသကြီးရဲ့ ခရီးသွားလာရမယ့် နေရာတွေ၊ အကွာအဝေးတွေ၊ ဒေသထွက်ကုန်တွေကို တစ်နေရာတည်းနဲ့ ခြုံငုံသိရှိသွားမှာ ဖြစ်ပါတယ်။ အထက်စက်တော်ရာကနေ နှစ်မိုင်ခွဲအကွာမှာ မန်းချောင်း ဆင်စခန်းလည်း

*စာမျက်နှာ ၄ ကော်လံ ၁* ✻



မင်းဘူး(စကု)မြို့နယ်ရှိ မန်းချောင်းနှင့် အောက်စက်တော်ရာကို တွေ့ရစဉ်။

**မကွေးတိုင်းဒေသကြီး အတွင်းရှိ ရဟန်းသာမဏေ၊ သီလရှင်များအတွက် အစိုးရ ဓမ္မာစရိယ နှင့် ပါဠိပထမပြန် စာမေးပွဲများ ကျင်းပသွားမည်**

စာ- ၇

**သမဝါယမ အသင်း ဖွဲ့စည်းကာ စုပေါင်းလုပ်ဆောင်ခြင်း၏ ရလဒ်ကောင်းကို ပါဝင်သူ အသင်းသားတို့ ခံစားကြပါစို့**

စာ- ၂၀

**မွန်ပြည်နယ် လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပ**

စာ- ၂၁

## ယနေ့ မာ တိ ကာ

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်**



စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်၊ မော်လိုက်မြို့နယ်နှင့် ဖောင်းပြင်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

စာ -၁၅-၁၆

**အစွန်းရောက် နိုင်ငံရေးအကြမ်းဖက်သမားများ လက်တွဲဖယ်ရှား**

စာ- ၁၈



**ဂုဏ်ယူလေးစားတန်ဖိုးထားသည့် အနုပညာရှင်**

ဆောင်းပါး စာ-၁၀



**အခက်အခဲများကို ကျော်လွှားပြီးနောက် အီတလီနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရှိန်အဟုန်မြင့် ထိုးပေးလျက်ရှိ**

စာ- ၁၉

မြန်မာ့အလင်း

# မပျက်ကွက်သင့်သည့် ပြည်သူတို့၏ တာဝန်

တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဟူသည် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ၏ လောကပါလတရားများဖြစ်ကြသည်။ ယင်းလောကပါလတရားတို့ ထွန်းကားပါမှလည်း ဒီမိုကရေစီလူ့အဖွဲ့အစည်းမှာ အေးချမ်းသာယာဖွံ့ဖြိုးနိုင်မည်။ တစ်ဖက်တွင်လည်း လူ့အဖွဲ့အစည်းအေးချမ်းသာယာရေးအတွက် တရားဥပဒေစိုးမိုးရန်အရေးကြီးသည်။ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးတို့က တိုက်ရိုက်ဆက်နွှယ်နေသည်။ တရားဥပဒေစိုးမိုးလျှင် မှုခင်းကျဆင်းမည်။ တရားဥပဒေမစိုးမိုးလျှင် မှုခင်းမကျဆင်းနိုင်။

တရားဥပဒေ၏အနက်အဓိပ္ပာယ်သည် မျှတခြင်း၊ အေးချမ်းခြင်းနှင့် စိုးမိုးခြင်းဟူ၍ ဖြစ်သည်။ ပြီးခဲ့သည့်အစိုးရလက်ထက်တွင် မူးယစ်ဆေးဝါးမှုများ အဆမတန်များနေကြောင်း၊ လူသတ်မှု၊ သက်ငယ်မုဒိမ်းမှု၊ လူကုန်ကူးမှုကဲ့သို့ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ တစ်နှစ်ထက်တစ်နှစ် များပြားနေကြောင်း၊ တရားဥပဒေစိုးမိုးရေးအားနည်းနေကြောင်း လွှတ်တော်ကိုယ်စားလှယ်များက တင်ပြဆွေးနွေးဝေဖန်သုံးသပ်ခဲ့ကြသလို တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကလည်း တရားစွဲအဖွဲ့အစည်းများနှင့် ပြည်သူအားလုံးပါဝင်ကာ အမျိုးသားရေးအသွင်ဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ရန်လိုအပ်ကြောင်း၊ အမျိုးသားရေးအသွင်ဖြင့် ပူးပေါင်းပါဝင်နိုင်မှသာ မှုခင်းများ လျော့နည်းကျဆင်းနိုင်ကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

တရားဥပဒေသည် လူတို့အတွက် အကာအကွယ်အစောင့်အရှောက် ဖြစ်သည်။ လူ့အဖွဲ့အစည်းကိုလည်း တည်ငြိမ်အောင်၊ အေးချမ်းအောင် ထိန်းသိမ်းစောင့်ရှောက်သည်။ ဥပဒေ၏အထက်တွင် မည်သူမျှမရှိဟူသော အဆိုကို သတိမူကြရန်လိုသည်။ ဥပဒေကို လေးစားဖို့၊ လိုက်နာဖို့လိုသည်။ ဥပဒေကို သိရှိနားလည်ရန်လည်း လိုအပ်သည်။ ဥပဒေကို မသိနားမလည်၍ ပြစ်မှုကျူးလွန်မိပါသည်ဟု ဆင်ခြေပေး၍ မရသည့်အလျောက် သိနားလည်အောင် လေ့လာထားရမှာလည်းဖြစ်သည်။ လူတို့၏ စရိုက်သဘာဝတွင် လောဘ၊ ဒေါသ၊ မောဟတည်းဟူသော ကိလေသာတရားတို့က ခြယ်လှယ်လျက်ရှိရာ လောဘ၊ ဒေါသ၊ မောဟတရားတို့ လွန်ကဲသည့်အခါ မကောင်းမှုအပြစ် ဒုစရိုက်တို့ကို ကျူးလွန်မိတတ်သည်။ ကျူးလွန်စဉ်အခါတွင် အမိုက်တရား၊ အမှောင်တရားတို့ ဖုံးလွှမ်းနေသည့်အလျောက် စိတ်နောက်ကိုယ်ပါ ကျူးလွန်တတ်ကြသော်လည်း ဥပဒေရှေ့မှောက်ရောက်သည့်အခါတွင်မူ မသိ၍ ကျူးလွန်မိပါသည်၊ မရှိ၍ လုပ်စားမိပါသည် စသည့်ဆင်ခြေမျိုးပေး၍ မရသည့်အလျောက် ဥပဒေကို နားလည်ရန်၊ လေးစားရန်၊ လိုက်နာရန်လိုအပ်သည်။ လူ့အဖွဲ့အစည်းအတွင်း ဥပဒေကို သိနားလည်မှု မြင့်မားလာစေရေး၊ လေးစားလိုက်နာစေရေးတို့အတွက် ပညာပေးမှု၊ လေ့ကျင့်ပျိုးထောင်မှုတို့ကို ဥပဒေအဖွဲ့အစည်းများက ကျယ်ကျယ်ပြန့်ပြန့် စဉ်ဆက်မပြတ်ပြုလုပ်သွားကြရမှာလည်း ဖြစ်သည်။

တရားဥပဒေစိုးမိုးရေးတွင် အစိုးရတစ်ရပ်၏ သန္နိဋ္ဌာန်က အဓိကဖြစ်သည်။ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကင်းစင်ရေး ဆောင်ရွက်ရာတွင် တရားစွဲအဖွဲ့အစည်းများနှင့်အတူ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုက အရေးကြီးသည်။ ပြည်သူအားလုံး ပူးပေါင်းပါဝင်ရန်လည်း တာဝန်ရှိသည်။ တရားဥပဒေစိုးမိုးရေးတာဝန်ကို နိုင်ငံသူ နိုင်ငံသားအားလုံး ကျေပွန်ရန်လိုအပ်သည်။ ရဲတပ်ဖွဲ့၊ ဥပဒေအဖွဲ့အစည်းများကို ကူညီရန် တမင်ပျက်ကွက်ပါက ဥပဒေအရ တာဝန်ရှိလာမည်ဖြစ်သည်။ "သတင်းပေးရန်တာဝန်" ကို ပျက်ကွက်ခြင်းတွင် ထောင်ဒဏ်၊ ငွေဒဏ်နှင့် ဒဏ်နှစ်ရပ်ပေါင်း ပြစ်ဒဏ်များရှိကြောင်း သတိမူကြရန် လိုအပ်သည်။ တရားဥပဒေပြဋ္ဌာန်းချက်များဟူသည် ပြည်သူတစ်ဦးချင်းကိုလည်းကောင်း၊ လူ့အဖွဲ့အစည်းတစ်ခုလုံးကိုလည်းကောင်း ကာကွယ်စောင့်ရှောက်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်ကို အလေးအနက်ဆင်ခြင်နိုင်ကြပါစေကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရားစေတီပုထိုးများ၊ ဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် မေ ၂၉**

ကိုဗစ် - ၁၉ ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေးကာလများအတွင်း ဘုရားပုထိုးစေတီများနှင့် အခြားဘာသာဝင်များ၏ ဘာသာရေးကျောင်းများ ခေတ္တပိတ်ထားခဲ့ရပြီး ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ပြန်လည်ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့သည်။

ယင်းကဲ့သို့ ပြန်လည်ဖွင့်လှစ်ပေးခဲ့ရာ ယနေ့တွင် ဗုဒ္ဓဘာသာဘုရားစေတီ၊ ကျောင်းကန်များ၊ ဟိန္ဒူ၊ ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာဝင်များ၏ဘာသာအလိုက် ဘာသာရေးကျောင်းများ၊ ဝတ်ပြုကျောင်းများတွင် သက်ဆိုင်ရာဘာသာဝင်များက လာရောက်၍ စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းမှုများ ဆောင်ရွက်လျက်ရှိကြသည်။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများတွင် ပန်းခြံများ၊ ကစားကွင်းများနှင့် ပြတိုက်များကို ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ဈေးများ၊ ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ လှူဖွယ်ပစ္စည်းများ၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၂၉**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီး ကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ဈေးရပ်ကွက်ရှိ အရိယာရိပ်သာကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အောင်မြင်ဇေယျုံစာသင်တိုက်နှင့် ပြည်မြို့ နဝဒေးရပ်ကွက်ရှိ ဝဏ်ဘာဘုန်းတော်ကြီးကျောင်းတို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အောင်မြင်ဇေယျုံစာသင်တိုက်မှ သံဃာတော်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❍ **လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ** Country Destructive Movements **မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

## ပြည်ပဈေးကွက်များ ရရှိနိုင်သည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးမွေးမြူရန်လို

COVID-19 ရောဂါဖြစ်ပွားမှုကြောင့် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် စီးပွားရေးကျဆင်းလျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများတွင် မဖြစ်မနေ ဆောင်ရွက်နေရသည့်လုပ်ငန်းမှာ စားသောက်ကုန်လုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အားသာချက်ရှိသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အရည်အသွေးပြည့်မီ၍ အထွက်နှုန်းကောင်းမွန်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များရရှိနိုင်သည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးမွေးမြူရန်လိုကြောင်း၊ စိုက်ပျိုးရေးသီးနှံများ မျိုးကောင်းမျိုးသန့်များရရှိရေးအတွက် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သုတေသနပြု စီမံဆောင်ရွက်လျက်ရှိကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြည့်ရှုအားပေး

မကွေး မေ ၂၉

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသော မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ဆားတိုင်ကန်ကျေးရွာအုပ်စုရှိ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သော Paragon Myay Latt Thar Co.,Ltd. ၏ တန်ဖိုးမြှင့်နှမ်းများဖြစ်သည့် အခွံချွတ်နှမ်း၊ နှမ်းလှော်စေ့၊ နှမ်းလှော်မှုန့်၊ သန့်စင်ပြီးနှမ်း၊ ရောင်စုံနှမ်း၊ နှမ်းလှော်ဆီမွှေး၊ တန်ဖိုးမြှင့်ပဲများဖြစ်သည့် သန့်စင်ပြီး ပဲတီစိမ်း၊ သန့်စင်ပြီးမြေပဲထုတ်လုပ်၍ ပြည်ပသို့ ရာနှုန်းပြည့် တင်ပို့ခြင်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှုသည်။ (အောက်ပုံ)



### ကြည့်ရှုအားပေး

ရှေးဦးစွာ ကုမ္ပဏီ၏ဒါရိုက်တာ ဦးကောင်းခန့်ဇင်က လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ ပြည်ပသို့တန်ဖိုးမြှင့်နှမ်းတိုးမြှင့်တင်ပို့နိုင်ရေးကိစ္စတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး လိုအပ်သည်များ ဆွေးနွေးပေါင်းစပ်ညှိနှိုင်းပေးကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

### နွားမွေးမြူရေးတိုးချဲ့ဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသော မကွေးခရိုင် မြို့သစ်မြို့နယ် ရေပြည့်ကျေးရွာအုပ်စုရှိ ရာနှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သော Good Brothers' Co.,Ltd. ၏ နွားသားစပ်မွေးမြူခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းသို့ရောက်ရှိရာ ကုမ္ပဏီ၏ အရောင်းတာဝန်ခံ ဦးမျိုးမြင့်ထွန်းက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ဒေသခံတောင်သူများနှင့် နွားမွေးဖက်ပေးလုပ်ငန်းများချဲ့ထွင်ဆောင်ရွက်နိုင်ရေး၊ အခြားမြို့နယ်များသို့လည်း နွားမွေးမြူရေး တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ပြီး လိုအပ်သည်များ ဆွေးနွေးပေါင်းစပ်ညှိနှိုင်းပေးကာ မွေးမြူရေးခြံအတွင်း လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်၍ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ (၁/၂၀၂၁) အစည်းအဝေးကျင်းပ

**ပဲခူး မေ ၂၉**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၁/၂၀၂၁) အစည်းအဝေးကို မေ ၂၈ ရက်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပဲခူးဒေသသည် မီးရထားလမ်း၊ ကားလမ်းဆုံရာ မြို့တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ အဓိကပင်လယ်ထွက်ပေါက်တစ်ခုဖြစ်သည့် သီလဝါ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနှင့်လည်း ကားလမ်းများ တိုက်ရိုက်ချိတ်ဆက်ထားမှုရှိ၍ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ အထူးစိတ်ဝင်စား၍ ရင်းနှီးမြှုပ်နှံရန် မဟာဗျူဟာအရ အရေးပါသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာပါက ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာမည်ဖြစ်ပြီး တိုင်းဒေသကြီး၏ GDP လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မြန်ဆန်ဆန် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မရှင် ညွှန်ကြားရေးမှူး ဦးကိုကိုလတ်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆) နှင့် နည်းဥပဒေ (၂၀၁၇)ပါ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းတင်ပြပြီး ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်မည့် ကုမ္ပဏီတစ်ခုမှ အတည်ပြုလျှောက်လွှာ တင်ပြခြင်းနှင့် လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခုမှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခွင့်တို့အပေါ် ဆွေးနွေးဆုံးဖြတ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးသည် စီးပွားရေးအရ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရန်



အလားအလာကောင်းများရှိနေပြီး တိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်လျက်ရှိရာ ပဲခူးမြို့နယ် အတွင်းရှိ လူဦးရေ ခြောက်သောင်းခန့်အတွက် အလုပ်အကိုင်များ ဖန်တီးပေးထားလျက်ရှိကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်များ၊ ဥပဒေချုပ်နှင့် သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ




ပဲခူး မေ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်သည် မေ ၂၈ နှင့် ၂၉ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်၊ ပဲခူးခရိုင်၊ သာယာဝတီခရိုင်၊ ပြည်ခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် တောင်ငူမြို့နှင့် ပြည်မြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတို့မှ ဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ ကိုယ်၊ စိတ် ကျန်းမာရေးအတွက် ဂရုပြုဆောင်ရွက်ရန်၊ ကိုယ့်ကျင့်တရားဖြူစင်ဖြောင့်မတ်စွာ နေထိုင်ကျင့်ကြံရန်၊ မိမိတို့၏ လုပ်ငန်းတာဝန်အပေါ် ရိုးသားကြိုးစားစွာ ထမ်းဆောင်ရန်နှင့် မိမိအလုပ်ကို ချစ်မြတ်နိုးတန်ဖိုးထားရန်၊ စိတ်ဓာတ်စည်းကမ်း စေတနာနှင့် စွမ်းဆောင်ရည် ကောင်းမွန်စေရေး အမြဲလေ့ကျင့်ဆောင်ရွက်ရန် လိုအပ်ပုံများကို ဆွေးနွေးမှာကြားပြီး ထောက်ပံ့ငွေနှင့် အစားအသောက်များ ပေးအပ်ထောက်ပံ့ခဲ့သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပင်မထိန်းချုပ်ရေးစခန်း (မန္တလေး) ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၉

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးသည် ယနေ့တွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၃၆၃/၄)အနီးရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပင်မထိန်းချုပ်ရေးစခန်း(မန္တလေး)ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (အောက်ပုံ)



**ဖြည့်စွက်ရှင်းလင်း**

ရှေးဦးစွာ စီမံကိန်းတာဝန်ရှိသူများက ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပင်မထိန်းချုပ်ရေးစခန်း၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညဏ်ထွန်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

**သတိပေးချက်များ ချိတ်ဆွဲပြသထားရန်လို**

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ်တစ်ခုဖြစ်ပြီး နှစ်နိုင်ငံပြည်သူများအတွက် အကျိုးပြုသော စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ရေနံစိမ်းပိုက်လိုင်းမှ ရေနံစိမ်းများ တရုတ်နိုင်ငံသို့ သယ်ယူတင်ပို့ပေးနေသလို သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ တရုတ်နိုင်ငံနှင့် ပြည်တွင်းသုံးအတွက် သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ပြည်တွင်းအသုံးပြုရာတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းအတွက် ပံ့ပိုးပေးနေပါကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ပုံမှန်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပိုက်လိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေး သတ်မှတ် Standard Operation Procedure (SOP)နှင့်အညီ စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပိုက်လိုင်းတစ်လျှောက် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုဓလေ့စရိုက်များကို လေးစားလိုက်နာရန် လိုအပ်ကြောင်း၊ ထို့အပြင် လုပ်ငန်းခွင်၌ မြန်မာဝန်ထမ်းများ ပိုမိုခန့်ထားရေး အလေးထား ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပိုက်လိုင်းပတ်ဝန်းကျင်နေ ဒေသခံပြည်သူလူထုကို ပိုက်လိုင်းနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များအား ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဟောပြောရန်နှင့် သတိပေးချက်များ ထင်သာမြင်သာရှိသောနေရာများတွင် ချိတ်ဆွဲပြသထားရန် လိုအပ်ကြောင်း၊ ပိုက်လိုင်းတစ်လျှောက်ရှိ လုံခြုံရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ လုံခြုံရေးသတိ၊ လုံခြုံရေးအသိရှိရန်နှင့် မီးဘေးအန္တရာယ် ကင်းဝေးစေရေး အထူးဂရုပြုဆောင်ရွက်သွားကြရန် မှာကြားပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ ထိန်းချုပ်ပို့လွှတ်နေသော Control Centre အတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✻ ရှေ့ဖုံးမှ

ရှိနေပြီ ဖြစ်ပါတယ်။ သဘာဝဘေးမဲ့တောဥယျာဉ်မှာ ရွှေသမင်တွေ၊ ကြယ်လိပ်တွေကိုလည်း ဝင်ရောက်လေ့လာနိုင်မှာဖြစ်ပါတယ်”ဟု ပြောသည်။

သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖော်ဆောင်မည့်နေရာသည် ရွှေစက်တော် အထက်စက်တော်ရာမှ ပေ ၄၀၀၀ ခန့်သာ ကွာဝေးမည်ဖြစ်ပြီး အပန်းဖြေနိုင်ရန် View Point များ၊ ပန်းခြံ၊ ကစားကွင်း၊ အားကစားခန်းမများ ပါဝင်မည်ဖြစ် သည်။ ထို့အပြင် သဘာဝသစ်တောအတွင်း Trekking လမ်းလျှောက်ခြင်းနှင့် စက်ဘီးစီးနိုင်သည့် လမ်းကြောင်းများပါ ထည့်သွင်းဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီလိုဖော်ဆောင်ခြင်းအားဖြင့် ရွှေစက်တော် ဒေသဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာမယ်။ ဒေသထွက်ကုန်တွေကိုလည်း ရောင်းချနိုင်မှာဖြစ်တဲ့အတွက်ကြောင့် ဝင်ငွေတိုးတက်ရရှိလာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်တဲ့ ဝန်ဆောင်မှုအတတ်ပညာ၊ ဘာသာစကားတွေလည်း တိုးတက်လာမှာ ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းနဲ့ ကျေးလက်တောရွာမကျန် ဝင်ငွေတိုးတက်စေဖို့ ရည်ရွယ်ဆောင်ရွက်တာ ဖြစ်ပါတယ်”ဟု တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာဝန်ခံက ပြောသည်။

ရွှေစက်တော်ဒေသတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်း (Eco-tourism Site)တစ်ခု ဖော်ဆောင်နိုင်ခြင်းဖြင့် မိုင် ၂၀ ခန့်သာ ကွာဝေးသော အော်ဂဲနစ်သီးပင်စားပင်များနှင့် အေးမြသည့်တောင်ပေါ်ရာသီဥတုရှိသည့် နာမည်ကျော် နတ်ရေကန်တောင်ဒေသသို့ တစ်ရက်ခရီးအဖြစ် သွားလာလည်ပတ်နိုင်တော့မည်ဖြစ်သည်။ **ကေတာ**




## နာဂဒေသ လဟယ်မြို့နယ် အတွင်းရှိ အခြေခံပညာ ကျောင်းများတွင် ကျောင်းအပ်စတင်လက်ခံ

**လဟယ် မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ပေါ် ရပ်ကွက်ကျောင်းများရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်း တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများကို မေ ၂၄ ရက် နံနက် ၉ နာရီမှ စတင်၍ ကျောင်းအပ်လက်ခံလျက်ရှိကြောင်း သိရသည်။

လဟယ်မြို့နယ်အတွင်း ကျေးရွာပေါင်း ၉၇ ရွာရှိပြီး ထက်၊ လယ်၊ မူ ကျောင်းပေါင်း ၁၀၄ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တစ်ကျောင်း စုစုပေါင်း ၁၀၅ ကျောင်းရှိကာ အဆိုပါ ကျောင်းများတွင် တက်ရောက်မည့် ကျောင်းသား ကျောင်းသူများကို မေ ၂၄ ရက်မှ ၃၁ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ကျောင်းအပ်လက်ခံမည်ဖြစ်ကြောင်း သိရသည်။ **ပါမင်းလှိုင်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ



**နေပြည်တော် မေ ၂၉**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသား ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများကို တပ်မတော် လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကြံခင်းစုရပ်ကွက်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြပြီး ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးနေ့အခမ်းအနားများကျင်းပ

**ပင်းတယ မေ ၂၉**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ အခြေခံပညာအထက်တန်းကျောင်း (ကြို/သက်) နှင့် ကျုံးကျေးရွာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ကျောင်းအပ်နှံရေးနေ့အခမ်းအနားအား မေ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျောင်းခန်းမဆောင်များ၌ ကျင်းပသည်။ **(ယာပုံ)**

**အရည်အသွေးတိုးတက်မြင့်မားစေရေး**

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက နိုင်ငံတော်ပညာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်(၂) ရပ်ဖြစ်သော ကျောင်းနေအရွယ် ကလေးများ ပညာသင်ယူခွင့်ရရှိစေရေးနှင့် ပညာအရည်အသွေးတိုးတက်မြင့်မားလာစေရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုများအား ရှင်းလင်းပြောကြားရာ ကျောင်းများ စတင်ဖွင့်လှစ်ချိန်တွင် မိဘများ အခက်အခဲမရှိစေဘဲ သား/သမီးများကို ကျောင်းအပ်နှံနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနက ကျောင်းသုံးပုံနှိပ် ပြဋ္ဌာန်းဖတ်စာအုပ်များနှင့် ကျောင်းသုံးဗလာစာအုပ်များ အခမဲ့ဖြန့်ဝေခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားသည့် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကျောင်းတက်ရောက်ခွင့်ရရှိစေရေး၊ ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေးတိုးတက်မြင့်မားစေရေးအတွက် အဓိကထား လုပ်ဆောင်ကြ ရန်နှင့် မိဘပြည်သူများအနေဖြင့်လည်း ပူးပေါင်းပါဝင် ကူညီပေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

**အလှူငွေများပေးအပ်**

ဆက်လက်၍ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေပေးသည့် ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်များကို ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လည်းကောင်း၊ မြသုခ အစိုးရဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမ အသင်းလီမိတက်နှင့် GEC ပညာရေးသမဝါယမ အသင်းလီမိတက်မှပေးအပ်သည့် အလှူငွေများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့်မြို့နယ်ပညာရေးမှူးတို့မှ ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများကလည်းကောင်း လက်ခံရယူကြောင်း သိရသည်။

**လိုအပ်သည်များ ဖြည့်ဆည်းပေး**



ထိုမှတစ်ဆင့် နေ့လယ်ပိုင်းတွင် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် ရွာငံမြို့နယ် အခြေခံပညာအထက်တန်းကျောင်းနှင့် မြိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ကာ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများကို ဆက်လက်တက်ရောက်ခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရှိရသည်။

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့ဖြစ်ပွားလျက်ရှိရာ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများပိတ်ထားခဲ့ရာမှ ယခုအခါ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကျောင်းများဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**ပင်းတယ(ပြန်/ဆက်)**

## ဆိပ်ဖြူမြို့နယ်တွင် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး ကျောင်းသန့်ရှင်းရေး ဆောင်ရွက်ပေး

**ဆိပ်ဖြူ မေ ၂၉**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အခြေခံပညာသင်ကျောင်းများ အေးချမ်းစွာပညာသင်ကြားနိုင်ရေး၊ ဖွင့်လှစ်နိုင်ရေး မေ ၂၉ ရက် နံနက် ၇ နာရီက ဆိပ်ဖြူမြို့ ရွာသစ်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသန့်ရှင်းရေးများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျောင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်ဖွဲ့ဝင်များနှင့် ဆရာ ဆရာမများ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ ချုံနွယ်အမှိုက်သရိုက်များ ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုမျိုး**

**(ယောရော)**

# ယုံကြည်ချက်အတွက် တောခိုရင်း လူမသိသူမသိ အသက်ပေးလိုက်ရသူ လူငယ်များ၏ အတိတ်သမိုင်း သို့မဟုတ် ပါဂျောင်ငရဲခန်း

*သော်တာပပလင်း*

**❒ တော်လှန်ရေးကို တက်တက်ကြွကြွနဲ့ လုပ်ဆောင်ခဲ့တဲ့ လူငယ်အချို့ဟာ ကိုယ်နဲ့ တစ်လှေတည်းစီးခဲ့ကြတဲ့ လူငယ်အချို့ရဲ့ သတ်ဖြတ်မှုကြောင့်ပဲ တော်လှန်ရေးဆိုတာ ဝေးစွ မိမိအတွက်၊ မိမိတို့ အဖွဲ့သားတွေအတွက်တောင် လက်စားမချေနိုင်ခဲ့ကြတာကို အတိတ်သမိုင်းရဲ့ ဖြစ်ရပ်မှန်အဖြစ် ညီညီရဲ့ စကားတွေက သက်သေခံနေပြီပဲ မဟုတ်ပါလား**

*ယမန်နေ့မှ အဆက်*

ညှဉ်းပန်းနှိပ်စက်မှုတွေကြောင့် တပ်မတော်ထောက်လှမ်းရေးအဖြစ် ဝန်ခံလိုက်ရတဲ့ လူငယ်တွေဟာ ပဏာမအနေနဲ့ အကျဉ်းသားခြောက်ဦးကို မိဘတွေထံ ပြန်လည်လွှဲပြောင်းပေးမယ်လို့ ပြောတုန်းက မျှော်လင့်ချက်တွေနဲ့ပေါ့။ မိဘတွေ ရောက်ရှိလာတဲ့အခါမှာတော့ အပြောနဲ့လက်တွေ့ ကွာခြားသွားခဲ့ပါပြီ။ ဒါပေမယ့် အနည်းဆုံးတော့ အကျဉ်းသားခြောက်ဦးက သူတို့မိသားစုဝင်တွေနဲ့ တွေ့ခွင့်ရတာကြောင့် စိတ်သက်သာရာ ရခဲ့တာကိုလည်း ကိုမောင်မောင်က ရေးဖွဲ့ထားပါသေးတယ်။ “ကျွန်တော်၊ ဦးအေးနိုင်နဲ့ မိခင်ကြီးတွေ ခန်းမအလယ် မင်းလမ်းကနေ ပြန်ထွက်လာကြတော့ အကျဉ်းသားလေးတွေ အားလုံးက အငမ်းမရကြည့်နေကြတယ်။ အာဟာရပြတ်လို့ ညှိုးငယ်နေတဲ့ မျက်နှာတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ဝင်းလက်တောက်ပနေတဲ့ မျက်လုံးတွေနဲ့ပေါ့။ သူတို့တွေလည်း သူတို့မိဘတွေ၊ ညီအစ်ကိုမောင်နှမတွေကို လွမ်းဆွတ်တမ်းတနေကြမှာပဲပေါ့။ ဒီကနေ့ ဒီနေရာကိုရောက်နေတဲ့ မိဘတွေထဲမှာ သူတို့ အမေ၊ သူတို့ အဖေ၊ သူတို့အစ်ကိုတွေများ ပါလာရင် သိပ်ကောင်းမှာပဲလို့ အကျဉ်းသားတိုင်းစိတ်ကူးနဲ့ မျှော်လင့်မိကြမှာ အသေအချာပါပဲ…”

“သူတို့အားလုံးဟာ ကျွန်တော်တို့ အမိမြန်မာပြည်ရဲ့ အညွန့်အဖူးကလေးတွေပါပဲ။ သာမန်သူလိုကိုယ်လိုကလေးတွေ မဟုတ်ပါဘူး… ကိုယ်မှန်တယ်လို့ ယုံကြည်တဲ့လမ်းကို မိသားစုအပါအဝင် အရာအားလုံးကို စွန့်လွှတ်ပြီး လျှောက်ရဲတယ်ဆိုတဲ့ သတ္တိ ကျွန်တော့်မှာမရှိပေမယ့် ဒီကလေးတွေမှာ ရှိပါတယ်… သူတို့ဟာ အန္တရာယ်ကင်းတဲ့ နိုင်ငံရပ်ခြားကို ထွက်ပြေးသွားကြပြီး လွတ်လပ်စွာ ဟောင်ဖွာဟောင်ဖွာလုပ်ခွင့်နဲ့ ဒေါ်လာစားရမယ့် လမ်းကို ရွေးချယ်ခဲ့ကြတာ မဟုတ်ပါဘူး။ ဒီရောက်ပြီးတော့မှ သူတို့လေးတွေ ဒုက္ခရောက်သွားရတာကတော့ ကံဆိုးမိုးမှောင်ကျသွားတာ သက်သက်ပါ… သူတို့ အရည်အချင်းနဲ့ ဇ ကိုပြောတာ တော်ယုံတန်ယုံ သတ္တိရှိရုံနဲ့ သူတို့လုပ်ခဲ့တဲ့အလုပ်ကို မလုပ်နိုင်ကြပါဘူး…”လို့ ကိုမောင်မောင်က သူမြင်တွေ့ခဲ့ရတဲ့ ကျောင်းသားတပ်က ကလေးတွေကို တင်စားထားပါသေးတယ်။

ဒီလိုနဲ့ ကလေးတွေကို ပြန်မထည့်ပေးလိုက်ဘဲ တာဝန်တွေ ပြန်လည်ခန့်ထားကြပြီး မိဘတွေနဲ့ ပေးတွေ့ခွင့်ရတဲ့အခါမှာတော့ ပြည်ထောင်စုနေ့တုန်းက ခံစားခဲ့ရတာတွေကို ပိုမိုသိခွင့်ရခဲ့



ABSDF(NB) စခန်းအတွင်းရှိ ဒေါင်းမိခင်ခန်းမ ဖွင့်ပွဲအခမ်းအနားတက်ရောက်စဉ်။ ထိုင်နေကြသူများမှာ အဖမ်းခံထားရသော ကျောင်းသားများ၏ မိဘများဖြစ်သည်။ ယူနီဖောင်းနှင့် မေးထောက်ထိုင်နေသူမှာ ကျောင်းသားထောက်လှမ်းရေးရုံးအုပ်ကြီး သန်းဇော်(ခ)တဇ္ဇေကြီးဖြစ်ပြီး သူ့ဘေးတွင်ထိုင်နေသူမှာ စာရေးသူ မောင်မောင် (ရွှေကရဝိက်) ဖြစ်သည်။

တယ်ဆိုပြီး ကိုမောင်မောင်က ပြောပြထားပါတယ်။

ပါဂျောင်ငရဲခန်းအကြောင်း သိခွင့်ရ

“အဲဒီနေ့က သူတို့အကျဉ်းသားတွေကို အလုပ်မခိုင်းဘဲ ထောင်ထဲမှာတင် ထိတ်တုံးတွေခတ် လက်ပြန်ကြိုးတွေတုပ်ပြီး တစ်နေကုန်နေခိုင်းတယ်တဲ့။ ပြီးတော့မှ ထွန်းအောင်ကျော်တို့၊ ချိုကြီးတို့ အပါအဝင် ကျောင်းသားခေါင်းဆောင်ဟောင်း ၁၅ ယောက်ကို ခေါ်ထုတ်သွားပြီး ပေါက်ပြားတို့၊ ဓားရှည်တို့နဲ့ ရက်ရက်စက်စက် ခုတ်သတ်လိုက်ကြတယ်တဲ့။ တချို့ကို သေနတ်နဲ့ ပစ်သတ်တယ်တဲ့။ ပထမပိုင်းမှာ စစ်ဆေးရင်းလက်လွန်ပြီး သေသွားကြတဲ့ လူတွေလည်း ရှိတယ်တဲ့။ ဒုက္ခိတဖြစ်သွားတဲ့ လူတွေလည်းရှိတယ်တဲ့။ မန္တလေး အိမ်တော်ရာဘက်က အောင်မင်းဆိုရင် ထောင်မှူးက နံချပ်ကူဘယ်လိုရိုက်ရတယ်ဆိုတာ လေ့ကျင့်ခံရရင်းနဲ့ သေသွားရတာတဲ့… ရိုက်တာ၊ နှက်တာထိုးတာကြိတ်တာ၊ ကန်တာ ကျောက်တာလောက်ကတော့ အသေးအဖွဲ့ပဲတဲ့။ လျှပ်စစ်မီးနဲ့ လျှော့တိုက်တာတို့၊ ရင်ပေါင်ကြမ်း (ကတ္တရာလိပ်)နဲ့ လက်တွေ ခြေထောက်တွေ မီးမြှိုက်တာတို့၊ ရင်ပေါင်ကြမ်းစ ဗိုက်ပေါ်တင်ပြီး မီးရှို့တာတို့၊ မိုင်းခွဲတဲ့နေရာမှာသုံးတဲ့ ကက်ကို လက်ဖဝါးထဲထည့်ပြီး ခွဲတာတို့၊ လက်ကို ကက်နဲ့ ကပ်ခွဲပြီး ဆေးမကုပေးဘဲထားတော့ လက်ကပုပ်သွားပြီး ကုလို့မရတော့ဘူးဆိုကာ လက်ကို ဓားနဲ့ခုတ်ဖြတ်ပစ်တာတို့၊ ဓားနဲ့ခုတ်ထားတဲ့ ချိုကြီးရဲ့ လက်ပြတ်ကို ထွန်းအောင်ကျော်ရဲ့ ပါးစပ်ထဲကိုထည့်ပြီး ကိုက်ခိုင်းတာတို့၊ လက်ဝါးကပ်တိုင်ပေါ်တင် ကြိုးနဲ့ချည်ပြီး မိုးရွာအစို၊ နေပူအခြောက် လေတိုက်ထဲမှာ ပစ်ထားတာတို့၊ ထွန်းအောင်ကျော်ဆိုရင် လက်ဝါးကပ်တိုင်ပေါ်တင်ပြီး ကြိုးနဲ့မချည်ဘဲ သံမှိုနဲ့အရိုက်ခံရတာတဲ့။ ချိုကြီးရော၊ ထွန်းအောင်ကျော်ရော အရှင်လတ်လတ် မီးမြှိုက်ခံကြရတာတဲ့။ တစ်သက်နဲ့ တစ်ကိုယ်မကြားဘူးတဲ့ နှိပ်စက်နည်းပေါင်းစုံကို ကြားခဲ့ရတော့တာပါပဲ” လို့ ပါဂျောင်ငရဲခန်းအကြောင်းကို သိခွင့်ရခဲ့ပါတော့တယ်။

**✳ ကိုမောင်မောင်ကတော့“အဲဒီတော့ဘာလုပ်ရမယ်ဆိုတာစဉ်းစားပေါ့ … တောခိုပါမယ်ဆိုတဲ့လူတိုင်း နေရာတွေ၊ လက်နက်တွေပေးဖို့ မစဉ်းစားနဲ့တော့ပေါ့။ တောခိုနေပါတယ်ဆိုတိုင်း နိုင်ငံခြားကနေပြီး ဒေါ်လာတွေ ရမ်းမထောက်ပံ့ကြနဲ့တော့ပေါ့ဗျာ။ လက်ရှိထက်တော့ ပိုပြီးစိစစ်ဖို့ လိုလာပြီ၊ ပိုပြီးထိန်းချုပ်ဖို့လိုလာပြီလို့ သတိပေးချင်ပါတယ်…” လို့ သူ့မျက်မြင်ကိုယ်တွေ့တွေနဲ့ နှိုင်းယှဉ်ပြီး နောင်လူတွေကို အထူးတလည် သတိပေးထားပါသေးတယ်**

ကိုမောင်မောင်ရဲ့ ညီဖြစ်သူနဲ့ တွေ့ခွင့်ရတဲ့အချိန်လေးမှာ ဂျပန်သတင်းထောက် ကိုညီညီက ပြောပြတဲ့ အမှန်တရားတွေကို လေ့လာဖတ်ရှုခွင့်ရတဲ့အခါမှာလည်း သူဘာကြောင့် မျက်စိပျက် မျက်နှာပျက်ဖြစ်နေရသလဲ၊ သွေးပျက်စရာ အဖြစ်အပျက်တွေကို ကြုံနေရသလဲဆိုတာကို ပေါ်လွင်နေပြီဖြစ်ပါတယ်။ အဲဒါကတော့ “**မင်းဘယ်သူကိုမှ ပြန်မမေးဘူး၊ ပြန်မပြောဘူးဆိုတာယုံကြည်လို့ ငါနည်းနည်းပြောလိုက်မယ်။ ဒီစခန်းမှာ အဖမ်းခံရတဲ့ သူတစ်ယောက်မှ ထောက်လှမ်းရေးမဟုတ်ဘူး။ လူ ၁၅ ယောက်သေဒဏ်ပေးတယ်လို့ ကြေညာထားတာ မဟုတ်ဘူး။ သူတို့ သတ်ပစ်တာနဲ့ စစ်ရင်းသေတာ အားလုံးပေါင်းရင် ရာဂဏန်းနီးပါးရှိတယ်…**” လို့ တုန်တုန်ရီရီနဲ့ သတင်းထောက်ကို ပြောခဲ့တာကိုလည်း ဖတ်ရှုကြရမှာ ဖြစ်ပါတယ်။

အိမ်ပြန်တော့မယ့် အစ်ကိုဖြစ်သူကို ကျန်ရစ်ခဲ့ရတဲ့ တော်လှန်ရေးသမားကြီး ညီဖြစ်သူက ပြန်ခါနီးမှာ “**ကိုမောင် နောက်ကို ဘာအကြောင်းနဲ့မှ ဒီစခန်းကို ပြန်မလာခဲ့ပါနဲ့။ ဒီတစ်ခေါက်တောင် အမေတွေပါလာတာများလို့ ခင်ဗျားသက်သာတာ။ ခင်ဗျားတစ်ယောက်တည်းဆိုရင် သတ်ပစ်မှာ။ အခုကျွန်တော်တို့ အခြေအနေ အများကြီးကောင်းသွားပြီ။ မြို့ပေါ်က နိုင်ငံရေးကို စိတ်ဝင်စားတယ်။ နိုင်ငံရေးလုပ်ချင်တယ်ဆိုတဲ့ လူတွေဒီကအကြောင်းတွေသိသွားအောင်သာ များများပြောပေး။ အော်ပေးပါ။ နိုင်ငံရေးလုပ်တယ်ဆိုတဲ့ ကောင်တွေဘာဖြစ်တတ်တယ်ဆိုတာ သိကြတာမဟုတ်ဘူး။ တောထဲ တောင်ထဲမှာ ထွန်းအောင်ကျော်တို့လို လူမသိသူမသိ ကိုယ့်အချင်းချင်းသတ်လို့ သေသွားကြတဲ့ သူတွေအများကြီး၊ ကျွန်တော်ကတော့ ဒီကောင်တွေ လက်ထဲမှာ ခွပ်ဒေါင်းအလံရှိမနေအောင် ကြိုးစားမယ်။ ဒီကောင်တွေကို အားလုံးကိုယ်စား လက်စားချေပြီးမှ အိမ်ပြန်လာခဲ့တော့မယ်**” လို့ ဆိုခဲ့ပါတယ်။

**တော်လှန်ရေးကို တက်တက်ကြွကြွနဲ့ လုပ်ဆောင်ခဲ့တဲ့ လူငယ်အချို့ဟာ ကိုယ်နဲ့ တစ်လှေတည်းစီးခဲ့ကြတဲ့ လူငယ်အချို့ရဲ့ သတ်ဖြတ်မှုကြောင့်ပဲ တော်လှန်ရေးဆိုတာ ဝေးစွ မိမိအတွက်၊ မိမိတို့ အဖွဲ့သားတွေအတွက်တောင် လက်စားမချေနိုင်ခဲ့ကြတာကို အတိတ်သမိုင်းရဲ့ ဖြစ်ရပ်မှန်အဖြစ် ညီညီရဲ့ စကားတွေက သက်သေခံနေပြီပဲ မဟုတ်ပါလား။**

စာရေးသူ ကိုမောင်မောင်က သူ့ညီဖြစ်သူအပါအဝင် ဖမ်းဆီးအကျဉ်းကျနေတဲ့ ကျောင်းသားလူငယ်တွေကို ထပ်မံကယ်တင်ဖို့အတွက် သံရုံးတွေနဲ့ ချိတ်ဆက်ခွင့်ရအောင် ကြိုးစားခဲ့တာကိုလည်း စာရှုသူများ ဖတ်ရှုရမှာပါ။ သူ့အနေနဲ့ အမေရိကန်သံရုံးကို အကြိမ်ပေါင်းများစွာ လူကိုယ်တိုင်သွားရောက်ပြီး တာဝန်ရှိသူတွေနဲ့ တွေ့ခွင့်ရအောင် ကြိုးပမ်းခဲ့သလို တစ်ဖက်မှာလည်း NLD ကို အဖြစ်အပျက်အမှန်တွေ တင်ပြဖို့အတွက်လည်း ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် သူထင်သလောက်တော့ ခရီးမပေါက်ခဲ့တာကိုလည်း သူ့စာအုပ်မှာ ထည့်သွင်းရေးသားထားကို မြင်တွေ့ရပါတယ်။ မြန်မာပြည်သားတွေရဲ့ အကျိုးစီးပွားကို ဆောင်ရွက်ပါမယ်၊ ပါတီအကျိုး၊ နိုင်ငံ့အကျိုးနဲ့ယှဉ်လာရင် နိုင်ငံ့အကျိုးကို ဦးစားပေးပါမယ်လို့ ကြေညာထားတဲ့ ပါတီကြီးရဲ့ မျက်နှာလွှဲတာကို ခံခဲ့ရတယ်လို့ သူက ရင်ဖွင့်ထားပါသေးတယ်။

**နားလည်မှုပေးပြီး ဆောင်ရွက်ခဲ့**

နောက်ဆက်တွဲအနေနဲ့ ကိုမောင်မောင်ရဲ့ ဒုတိယမြောက် ပါဂျောင်ခရီးစဉ်အပြီး နှစ်လအကြာမှာ အမေနှစ်ယောက်ကနေ သူတို့သားတွေကို

*စာမျက်နှာ ၇ သို့*

# မကွေးတိုင်းဒေသကြီးအတွင်းရှိ ရဟန်းသာမဏေ၊ သီလရှင်များအတွက် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများ ကျင်းပသွားမည်

**နေပြည်တော် မေ ၂၉**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ရဟန်းသာမဏေ၊ သီလရှင်များအတွက် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများကို ဇွန် ၁ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး သာသနာရေးမှူးရုံးမှ သိရသည်။

“ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးအနေနဲ့ ဓမ္မာစရိယစာဖြေဌာန လေးဌာနနဲ့ ပါဠိ ပထမပြန်စာဖြေဌာန ၁၆ ခုကို ဇွန် ၁ ရက်ကနေ ၁၃ ရက်အထိ တစ်ပြိုင်တည်း၊ တစ်ချိန်တည်း ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီစာမေးပွဲတွေအတွက် မေးခွန်းတွေကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၊ ပုဏ္ဏကဆောင်က ဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို ကျွန်တော်တို့က ထုတ်ယူပြီး မေ ၃၀ ရက်မှာ အပြီးဖြန့်ဝေသွားမှာ ဖြစ်ပါတယ်။ ဓမ္မာစရိယဖြေဆိုမယ့် ရဟန်းသာမဏေ၊ သီလရှင် ၆၀၃ ပါးနဲ့ ပါဠိပထမပြန်ဖြေဆိုမယ့် ရဟန်းသာမဏေ သီလရှင် ၁၆၅၉ ပါး ရှိပါတယ်” ဟု မကွေးတိုင်းဒေသကြီး သာသနာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဇော်က ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဓမ္မာစရိယစာဖြေဌာန လေးခုအဖြစ် မကွေးမြို့၊ ပခုက္ကူမြို့၊ ရေနံချောင်းမြို့နှင့် တောင်တွင်းကြီးမြို့တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ပါဠိပထမပြန် စာဖြေဌာန ၁၆ ခုအဖြစ် မကွေး၊ ရေနံချောင်း၊ ချောက်၊ နတ်မောက်၊ တောင်တွင်း၊ မင်းဘူး၊ စလင်း၊ ဆင်ဖြူကျွန်း၊ ပွင့်ဖြူ၊ သရက်၊ အောင်လံ၊ ကံမ၊ မင်းလှ(အထက်)၊ ပခုက္ကူ၊ ရေစကြိုနှင့် ဂန့်ဂေါမြို့တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ရဟန်းသာမဏေ၊ သီလရှင်များအတွက် အစိုးရ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများကို နှစ်စဉ် မတ်လနှင့် ဧပြီလများတွင် ကျင်းပလေ့ရှိသော်လည်း ကိုဗစ်ကပ်ရောဂါကြောင့် ပြောင်းလဲကျင်းပခြင်းဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး သာသနာရေးမှူးရုံးမှ သိရသည်။

“ဒီစာမေးပွဲတွေကို နှစ်စဉ် မတ်လ၊ ဧပြီလတွေမှာ ကျင်းပခဲ့ပေမယ့် ကိုဗစ်ကပ်ရောဂါဖြစ်ပွားမှုအခြေအနေကြောင့် ပြောင်းလဲကျင်းပတာ ဖြစ်ပါတယ်။ မနှစ်ကတော့ ဇူလိုင်လမှာ ကျင်းပခဲ့ပါတယ်။ မနှစ်က ပါဠိပထမပြန်အောင်မြင်တဲ့ ရဟန်းသာမဏေ၊ သီလရှင် ၁၂၇၈ ပါးရှိပြီးတော့ ဓမ္မစရိယအနေနဲ့ ကျမ်းရင်း သုံးကျမ်းအောင်မြင်သူ ၅၆ ပါး၊ နှစ်ကျမ်းအောင်မြင်သူ ၇၂ ပါး၊ တစ်ကျမ်းအောင်မြင်သူ ၆၂ ပါးနဲ့ မြန်မာဂုဏ်ထူးအောင်မြင်သူ တစ်ပါး စုစုပေါင်း ၁၉၁ ပါးရှိပါတယ်။

“အခုနှစ် စာမေးပွဲတွေ ကျင်းပရာမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ ကိုဗစ်-၁၉ ကာကွယ်ရေး သတ်မှတ်ချက်တွေနဲ့အညီ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီစာမေးပွဲတွေ ကျင်းပရာမှာ ဖြေဆိုမယ့် ရဟန်းသာမဏေ၊ သီလရှင်တွေကို အအေးဆက်ကပ်တာ၊ သောက်သုံးရေ ဆက်ကပ်တာနဲ့ ဆွမ်းစရိတ်တွေကို နေ့စဉ်အလှူရှင်တွေက လှူဒါန်းသွားမှာ ဖြစ်ပါတယ်” ဟု ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဇော်က ပြောသည်။

မကွေးတိုင်းဒေသကြီး သာသနာရေးမှူးရုံးအနေဖြင့် ရဟန်းသာမဏေ၊ သီလရှင်များအတွက် နိကာယ် (၅) ရပ် စာမေးပွဲကို နှစ်စဉ် ဇွန်လတွင် ကျင်းပလေ့ရှိပြီး ယခုနှစ်အတွက် နိကာယ် (၅) ရပ် စာမေးပွဲကိုလည်း ဇွန်လတွင် ကျင်းပသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ နှစ်စဉ် ဒီဇင်ဘာလတွင် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲကို စာဖြေဌာန ၁၃ ခုတွင်လည်းကောင်း၊ နှစ်စဉ်မေလတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲကို စာဖြေဌာန ၂၅ ခုတွင်လည်းကောင်း ကျင်းပလျက်ရှိကြောင်း သိရှိရပြီး မကွေးတိုင်းဒေသကြီး သာသနာရေးမှူးရုံးအနေဖြင့် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ပြီးခဲ့သည့် တပေါင်းလပြည့်နေ့က မကွေးမြို့ မြသလွန်စေတီတော် မဟာဝိဇယရံသီတန်ဆောင်း၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၃၈ ပါး၊ သီလရှင် လေးပါး၊ လူပုဂ္ဂိုလ် တစ်ဦးတို့ကို သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များ ဆက်ကပ်ခဲ့ကြောင်း သိရှိရသည်။ **ကေတာ**

---

*စာမျက်နှာ ၆ မှ*

ပြန်လည်သွားရောက်ခေါ်ယူခဲ့တဲ့အတွက် ဘိုဘို၊ ညီညီအောင်နဲ့ ဝဏ္ဏဇော်တို့ သုံးယောက်ကို ကိုအောင်နိုင်က ပြန်လွှတ်ပေးလိုက်ပါတယ်။ သူတို့သုံးယောက်က မူဆယ်တပ်မတော် ထောက်လှမ်းရေးတပ်က တပ်ဆွယ်မှာ သတင်းပို့ခဲ့လို့ အလင်းဝင်အဆင့် သတ်မှတ်ပေးပြီး အိမ်ပြန်ခွင့်ရခဲ့ပါတယ်။ ဒါကတော့ တပ်မတော်ဘက်နေ ကျောင်းသားတွေကို နားလည်မှုပေးပြီး ဆောင်ရွက်ခဲ့တာပဲ မဟုတ်ပါလား။

**အချို့သော ပုဂ္ဂိုလ်အတော်များများဟာ သူတို့ မနှစ်သက်တဲ့လူက ကောင်းတာလုပ်လည်း ကောင်းပါတယ်လို့ ပြောတာ မကြိုက်ကြဘူး။ သူတို့ ဘက်တော်သား၊ သူတို့ နှစ်သက်တဲ့လူက ဘာလုပ်လုပ် ဘယ်သူကမှ အပြစ်တင်တာ မကြိုက်ကြတတ်ပါဘူး။ သူတို့လည်း ဘာမှမပြောကြပါဘူး။ နောက်ဆုံးသူတို့ဘက်တော်သားတွေ လူတွေသတ်နေရင်တောင် မသိချင်ယောင်ဆောင်နေကြတယ်ဆိုတာ ပါဂျောင်ငရဲခန်းက မျက်ဝါးထင်ထင်ပဲ မဟုတ်ပါလား။ ဒါမျိုးတွေကို လက်ရှိဖြတ်သန်းနေကြတဲ့ လူငယ်တွေ သတိချပ်သင့်ပါတယ်။**

တစ်နေ့မှာတော့ သတင်းထူးကြီးတစ်ခုကို ကိုမောင်မောင် ကြားသိခဲ့ရပါတယ်။ အဲဒါက ကျောင်းသားအကျဉ်းထောင်ကြီးထဲက ကလေး ၅၅ ယောက်ဟာ စည်းလုံးညီညွတ်စွာနဲ့ စွန့်စွန့်စားစားထောင်ဖောက်ပြီး ထွက်ပြေးလာခဲ့ကြတာပဲ ဖြစ်ပါတယ်။ ကျောင်းသားတပ်က ထောင်ကိုဖောက် ကေအိုင်အေနယ်မြေထဲကနေ ဖြတ်ပြေးပြီး တရုတ် နိုင်ငံကတစ်ဆင့် ထွက်ပြေးခဲ့ကြတာပါ။ တရုတ်ပြည်မြောက်ဘက်ကနေ တောင်ဘက်အထိ ဆင်းလာပြီး လွယ်ဂျယ်မြို့ကနေ မြန်မာပြည် ဗန်းမော်မြို့မှာရှိတဲ့ တပ်မတော်စခန်းတစ်ခုမှာ အလင်းဝင်ခဲ့ကြတာပါ။



ညီညီ(မန္တလေး)၊ နန်းအောင်ထွေးကြည်(ရန်ကုန်)၊ ကျော်နိုင်ဦး(သာယာဝတီ)၊ သံချောင်း(စစ်ရေးတာဝန်ခံ)

ထောင်ဖောက်ပြေးတာက ၅၅ ယောက်မှာ ခရီးသွားရင်း ကျန်းမာရေးမကောင်းတဲ့ တစ်ယောက်က လမ်းခရီးမှာ သေဆုံးသွားတဲ့အတွက် ၅၄ ယောက် လွတ်မြောက်လာခဲ့ပါတယ်။ သူတို့ပြေးလာတဲ့ အချိန်အထိ ကမ္ဘာပေါ်က ဘယ်အကျဉ်းထောင်မှာမှ ပြင်ပက အကူအညီမပါဘဲ ဒီလောက်လူများများ ထွက်ပြေးလွတ်မြောက်လာတာ မကြားခဲ့ဖူးပါဘူး။ ကလေးတွေ အလင်းဝင်ခဲ့တဲ့ ဗန်းမော်တပ်စခန်းမှာ သတင်းစာရှင်းလင်းပွဲတွေ လုပ်ပြီး ရုပ်သံသတင်းတွေ ထွက်ပေါ်လာခဲ့ပါတယ်။ ကျောင်းသားတပ်မတော်ရဲ့ ထောင်မှူး တပ်ကြပ်ကြီး လှမျိုးအောင်နဲ့ ကင်းရဲဘော် နာဂအောင်နိုင်တို့ နှစ်ယောက်ကိုတော့ အကျဉ်းထောင်အကျဉ်းသားတွေ လွတ်မြောက်သွားမှုနဲ့ သေဒဏ်ပေး ကွပ်မျက်ခံခဲ့ရပါတယ်။ **ကိုမောင်မောင်ကတော့ “အဲဒီတော့ ဘာလုပ်ရမယ်ဆိုတာ စဉ်းစားပေါ့… တောခိုပါမယ်ဆိုတဲ့ လူတိုင်း နေရာတွေ၊ လက်နက်တွေပေးဖို့ မစဉ်းစားနဲ့တော့ပေါ့။ တောခိုနေပါတယ်ဆိုတိုင်း နိုင်ငံခြားကနေပြီး ဒေါ်လာတွေ ရမ်းမထောက်ပံ့ကြနဲ့တော့ပေါ့ဗျာ။ လက်ရှိထက်တော့ ပိုပြီးစိစစ်ဖို့ လိုလာပြီ၊ ပိုပြီးထိန်းချုပ်ဖို့လိုလာပြီလို့ သတိပေးချင်ပါ တယ်…” လို့ သူ့မျက်မြင်ကိုယ်တွေ့တွေနဲ့ နှိုင်းယှဉ်ပြီး နှောင်းလူတွေကို အထူးတလည် သတိပေးထားပါသေးတယ်။**

KIO က နဝတနဲ့ အပစ်အခတ်ရပ်စဲရေးလုပ်ပြီး ငြိမ်းချမ်းရေးယူလိုက်ချိန်မှာတော့ လိုက်ဇာဘက်မှာ နေရာပေးထားတဲ့ ABSDF (NB) တပ်ပျက်သွားတဲ့ အကြောင်း၊ အချို့အဖွဲ့အစည်းပိုင် ငွေတွေရှိတဲ့ ခေါင်းဆောင်တွေကတော့ တောင်ပိုင်းကို ရောက်သွားတာရှိပေမယ့် အများစုကတော့ ကစဉ့်ကလျား ဖြစ်သွားခဲ့ရတဲ့ အကြောင်းကိုလည်း စာအုပ်မှာ ရေးသားထားသလို မြန်မာပြည်ပြန်လာပြီး အလင်းဝင်တဲ့သူ၊ အဖမ်းခံတဲ့သူတွေရှိသလို ကချင်နယ်မြေထဲ၊ တရုတ်နယ်စပ်ထဲမှာ ကြံ့ရာကျပန်း လုပ်ကိုင်စားသောက် ဖြစ်သလို ခိုကပ်နေကြသူတွေလည်းရှိခဲ့ပါတယ်။ ဆိုလိုတာကတော့ ကျောင်းသားတွေရဲ့ တော်လှန်ရေးဆိုတဲ့အရာကြီးက အဲဒီလိုနဲ့ပဲ ပြိုပျက်သွားခဲ့ရတာပါပဲ။

ကချင်နယ်မြေထဲမှာ မိမိတို့ နိုင်ငံက အညွန့်အဖူး ကျောင်းသားလူငယ်လေးတွေ တစ်ရာကျော် နှိပ်စက်ညှဉ်းပန်း သတ်ဖြတ်မှုဟာလည်း အချိန်ကြာလာတာနဲ့အမျှ လူတွေ မေ့မေ့ပျောက်ပျောက်ဖြစ်ခဲ့ရပါပြီ။ တစ်ချိန်က သက်ရှိထင်ရှားရှိခဲ့ကြတဲ့ အကျဉ်းကျခံရဖူးသူ ကျောင်းသားလူငယ်တွေဟာ သူတို့ရဲ့ ပါဂျောင်အတွေ့အကြုံတွေကို ပြန်ပြောပြလိုတဲ့သူ မရှိသလောက်ဖြစ်ခဲ့တဲ့အထိ စိတ်ဒဏ်ရာတွေ အပြည့်နဲ့ပေါ့။ ဒီလိုအဖြစ်အပျက်ကြီးကို နိုင်ငံတကာက ဘယ်လူ့အခွင့်အရေးအဖွဲ့တွေကမှ တရားဥပဒေနဲ့အညီ ဖြေရှင်းမပေးခဲ့ကြသလို အထင်အရှားနဲ့ ပြစ်မှုကျူးလွန်ခဲ့ကြသူတွေကိုလည်း အရေးယူတာမျိုးမရှိခဲ့ဘဲ နိုင်ငံတကာကိုတောင် ခြေဆန့်ပြီး မြန်မာ့အရေးတက်ကြွလှုပ်ရှားသူတွေအဖြစ် နေရာယူနေကြတာကိုလည်း စိတ်မကောင်းဖွယ်မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။

**မိမိတို့ဟာ အတိတ်သမိုင်းဖြစ်ရပ်တွေကနေ သင်ခန်းစာယူရမှာ ဖြစ်ပါတယ်။ မိမိတို့ ပတ်ဝန်းကျင်က ကလေးတွေဟာ အတိတ်ဖြစ်ရပ်တွေကို လက်လှမ်းမမီကြသူတွေ၊ နိုင်ငံရေးအသိအမြင် နည်းပါးကြသူတွေ၊ စိတ်ခံစားမှုနဲ့ မြှောက်ပင့်သွေးထိုးမှုတွေအကြား အမှားနဲ့အမှန်ကို ခွဲခြားမမြင်ကြဘဲ အတိတ်ကအမှားနဲ့ ပုံစံတူအမှားမျိုးတွေကို ထပ်မံကျူးလွန်ကြမှာမျိုးကို ဘယ်ပြည်သူကမှ လက်သင့်မခံသင့်ပါဘူး။ နိုင်ငံတကာမှာ ကျော်ကြားတဲ့ လူအစုလိုက် အပြုံလိုက် သတ်ဖြတ်မှုတွေက မြန်မာနိုင်ငံမြောက်ပိုင်း နယ်စွန်ပါဂျောင်မှာ ဖြစ်ခဲ့ဖူးတယ်ဆိုတာကို လက်ရှိတော်လှန်ရေးအတွက် တက်ကြွတဲ့ လူငယ်တွေ လေ့လာကြည့်သင့်ပါတယ်။**

နောက်မျိုးဆက်တွေအနေနဲ့ ဆင်ခြင်အတုယူပြီး မိမိတို့တိုင်းပြည်မှာ ဘယ်လိုတွေ ဖြစ်ပျက်ခဲ့တယ်၊ သမိုင်းမှတ်တမ်းဆိုးအဖြစ် ကျန်ရစ်ခဲ့တယ်ဆိုတာကို အမှန်အတိုင်း သိထားရင် အလားတူအဖြစ်ဆိုးတွေကို လူငယ်တွေ ထပ်မကြုံနိုင်အောင် ဆင်ခြင်နိုင်ကြမယ်လို့ ယုံကြည်သောအားဖြင့် မောင်မောင် (ရွှေကရဝိက်) ရေးသားတဲ့ **ကျွန်တော်သိသော ခေတ်သစ်ဟသ်ာကိုးသောင်းပုံပြင်** စာအုပ်ထဲက မှတ်တမ်းမှတ်ရာအချို့ကို ကောက်နုတ်ရေးသားတင်ပြလိုက်ပါတယ်။ စာရေးသူ ကိုမောင်မောင် (ရွှေကရဝိက်) ကို ကျေးဇူးတင်ရှိပါကြောင်း ဒီနေရာကနေ မှတ်တမ်းတင် ဖော်ပြလိုက်ပါတယ်။ ။

**❂ မိမိတို့ဟာ အတိတ်သမိုင်းဖြစ်ရပ်တွေကနေ သင်ခန်းစာယူရမှာ ဖြစ်ပါတယ်။ မိမိတို့ပတ်ဝန်းကျင်က ကလေးတွေဟာ အတိတ်ဖြစ်ရပ်တွေကို လက်လှမ်းမမီကြသူတွေ၊ နိုင်ငံရေးအသိအမြင် နည်းပါးကြသူတွေ၊ စိတ်ခံစားမှုနဲ့ မြှောက်ပင့်သွေးထိုးမှုတွေအကြား အမှားနဲ့အမှန်ကို ခွဲခြားမမြင်ကြဘဲ အတိတ်ကအမှားနဲ့ ပုံစံတူအမှားမျိုးတွေကို ထပ်မံကျူးလွန်ကြမှာမျိုးကို ဘယ်ပြည်သူကမှ လက်သင့်မခံသင့်ပါဘူး။ နိုင်ငံတကာမှာ ကျော်ကြားတဲ့ လူအစုလိုက် အပြုံလိုက် သတ်ဖြတ်မှုတွေက မြန်မာနိုင်ငံမြောက်ပိုင်း နယ်စွန်ပါဂျောင်မှာ ဖြစ်ခဲ့ဖူးတယ်ဆိုတာကို လက်ရှိတော်လှန်ရေးအတွက် တက်ကြွတဲ့ လူငယ်တွေ လေ့လာကြည့်သင့်ပါတယ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ထံ မြဝတီက တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းထားမှုကို ပြန်လည်ဖြေကြားခြင်း

**မေး(၁) ။ ။ ကယားပြည်နယ်မှာ မေလ ၂၇ ရက်နေ့က ကယားပြည်သူ့ကာကွယ်ရေးတပ်နဲ့ တပ်မတော်တို့တိုက်ပွဲဖြစ်ရာမှာ တပ်မတော်မှ စစ်သည် ၁၂ ဦး ကျဆုံးခဲ့တယ်လို့ ခေတ်သစ် မီဒီယာက ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး မှန်မမှန်သိလိုပါတယ်ခင်ဗျာ။**

ဖြေ ။ ။ ကယားပြည်နယ်မှာ မေလ ၂၇ရက်နေ့က တပ်မတော်နဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေကြားထဲ တိုက်ပွဲဖြစ်ပွားမှုတွေ မရှိပါဘူး။ ငွေတောင်နဲ့ ဒီမော့ဆိုမှာရှိတဲ့ နယ်မြေခံတပ်တွေကိုပဲ ည ၉ နာရီခွဲလောက်မှာ အဝေးကနေပြီး အကြမ်းဖက်အဖွဲ့တွေက နှောင့်ယှက်ပစ်ခတ်ခဲ့တာပဲ ရှိပါတယ်။ ဒီဖြစ်စဉ်မှာလည်း တပ်ဘက်က ထိခိုက်ကျဆုံးမှု မရှိပါဘူး။ သတင်းအမှားပါ။

**မေး(၂) ။ ။ စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် ကင်မွန်းတော်ရွာမှာ မေလ ၂၇ ရက်နေ့က တပ်မတော်မှ စစ်သည် ၄၀ ခန့် ရောက်ရှိလာပြီး နေအိမ်သုံးပစ္စည်းများကို ဖျက်ဆီးသွားကြောင်း၊ ရွှေတစ်ကျပ်သား၊ ငွေသိန်း ၃၀ လောက် ပါသွားကြောင်း RFA Burmese က သတင်းဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး မှန်မမှန် သိလိုပါတယ်ခင်ဗျာ။**

ဖြေ ။ ။ စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် ကင်မွန်းတော်ရွာမှာ မေလ ၂၇ ရက်နေ့က တပ်ဘက်က နေအိမ်သုံးအိမ်က ပစ္စည်းတွေ ယူသွားတယ်ဆိုတာ မဟုတ်ပါဘူး။ အဲဒီ ဒေသဘက်တွေမှာ အကြမ်းဖက် ဆူပူသူတွေက မင်းမဲ့စရိုက်တွေ လုပ်နေလို့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက သွားရောက်ရှင်းလင်းနေရတာတွေတော့ ရှိပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ အိမ်တွေကို အကြောင်းမဲ့ ဖျက်ဆီးပြီး ရွှေငွေတွေ လုယူတာတော့ လုံးဝ လုံးဝ မလုပ်ပါဘူး။ တပ်မတော်ကို အထင်အမြင်လွဲစေဖို့ ဖန်တီးလုပ်ကြံထားတဲ့ သတင်းသာ ဖြစ်ပါတယ်။ သတင်းမှာကိုက အမည်မဖော်လိုသူ ရွာသားတစ်ဦးရဲ့ ပြောဆိုချက်ကို ကိုးကားပြီး ရေးထားတာပါ။ လုပ်ကြံလီဆယ်ပြီး ဖန်တီးထားတဲ့ သတင်း ဖြစ်ပါတယ်။ တကယ်တမ်းကတော့ မီဒီယာတွေအနေနဲ့ မိမိသတင်းရဲ့ သတင်းရင်းမြစ်တွေကို သေချာစိစစ်ပြီးမှ သတင်းထုတ်ပြန်သင့်ပါတယ်။





**မေး(၃) ။ ။ လွိုင်ကော်နှင့်ဒီမော့ဆိုမြို့များမှာ တပ်မတော်မှ တိုက်ပွဲများ မရှိဘဲ ဆက်တိုက်ပစ်ခတ်မှုများ ရှိနေကြောင်း Mizzima News in Burmese က ဖော်ပြထားတာ တွေ့ရှိရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး မှန်မမှန် သိရှိလိုပါတယ်ခင်ဗျာ။**

ဖြေ ။ ။ လွိုင်ကော်နဲ့ ဒီမော့ဆိုက နယ်မြေခံ တပ်တွေ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို အကြမ်းဖက်ဆူပူသူတွေက လာရောက်ပစ်ခတ်တဲ့ အချိန်မှာ တပ်ကနေ ပြန်လည်ပြီး ခြောက်လှန့်ပစ်ခတ်ခဲ့တာပဲ ရှိပါတယ်။ အကြောင်းမဲ့ ပစ်ခတ်တာတွေ မရှိပါဘူး။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်း (RO) အတိုင်း လိုက်နာဆောင်ရွက်လျက် ရှိပါတယ်။













## ဗထူးတပ်မြို့ ဗထူးစမ်း ဇော်ဂျီချောင်းအတွင်းသို့ ငါးမျိုးများ စိုက်ထည့်

**နေပြည်တော် မေ ၂၉**

ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ရပ်စောက်မြို့နယ် ဗထူးတပ်မြို့ ဗထူးစမ်းတွင် ငါးမျိုး စိုက်ထည့်ပွဲအခမ်းအနားကို ယနေ့နံနက်၁၀ နာရီက ဇော်ဂျီချောင်းအနီး၌ ပြုလုပ်သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၃) ဦးစိုင်းလိတ်၊ ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ် လှမိုး၊ ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနပြည်နယ်ဦးစီးမှူး ဦးလွှမ်းမိုးဇော်၊ ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များ၊ ဗထူးတပ်နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်၍ ညောင်ရွှေငါးလုပ်ငန်းစခန်းမှ သားဖောက်ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးခုံးမကြီး သားပေါက်ကောင်ရေ ၅၀၀၀၀၊ ရွှေဝါငါးကြင်း သားပေါက်ကောင်ရေ ၂၀၀၀၀၊ မြက်စားငါးကြင်း သားပေါက်ကောင်ရေ ၃၀၀၀၀ စုစုပေါင်း သားပေါက်ကောင်ရေ ၁၀၀၀၀၀ အား ဗထူးစမ်းမှ ဇော်ဂျီချောင်းအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းနှစ်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် မေ ၂၉**

တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအနက် ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေးအဖွဲ့များစုစည်း၍ ဒေသခံပြည်သူလူထုများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများ ခွဲစိတ်ကုသပေးခြင်း၊ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေး ဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၂၅၈၃၃ ဦးနှင့် အတွင်းလူနာပေါင်း ၆၇၈၉၆ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၁၀၅၄၇ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၅၃၉၅ ဦး၊ စုစုပေါင်း ၁၅၉၄၂ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။

ထို့ပြင် ကလေးမီးဖွားလူနာ ၅၄၀၁ ဦးကို ခွဲစိတ်၍ လည်းကောင်း၊ ၇၈၇၀ ကို သာမန်ဖြင့် လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၃၂၇၁ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေ့အပူချိန်များ

**နေပြည်တော် မေ ၂၉**

နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

**မိုး/ဇလ**

# COVID– 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၄၀ ဦး တွေ့ရှိ

## (၂၉–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၈–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၀၃၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၄၀) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၁၈,၇၃၀) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၅၂၆) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၂၉၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၉–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁၃၈) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၆၁) ခု | – |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၄) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၈) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၃) ခု | (၁၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၇၀) ခု | (၁၆) ဦး |
| စုစုပေါင်း | (၁,၀၃၄) ခု | (၄၀) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက်–

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ၊
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ကိုဗစ်–၁၉ ရောဂါ၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို စနစ်တကျတပ်ဆင်၍ ကာကွယ်ပါ

✓ ကိုဗစ်–၁၉ ရောဂါကို–

(၁) မိမိကိုယ်တိုင် ကူးစက်မခံရစေရန်၊

(၂) မိသားစုကို မကူးစက်စေရန်၊

(၃) မိမိပတ်ဝန်းကျင်ရှိအခြားသူများထံ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရန် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်၍ ကာကွယ်ရပါမည်။

✓ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျ တပ်ဆင်ခြင်းသည် အလွန် ထိရောက်သော ကိုဗစ်–၁၉ရောဂါ ကာကွယ်ရေးနည်းလမ်းဖြစ်၍ ရောဂါဖြစ် ပွားမှုကွင်းဆက်ကို ထိရောက်စွာဖြတ်တောက်နိုင်ပါသည်။



မေလ၊ ၂၀၂၁

## ၂၉-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၀၂၂၇၆၄ | ၂၇၇၆၇၀၄၀ | ၆၀၈၉၆၁ |
| ၂။ | အိန္ဒိယ | ၂၇၇၂၉၂၄၇ | ၂၅၁၇၈၀၁၁ | ၃၂၂၅၁၂ |
| ၃။ | ဘရာဇီး | ၁၆၃၉၂၆၅၇ | ၁၄၈၁၁၂၆၆ | ၄၅၉၁၇၁ |
| ၄။ | ပြင်သစ် | ၅၆၄၆၈၉၇ | ၅၃၀၃၆၀၇ | ၁၀၉၂၉၀ |
| ၅။ | တူရကီ | ၅၂၂၈၃၂၂ | ၅၀၈၃၀၉၉ | ၄၇၁၃၄ |
| ၆။ | ရုရှား | ၅၀၅၃၇၄၈ | ၄၆၇၀၄၈၄ | ၁၂၀၈၀၇ |
| ၇။ | ဗြိတိန် | ၄၄၇၇၇၀၅ | ၄၂၈၄၆၁၃ | ၁၂၇၇၆၈ |
| ၈။ | အီတလီ | ၄၂၀၉၇၀၇ | ၃၈၃၇၅၁၈ | ၁၂၅၉၁၉ |
| ၉။ | အာဂျင်တီးနား | ၃၇၀၂၄၂၂ | ၃၂၅၂၈၄၃ | ၇၆၆၉၃ |
| ၁၀။ | ဂျာမနီ | ၃၆၈၀၁၅၉ | ၃၄၇၁၈၀၀ | ၈၈၈၈၄ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

### ၂၉ – ၅ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၈၀၉၉၂၆ | ၁၆၅၉၉၇၄ | ၅၀၂၆၂ |
| ဖိလစ်ပိုင် | ၁၂၁၆၅၈၂ | ၁၁၄၂၂၄၆ | ၂၀၇၂၂ |
| မလေးရှား | ၅၅၈၅၃၄ | ၄၇၉၆၆၆ | ၂၆၅၀ |
| ထိုင်း | ၁၄၉၇၇၉ | ၁၀၂၃၁၁ | ၉၈၈ |
| မြန်မာ | ၁၄၃၅၂၆ | ၁၃၂၂၉၇ | ၃၂၁၆ |
| စင်ကာပူ | ၆၂၀၀၃ | ၆၁၄၀၇ | ၃၂ |
| ကမ္ဘောဒီးယား | ၂၈၈၂၅ | ၂၁၃၁၅ | ၂၀၃ |
| ဗီယက်နမ် | ၆၇၁၃ | ၂၈၉၆ | ၄၇ |
| လာအို | ၁၉၀၈ | ၁၄၀၂ | ၃ |
| ဘရူနိုင်း | ၂၄၁ | ၂၂၈ | ၃ |

# ဂုဏ်ယူလေးစားတန်ဖိုးထားသည့် အနုပညာရှင်

ကိုရေချမ်း

**❑ သို့သော် ယနေ့ကာလတွင် အနုပညာရှင်အချို့၏ လုပ်ဆောင်မှုများကြောင့် များစွာစိတ်မကောင်း၊ ဝမ်းနည်းဖြစ်ရသည်။ အနုပညာရှင်များအားလုံးကို ကျွန်တော်တို့ ချစ်ခင်မြတ်နိုးကြသည်။ အနုပညာရှင်အချို့မှာ မိမိတို့၏ အနုပညာဂုဏ်အင်္ဂါရပ်များကို အလေးမထားဘဲ ပါတီတစ်ခု၊ လူပုဂ္ဂိုလ်တစ်ယောက်ဘက်သို့ လိုက်ပါသွားကြသည်။ အထူးသဖြင့် အနုပညာနယ်ပယ်တွင် ပါဝင်သည့် ရုပ်ရှင်အနုပညာရှင်အချို့ကို ဖော်ညွှန်းရမည် ဖြစ်သည်။ ရုပ်ရှင်သည် ပြည်သူအတွက်၊ ရုပ်ရှင်သည် တိုင်းပြည်အတွက် ခံယူချက်မှ သွေဖည်သွားခဲ့သည်။ မကြာသေးမီက ရုပ်ရှင်အနုပညာရှင်အချို့ လှုံ့ဆော်ခဲ့ကြသည့် "ရုံး မတက်နဲ့ ရုံးထွက်" CDM လှုပ်ရှားမှုများသည် အနုပညာအတွက်၊ ပြည်သူအတွက်၊ တိုင်းပြည်အတွက် လားလားမျှ မအပ်စပ်ပေ။ နိုင်ငံရေးရေစီးကြောင်းထဲ၌ စီးမျောသွားခြင်းသည် မိမိ၏ ပရော်ဖက်ရှင်နယ် အနုပညာသည်ဘဝကို ပစ်ပယ်လိုက်ခြင်းဖြစ်**

ကျွန်တော် လေးစားဂုဏ်ယူ တန်ဖိုးထားပါသော ဆရာသမားတစ်ဦး ရှိသည်။ ဆရာသည် ကျွန်တော့်အဖို့ သင်ဆရာမဟုတ်သော်လည်း မြင်ဆရာဖြစ်သည်။ ဆရာသည် မြန်မာမှု အနုပညာရှင်တစ်ဦးဖြစ်သည်။ ယနေ့ အချိန်အခါအရ ဆရာ့အား ရိုသေလေးစားသောအားဖြင့် ဆရာ့အမည်နာမ၊ ဆရာ့အတ္ထုပ္ပတ္တိကို အကျယ်ဖွဲ့ မပြလိုတော့ပါ။ အကျယ်ဖွဲ့ပြလျှင် မွန်မြတ်သန့်စင်သော ဆရာ့အနုပညာအား အရောင်ဆိုးခံရမည်ကို စိုးရိမ်မိ၍ဖြစ်သည်။ သို့သော် လေးစားမြတ်နိုးရပါသော ဆရာ့ဘဝအကြောင်းကို အကျဉ်းမျှ ဖော်ပြလိုပေသည်။

### မြန်မာမှုလက်ရာများ

ဆရာသည် ငယ်ရွယ်စဉ်ကလေးဘဝမှ ကွယ်လွန်ချိန်အထိ ပန်းချီ၊ ဗိသုကာ အနုပညာလက်ရာများဖြင့် တစ်ရံမလပ် ထုဆစ်ပုံဖော်ပျော်မွေ့နေသူဖြစ်သည်။ စာပေအနုပညာ လောကနယ်ပယ်၌ကျင်လည်ခဲ့စဉ်က ဆရာ့ပန်းချီ၊ ဒီဇိုင်း အနုပညာလက်ရာများမှာ ညွှန်းဆို၍ပင် ကုန်နိုင်မည်မထင်။ မြန်မာမှု ဗိသုကာနယ်ပယ်တွင် ဆရာ့လက်ရာများမှာ သမိုင်းဝင် မော်ကွန်းတင်ထားသည်။ ဆရာ၏ ပထမဆုံးလက်ရာမှာ မင်းကွန်း မိုးမိတ်ကုန်းမြေမှ ပိဋကတ်စေတီတော်နှင့် တန်ဆောင်းများပင် ဖြစ်သည်။ ရန်ကုန်မြို့ ကမ္ဘာအေး သိမ်တော်ကြီးမှ မြန်မာမှုများသည် ဆရာ့လက်ရာများပင် ဖြစ်သည်။ ကမ္ဘာအေးစေတီတော် ဘက်စုံမွမ်းမံရာ၌ ဆရာ့မြန်မာမှု လက်ရာများ အများဆုံးပါဝင်သည်။

ရန်ကုန်မြို့ သိမ်ကြီးဈေးနာရီစင်ကြီးသည် ဆရာ့ဒီဇိုင်းလက်ရာဖြစ်သည်။ စွယ်တော်မြတ်စေတီ တစ်ဆူလုံးကို ဆရာပုံစံ ထုတ်ပေးခဲ့သည်။ ရွှေတိဂုံစေတီတော် မုခ်ဦး၊ ရင်ပြင်တော်၊ စောင်းတန်း မွမ်းမံပြင်ဆင်ရေး ကြီးကြပ်ပေးခဲ့သည်။ ကုန်းမြင့်သာယာက ဖေယျာသီရိ တပ်မတော်ဗိမာန်၊ တပ်မတော်ဓမ္မာရုံ၊ ဆက်သွယ်ရေးဝန်ကြီးဌာန ဓမ္မာရုံ၊ သစ်လုပ်ငန်းဓမ္မာရုံတို့၏ မြန်မာမှုများသည် ဆရာ့လက်ရာများပင်ဖြစ်သည်။ ပုသိမ်ကန်ကြီးထောင့်စေတီ၊ မြင်းခြံ မဟာဗောဓိစေတီ၊ စစ်ကိုင်းတောင်ရိုး သယမ္ဘူစေတီ၊ တံတားဦး လောကထွဋ်မှတင် စေတီတော်ကြီးတို့အတွက် မြန်မာမှုများ ဖန်တီးပေးခဲ့သည်။

### ကိုယ်ပိုင်စိတ်ကူးစိတ်သန်း

မင်းကွန်းတိပိဋက ဆရာတော်ဘုရားကြီး အမှတ်တရပြတိုက်ကြီး၊ မန္တလေး မဟာမုနိဘုရား ရွှေစင် ရွှေသားထီးတော်ကြီး၊ လားရှိုးတြိလောက ဝိဇယစေတီတော်ကြီး၊ ထိုင်း-မြန်မာ သိမ်တော်ကြီး၏ ပလ္လင်စသည်တို့သည် ဆရာဒီဇိုင်းပုံစံထုတ်ပေးခဲ့ရသော လက်ရာများဖြစ်သည်။ ဤသို့ အစိုးရအဆက်ဆက်တို့၏ ဆိုင်ရာအဖွဲ့အစည်းများက အပ်နှံကြသော မြန်မာမှုများကို လုပ်ကိုင်ပေးခဲ့သည့်အတွက် တင့်တောင့်တင့်တယ်နေနိုင်သည့် အခကြေးငွေ အမြောက်အမြားရရှိခဲ့သည်။ ဆရာသည် တတ်သည့်ပညာဖြင့် အများအကျိုးပြုခဲ့သော်လည်း ကိုယ်ပိုင်စိတ်ကူးစိတ်သန်းဖြင့် ဒီဇိုင်းထုတ်ခြင်းကိုသာ ပိုမိုလိုလားသည်။

ဤမြန်မာမှုအလုပ်များ မပြုလုပ်မီက ဆရာသည် နိုင်ငံတော်၏ အရေးပါသော ဌာနကြီးတစ်ခုမှ အရာရှိတစ်ဦးဖြစ်သည်။ အစိုးရအရာရှိဘဝတွင် ပံ့ပိုးပေးထားသော အထောက်အပံ့များနှင့် သက်သောင့်သက်သာနေထိုင်ရသည်။ ဒီဇိုင်းသုတေသီအရာရှိ ဘဝဖြင့် မိသားစုအတွက် လောက်လောက်ငငတော့ မရှိလှပေ။ သို့သော် ဆရာသည် နိုင်ငံတော်မှ ပေးအပ်သော တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ခဲ့သည်။ "မင်းခယောကျ်ား ကမ်းနားသစ်ပင်"ဟူသော ဆိုစကားရှိသည်။ ကံကြမ္မာ၏ အလှည့်အပြောင်းကို ဆရာအလူး အလဲခံလိုက်ရသည်။ နိုင်ငံရေးနှင့် ဆက်နွယ်သော ဆရာ့ဇနီးကို အကြောင်းပြု၍ အလုပ်မရှိ၊ နေစရာမရှိ၊ ငွေမရှိ၊ ခေတ္တစစ်ဆေး ထိန်းသိမ်းခံရသည်။ ဆိုရှယ်လစ် အစိုးရသည် ဆရာ့အနုပညာလက်ရာများအပေါ် နားလည်မပေးနိုင်ခဲ့ပေ။ စီရင်ချက်ချရာတွင် အပြစ်မရှိသော်လည်း အစိုးရအရာရှိ အလုပ်ပြုတ်ခဲ့သည်။

### သန့်ရှင်းသည့်အနုပညာ

အလုပ်လက်မဲ့ဘဝဖြင့် နှစ်အနည်းငယ် ရုန်းကန်ခဲ့ရသည်။ ဝန်ထမ်းအရာရှိဘဝတွင် အရှေ့နိုင်ငံ၊ အနောက်နိုင်ငံများသို့ အလုပ်တာဝန်ဖြင့် ရောက်ခဲ့သည်။ ဝန်ထမ်းဘဝ၏ အကျိုးရလဒ်များဖြစ်သည်။ အရာရှိဘဝမှ ပြုတ်သွားရာတွင် မည်သည့်ခံစားခွင့်မှ မရခဲ့ပေ။ အရာရှိဘဝမှ ပြုတ်ထွက်လွင့်စဉ်ရသည်မှာ ကံကြမ္မာ၏ လှည့်စားချက်ဟု ခံစားမိသည်။ လောကဓံကို ရင်ကော့ ရင်ဆိုင်သည်။ မည်သူ့ကိုမျှလည်း အပြစ်မတင်၊ ဝန်ထမ်းဘဝက သူ့ကို ကျေးဇူးပြုခဲ့မှုများကိုသာ ပြန်တွေးမိသည်။ ဘဝပေးဒဏ်ရာများအတွက် အစိုးရအပေါ် အပြစ်ပုံမချပေ။ အစိုးရအဆက်ဆက် ဆရာမြတ်နိုးသည့် အနုပညာအလုပ်ဖြင့် ဆက်လက်အကျိုးပြုခဲ့သည်။ ဘဝပေး၊ နိုင်ငံရေးနှင့် အနုပညာတို့ကို ရောထွေးခြင်း မပြုပေ။ ဖြူစင်သန့်ရှင်းသည့် ဆရာ့အနုပညာကို လေးစားမိသည်။

အနုပညာရှင်ဆိုသည်ကား ဝါသနာပါရာ အရင်းခံဖြင့် စိတ်ကူးဉာဏ်နှင့် ပါရမီအခံရှိလျှင် ရှိသလောက် ထွန်းပေါက်ကြသည်။ အနုပညာရှင်သည် စေတနာ၏ လှုံ့ဆော်ချက်အရ စိတ်ကူးဉာဏ်ကို အရင်းတည်၍ အကောင်းဆုံးဖန်တီးကြသူများဖြစ်သည်။ အနုပညာရှင်သည် ပုဂ္ဂလအဓိဋ္ဌာန်ကို ဓမ္မာဓိဋ္ဌာန်ဖြစ်အောင် အားထုတ်သည်။ စိတ်လှုပ်ရှားမှု အတွေ့အကြုံ သို့မဟုတ် ဘဝစိတ်ကို ပုံဖော်ရန်အလို့ငှာ သတိတရားများအနက် ပယ်တန်သည်ကိုပယ်၍ ယူတန်သည်ကို ယူရသည်။ ယူသော အသိတရားတို့ကို အဆင်ပြေပြေဖြစ်အောင် အမြီးအမောက်တည့်အောင် ပြုပြင်တန်သည်ကို ပြုပြင်ရသည်။ အံဝင်ခွင်ကျဖြစ်အောင် နေရာချသည်။ ထို့အပြင် မိမိစိတ်ကူးဉာဏ်၊ မိမိအနုပညာကို တစ်ဖက်သတ်မဖြစ်အောင် ထိန်းပေးသည်။ ပွဲကိုင်ပေးသည်။ မဲတင်းပေးသည်။

### အနုပညာစည်းမျဉ်း

ထို့ကြောင့် အနုပညာရှင်သည် အနုပညာအလုပ်ကို လုပ်ရာ၌ အထိန်းအမ မရှိဘဲ တောရောက်တောင်ရောက် လွင့်ပါးတတ်သည့် ဉာဏ်မျိုးကို အရင်းမတည်ပေ။ ဘဝအတွေ့အကြုံ၊ ဘဝခံစားမှု၊ ဘဝအသိအမြင်၊ ဘဝအသိတရားတည်းဟူသော အထိန်းအမဖြင့် လှုပ်ရှားတတ်သော အနုပညာစိတ်ကူးဉာဏ်ကို အရင်းတည်သည်။ အနုပညာအလုပ်ကို လုပ်ကိုင်ရာ၌ အနေအထားမှန်ကန်မှု၊ စည်းလုံးညီညွတ်မှု၊ ပြေပြစ်မှု၊ ဟန်ချက်ညီမှုတို့သည် အနုပညာအင်္ဂါရပ် သို့မဟုတ် အနုပညာစည်းမျဉ်းများ ဖြစ်သည်။ ဆရာသည် အဆိုပါ အနုပညာအင်္ဂါရပ် သို့မဟုတ် အနုပညာစည်းမျဉ်းများကို ထိန်းသိမ်းစောင့်ရှောက် လိုက်နာခဲ့သည်။

အနုပညာအလုပ်မှာ လွယ်ကူလှသည် မဟုတ်ပေ။ ပါရမီအခံလည်း ရှိပါမှ၊ ပရိသတ်နှင့်လည်း အံဝင်ခွင်ကျဖြစ်ပါမှ၊ ပရိသတ်ကလည်း လက်ခံပါမှ၊ ခေတ်နှင့်လည်း လျော်ညီပါမှ၊ အနုပညာ စိတ်ကူးစိတ်သန်းလည်းကောင်းပါမှ၊ စေတနာလည်း မှန်ကန်ပါမှ၊ ရိုးသားဖြောင့်မတ်မှုလည်းရှိပါမှ၊ အနုပညာအလုပ်ကိုလည်း တစ်သက်လုံး ရိုးမြေကျလုပ်ပါမှ၊ နိုင်ငံနှင့် ပြည်သူကိုလည်း အလုပ်အကျွေးပြုပါမှ စသည့်အချက်များ ပြည့်စုံမှသာ ပြည်သူချစ်သော အနုပညာရှင်၊ အနုပညာသမားစစ်စစ် ဖြစ်ပေလိမ့်မည်။ လူပင်သေသော်လည်း နာမည်မသေသည့် အနုပညာရှင်၊ အနုပညာရှင်ကောင်း ဖြစ်ပေလိမ့်မည်။ အနုပညာရှင်ဟုဆိုရာတွင် ရုပ်ရှင်၊ ဇာတ်သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပု၊ ဗိသုကာ စသည့် အနုသုခုမ ပညာအမျိုးမျိုးတို့အပြင် ကဗျာ၊ စာပေ၊ ကာတွန်း၊ သရုပ်ဖော် စသည့် အနုပညာရပ်အားလုံး ပါဝင်သည်။

### တန်းတူညီမျှဖြစ်သည်

အနုပညာသည် ပရော်ဖက်ရှင်နယ်ဖြစ်သည်။ ပရော်ဖက်ရှင်နယ်ဖြစ်သည့် မည်သည့်လောကသားမဆို မိမိတတ်မြောက်ကျွမ်းကျင်သည့်ပညာနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် နယ်ပယ်သို့ရောက်ရှိသောအခါ သူ့၏ အနုပညာသည် ဆုံးရှုံးသွားတတ်သည်။ မဆုံးရှုံးလျှင်လည်း အနုပညာရှင်စစ်စစ်ကဲ့သို့ ထွန်းတောက်တော့မည် မဟုတ်ပေ။ အများပြည်သူနှင့် သက်ဆိုင်သည့် ပရော်ဖက်ရှင်နယ်အလုပ်သည် လူအများအား ပေါင်းစည်းစေဖို့ ဖြစ်သည်။ ကွဲပြားအောင်လုပ်ဖို့ မဟုတ်၍ ဟိုဘက်၊ သည်ဘက် ဘက်လိုက်ရန် မသင့်ပေ။ အနုပညာသည် မတူကွဲပြားသော လူအများအတွက် တန်းတူညီမျှဖြစ်စေသည့် အမှုအကျင့်နှင့် ကိုက်ညီရန်လိုအပ်သည်။

**သို့သော် ယနေ့ကာလတွင် အနုပညာရှင်အချို့၏ လုပ်ဆောင်မှုများကြောင့် များစွာစိတ်မကောင်း၊ ဝမ်းနည်းဖြစ်ရသည်။ အနုပညာရှင်များအားလုံးကို ကျွန်တော်တို့ ချစ်ခင် မြတ်နိုးကြသည်။ အနုပညာရှင်အချို့မှာ မိမိတို့၏ အနုပညာဂုဏ်အင်္ဂါရပ်များကို အလေးမထားဘဲ ပါတီတစ်ခု၊ လူပုဂ္ဂိုလ်တစ်ယောက်ဘက်သို့ လိုက်ပါသွားကြသည်။ အထူးသဖြင့် အနုပညာနယ်ပယ်တွင် ပါဝင်သည့် ရုပ်ရှင်အနုပညာရှင်အချို့ကို ဖော်ညွှန်းရမည် ဖြစ်သည်။ ရုပ်ရှင်သည် ပြည်သူအတွက်၊ ရုပ်ရှင်သည် တိုင်းပြည်အတွက် ခံယူချက်မှ သွေဖည်သွားခဲ့သည်။ မကြာသေးမီက ရုပ်ရှင်အနုပညာရှင်အချို့ လှုံ့ဆော်ခဲ့ကြသည့် "ရုံးမတက်နဲ့ ရုံးထွက်" CDM လှုပ်ရှားမှုများသည် အနုပညာအတွက်၊ ပြည်သူအတွက်၊ တိုင်းပြည်အတွက် လားလားမျှ မအပ်စပ်ပေ။ နိုင်ငံရေး ရေစီးကြောင်းထဲ၌ စီးမျောသွားခြင်းသည် မိမိ၏ ပရော်ဖက်ရှင်နယ် အနုပညာသည်ဘဝကို ပစ်ပယ်လိုက်ခြင်းဖြစ်သည်။**

မြန်မာ့နိုင်ငံရေး ရေစီးကြောင်းတွင် မည်သို့မည်ပုံ ဖြတ်သန်းခဲ့ရသည်ဖြစ်စေ ကျွန်တော့်ဆရာ ပန်းချီ၊ ဒီဇိုင်း၊ ဗိသုကာဆရာကြီး၏ အနုပညာခံယူချက်ကို လေးစားမိသည်။ မြန်မာ့နိုင်ငံရေးသည် မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့သည်ဖြစ်စေ အနုပညာရှင်သည် အနုပညာရှင်ဘဝတွင် ကျင်လည်ကြရမည်သာ ဖြစ်သည်။ ပြည်သူကို ထာဝစဉ် အလုပ်အကျွေးပြုခဲ့သည့် အနုပညာရှင်များကို အလေးအနက်ပြုမိသည်။ နိုင်ငံရေး အရောင်အသွေးကင်းစင်သည့် ပရော်ဖက်ရှင်နယ်စစ်စစ်၊ အနုပညာရှင်စစ်စစ်တို့ကို ထာဝရစဉ်လေးစား ဂုဏ်ယူတန်ဖိုး ထားမိပါသည်။ ။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

❒ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ချက်

### အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ကွတ်ခိုင်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးလျက်ရှိ

**ကွတ်ခိုင် မေ ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်အတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွတ်ခိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူး ဦးစိုင်းထွန်းလှနှင့် ဝန်ထမ်းများက မေ ၂၈ ရက် နံနက် ၉ နာရီက ပန်းခင်းစီမံချက်ဖြင့် ကောင်းခါးကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူ ၇၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပန်းခင်းစီမံချက်ဆောင်ရွက်ရာတွင် ကွတ်ခိုင်မြို့နယ်အနေဖြင့် မြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေ/ နည်းဥပဒေ၊ ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေတို့ဖြင့် တိုင်းတာစိစစ်ပြီး အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးခြင်းနှင့် နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြုခွင့်ရသူ ဟုတ်/မဟုတ် ဥပဒေနှင့်အညီ တိုင်းတာကာ ကိုင်ဆောင်သင့်သည့်ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကိုင်ဆောင်လက်မှတ် လက်ဝယ်မရှိသေးသူများ ရှိနေသေးကြောင်း တွေ့ရှိရသည်။

အဆိုပါ ကိုင်ဆောင်လက်မှတ်ထုတ်ပေးရန် ကျန်ရှိသူများအား ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုင်းထွန်းလှထံမှ သိရသည်။

ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုလည်း လွယ်ခန်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများအား ဆက်လက်ပြုလုပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဌေးဌေး**

● *ကျောဖုံးမှ*

နေပါတယ်" ဟု အလုပ်သမားဆေးရုံကြီး (ရန်ကုန်)မှ ခေတ္တ ဆေးရုံအုပ်ကြီး ဒေါ်ယုယုတင်က ပြောသည်။

အလုပ်သမား ဆေးရုံကြီး (ရန်ကုန်) တွင် အတွင်းလူနာအဖြစ် ဆေးရုံတက်ရောက်ကုသခွင့်ကို ဖေဖော်ဝါရီ ၈ ရက်မှစတင်ကာ ယာယီပိတ်ထားခဲ့ပြီး ယခုမေ ၂၄ ရက်မှ စတင်ကာ ပြန်လည်လက်ခံကုသပေးခဲ့ခြင်း ဖြစ်သည်။ ယင်းသို့ ပြန်လည်လက်ခံရာတွင် အကြီးစား ခွဲစိတ်မှုနှင့် သားဖွားမီးယပ်ဌာနများမှအပ ကျန်အထွေထွေရောဂါများကို ကြည့်ရှုစမ်းသပ်ပေးလျက်ရှိပြီး ဆေးကုသဆောင်ကိုလည်း တစ်ရက်မှ ရပ်နားထားခြင်းမရှိဘဲ ဝန်ဆောင်မှုပေးလျက်ရှိသည်။ နာတာရှည်၊ ကျောက်ကပ်ဆေးလူနာ၊ ပြည်သူ့ဆေးရုံကြီးများတွင် အထူးကုဆရာဝန်ကြီးများနှင့် ကုသနေသော လူနာများကိုလည်း ဆေးအဆက်မပြတ် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

အလုပ်သမားဆေးရုံကြီး (ရန်ကုန်)တွင် ယခင် ဖေဖော်ဝါရီလမတိုင်ခင်က အထူးကုဆရာဝန်ကြီးများ အပါအဝင် လက်ထောက်ဆရာဝန်များဖြင့် နေ့စဉ် အတတ်နိုင်ဆုံး ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိသော်လည်း ယခုအခါ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးနှင့် လက်ထောက်ဆရာဝန်များအပါအဝင် ၅၄ ရာခိုင်နှုန်းနှင့် အမှုထမ်း ၆၀ ရာခိုင်နှုန်းတို့က နေ့စဉ် ဝန်ဆောင်မှုပေးလျက်ရှိသည်။ ယခုအခါ အလုပ်သမားဆေးရုံကြီး (ရန်ကုန်) ပြင်ပလူနာဌာနတွင် အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့်သောကြာနေ့များတွင် မျက်စိနှင့် အထွေထွေရောဂါများကိုလည်းကောင်း၊ တနင်္လာ၊ ဗုဒ္ဓဟူးနှင့် အင်္ဂါနေ့များတွင် နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများကို လည်းကောင်း၊ ဗုဒ္ဓဟူးနှင့် အင်္ဂါနှင့် ကြာသပတေးနေ့များတွင် အရိုးနှင့်အကြောရောဂါများကို စမ်းသပ်ကုသပေးလျက်ရှိသည်။ ဆေးပေးရာတွင်လည်း ရုံးဖွင့်ရက်များ၌ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ထုတ်ပေးလျက်ရှိသည်။ ယင်းသို့ အလုပ်သမား ဝေဒနာရှင်များအား ဆေးထောက်ပံ့ပေးရာတွင် ရန်ကုန်မြို့တွင်း နေထိုင်သူများကို တစ်လတစ်ကြိမ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ကာ နှစ်လတစ်ကြိမ်နှင့် သုံးလတစ်ကြိမ် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။



အလုပ်သမားဆေးရုံကြီး (ရန်ကုန်)သို့ ဆေးကုသရန် လာရောက်ပြသသူများအား ကျန်းမာရေးစစ်ဆေးပေးစဉ်။

အလုပ်သမားဆေးရုံကြီး (ရန်ကုန်)သည် ၁၉၆၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံ၏ အကြီးဆုံးသော အလုပ်သမားဆေးရုံကြီးဖြစ်ကာ အလုပ်သမားဆေးရုံ(မန္တလေး)နှင့် အလုပ်သမားဆေးရုံ (ထန်းတပင်) တို့ထက် အစောကျသော ဆေးရုံကြီး ဖြစ်သည်။ ယခုအခါတွင် ခုတင် (၂၅၀) ဆံ့ ဆေးရုံကြီးအဖြစ် ရပ်တည်လျက်ရှိပြီး နိုင်ငံတစ်ဝန်း စက်ရုံ၊ အလုပ်ရုံများနှင့် အစိုးရဝန်ထမ်းများ၏ ကျန်းမာရေးပိုင်းဆိုင်ရာ မှီခိုအားထားပြုနေရသော ဆေးရုံကြီးတစ်ရုံပင် ဖြစ်သည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ– မင်းထက်**



# အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့

**နေပြည်တော် မေ ၂၉**

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အမ်းတောင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ကာ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား မိဘများနှင့် ဆရာ ဆရာမများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များ တွင်လည်း ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်း များကို တာဝန်ရှိသူများက ထောက်ပံ့ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဥတ္တရသီရိမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဆိုင်ရာဦးစီးမှူးရုံးမှ မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသည့် မောင်းရမ်း ကျေးရွာအုပ်စု၊ သရက်တောကျေးရွာအုပ်စုနှင့် မင်းကုန်းကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူများအား မေ ၂၈ ရက်က မြို့နယ်စုပေါင်းရုံး၌ ပန်းခင်းစီမံချက် ဖြင့် ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်နေမှုကို ဥတ္တရသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးခဲ့ပြီး ပန်းခင်းစီမံ ချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ် ရာတွင် ပါရှိရမည့်အထောက်အထားများ၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၏ အသုံးဝင်မှုနှင့် ပျောက်ဆုံး/ ပျက်စီးမှုမရှိစေရေး စနစ်တကျ ကိုင်တွယ်အသုံးပြု ရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ဥတ္တရသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ “ပန်းခင်း စီမံချက်” ဖြင့် ယနေ့အချိန်ထိ အိမ်ထောင်စု လူဦးရေ စာရင်း ၁၀၁ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၅၆ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျန်ရှိနေသူများ ကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစောဝဏ္ဏထံမှ သိရသည်။

**အောင်ကို(ပြန်/ဆက်)**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၉**

နေပြည်တော်နှင့် အနီးတစ်ဝိုက် တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန် မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက် ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ **မိုး/ဇလ**

## မိုးတွင်းကာလအတွင်း မိုးကြိုးအန္တရာယ်ကို ဘယ်လိုကာကွယ်ကြမလဲ?

- ❖ မိုးကြိုးပစ်ခံရပါက ပြင်းထန်စွာဒဏ်ရာ ရရှိနိုင်ပြီး အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါသည်။
- ❖ မိုးကြိုးနှင့် မိုးကြိုးမုန်တိုင်းအန္တရာယ်ရှိနိုင်ကြောင်း မိုးလေဝသသတင်းကြေညာချက်ရှိပါက လွင်တီး ခေါင်ပြင်များတွင် အလုပ်လုပ်ခြင်း၊ ခရီးသွားခြင်းနှင့် လူစုလူဝေးပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

**လျှပ်စီးလက်၍ မိုးထစ်ချုန်းနေစဉ် လွင်တီးပြင်တွင်ရှိနေပါက လိုက်နာရန်-**

- အနီးပတ်ဝန်းကျင်ရှိ လုံခြုံစိတ်ချရတဲ့အဆောက်အဦအတွင်းသို့ ချက်ချင်းဝင်ရောက်ပါ။
- အကယ်၍ နီးစပ်ရာတွင် လုံခြုံစိတ်ချရတဲ့ အဆောက်အဦမရှိပါက ခြေထောက်နှစ်ဖက် ကိုစု၍ ဆောင့်ကြောင့်ထိုင်ချပါ။ ဦးခေါင်းကို ဒူးပေါ်သို့မှောက်ချပြီး လက်နှစ်ဖက်ဖြင့် နားကို အုပ်ထားပါ။ မြေကြီးနှင့် ထိတွေ့နိုင်မှု အနည်းဆုံးဖြစ်အောင် နေပါ။
- တစ်ဦးနှင့် တစ်ဦး ပူးကပ်နေထိုင်ခြင်း မပြုရပါ။
- မြေပြင်ပေါ်သို့လှဲချခြင်း၊ အပင်မြင့်များအောက်တွင်နေခြင်း၊ မြင့်မားသောအဆောက်အဦ၏ အုတ်နံရံများကို မှီခြင်း၊ ရေကူးကန်များနှင့် ရေကန်များအနီး နေထိုင်ခြင်း မပြုပါနှင့်။
- ရေထဲတွင်ရောက်ရှိနေပါကကုန်းပေါ်သို့တက်ပြီး အဆောက်အဦအတွင်းသို့ချက်ချင်းဝင်ပါ။

**လျှပ်စီးလက်၍ မိုးထစ်ချုန်းနေစဉ် နေအိမ်အတွင်းရှိနေပါက လိုက်နာရန်-**

- တီဗွီ၊ ကွန်ပျူတာ၊ အဝတ်လျှော်စက်၊ မီးဖို စသည့် လျှပ်စစ်ပစ္စည်းများကို မီးပလပ် ဖြုတ်ထားပါ။ ရေဒီယိုဖွင့်ခြင်း၊ ဖုန်းပြောခြင်း(အထူးသဖြင့် ကြိုးဖုန်း) ရှောင်ကြဉ်ပါ။
- ပြတင်းပေါက်များ၊ တံခါးပေါက်များ၊ ဆင်ဝင်များအနီးနေထိုင်ခြင်း၊ ကွန်ကရစ်ခင်းများပေါ်တွင် လဲလျောင်းခြင်းတို့ကို ရှောင်ကြဉ်ပါ။



လွင်တီးခေါင်ပြင်တွင်ရှိစဉ် မိုးကြိုးအန္တရာယ်မှ ကာကွယ်ရန် နေထိုင်ရမည့်ပုံစံများ

**မိုးကြိုးပစ်ခံရသောလူနာအား အရေးပေါ်ကယ်ဆယ်နည်းများပြုလုပ်ပြီး ဆေးရုံ/ဆေးခန်းများသို့ အမြန်ဆုံးပို့ဆောင်ပါ။**

ရည်ညွှန်းကိုးကား- US CDC.Lightning.(accessed as of 5-6-2020)

## စားသုံးဆီကိုတတ်နိုင်သမျှ လျှော့စားဖို့ဘာကြောင့်လိုအပ်တာလဲ?

- စားသုံးဆီများတွင် အခြေခံအားဖြင့် **ကျန်းမာရေးအရသင့်တင့်စွာစားသုံးနိုင်သည့်မပြည့်ဝဆီများ (Unsaturated Fats)၊ တတ်နိုင်သမျှလျှော့၍စားသုံးသင့်သည့်ပြည့်ဝဆီများ(Saturated Fats)နှင့် လုံးဝမစားသုံးသင့်သောအသွင်ပြောင်းဆီများ(Trans Fats)** ဟူ၍ (၃)မျိုးရှိပါသည်။
- **မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့်** ခန္ဓာကိုယ်အတွက်ကောင်းမွန်သော သွေးတွင်းအဆီဓါတ်(HDL) တို့ကိုမြင့်တက်စေပြီး မကောင်းသောအဆီဓါတ်(LDL)တို့အားလျှော့ချပေးခြင်းဖြင့် နှလုံးရောဂါနှင့်အမျိုး အစား(၂)ဆီးချိုရောဂါစသည့် **မကူးစက်နိုင်သည့်ရောဂါများဖြစ်ပွားနိုင်ခြေကိုလျှော့နည်းစေပါသည်**။(ဥပမာ- မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသော အဆီများ)
- **ပြည့်ဝဆီစားသုံးခြင်း**ကြောင့် **မကောင်းသောသွေးတွင်းအဆီဓာတ် (LDL)များ လွန်ကဲစွာမြင့်တက်စေ၍ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊** သွေးကြောနံရံတွင်အဆီများကပ်ခဲ၍သွေးကြောများကျဉ်းကာ **နှလုံးသွေးကြောပိတ်ရောဂါနှင့်လေဖြတ်ခြင်း**တို့ကိုဖြစ်စေနိုင်ပါသည်။ (ဥပမာ-စားအုန်းဆီ၊ ဆီကြော်အစား အစာများ၊ တိရိစ္ဆာန်မှရသောအဆီများ)
- **အသွင်ပြောင်းဆီ**သည်အစားအသောက်များပိုမိုတာရှည်ခံ၍အရသာရှိစေရန် ပုံမှန်အသုံးပြုသောဆီတွင် ဟိုက်ဒရိုဂျင်ဓာတ်ထည့်ပေါင်းထားသောဆီဖြစ်ပြီး **ပြည့်ဝဆီစားသုံးခြင်း၏ဆိုးကျိုးများအပြင်သွေးတွင်းဆီ (Triglycerides)များကိုပိုမို၍တက်စေခြင်း၊ ကောင်းမွန်သောသွေးတွင်းအဆီဓါတ်(HDL)ကို ကျစေခြင်းနှင့် ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုများဖြစ်စေခြင်း**ကြောင့်အထက်ဖော်ပြပါရောဂါများအပြင် **အမျိုးအစား(၂)ဆီးချို ရောဂါကိုပါပို၍ဖြစ်ပွားစေနိုင်ပြီးနောက်ဆက်တွဲဆိုးကျိုးများစွာခံစားရနိုင်ပါသည်**။ (ဥပမာ- အသင့်စား အစားအစာများဖြစ်သည့်အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်ပေါင်မုန့် စသည်တို့တွင်ပါဝင်သည့်ဆီ၊)

**ပြည့်ဝဆီများကိုတတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ရမည်ဖြစ်ပါသည်။**





| မပြည့်ဝဆီ | ပြည့်ဝဆီ | အသွင်ပြောင်းဆီ |
|---|---|---|

ရည်ညွှန်းကိုးကား-(၁) WHO. Healthy diet fact sheets. (accessed as of 10.6.2020)
(၂) MAYO CLINIC. Dietary fats: Know which types to choose. (accessed as of 10.6.2020)

## မလေးရှားနိုင်ငံတွင် ဇွန်လအတွင်းမှစတင်ကာ အပြည့်အဝအသွားအလာ ပိတ်ဆို့ကန့်သတ်မှုပြုလုပ်သွားမည်



ကွာလာလမ်ပူမြို့ လမ်းမတစ်ခုထက်တွင် လူသူကင်းရှင်းနေသည်ကို တွေ့ရစဉ်။

**ကွာလာလမ်ပူ မေ ၂၉**
မလေးရှားနိုင်ငံသည် ဇွန် ၁ ရက်မှ ၁၄ ရက်အထိ တစ်နိုင်ငံလုံးအနှံ့ အသွားအလာပိတ်ဆို့ကန့်သတ်မှု ပြုလုပ်သွားမည်ဖြစ်ပြီး ကိုဗစ် –၁၉ ကူးစက်မှုများ များပြားလာသည့်အတွက် ယခုလိုလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ မေ ၂၈ ရက်တွင် အဆိုပါကြေညာချက်ကို ဝန်ကြီးချုပ်ရုံးမှ ကြေညာခဲ့ခြင်းဖြစ်သည်။

စီးပွားရေးလုပ်ဆောင်မှုများကိုလည်း ကန့်သတ်သွားမည်ဖြစ်ပြီး မရှိမဖြစ် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူရန်အတွက်သာ ခြွင်းချက်ပေးမည် ဖြစ်သည်။

အကယ်၍ ကူးစက်မှုများ အတိုင်းအတာတစ်ခုအထိ လျော့ကျသွားပါက အသွားအလာပိတ်ဆို့ကန့်သတ်မှုများကို အစိုးရအနေဖြင့် တစ်ဆင့်ချင်း ဖြေလျှော့ပေးသွားရန်လည်း ရည်ရွယ်ထားသည်။ မေလလယ်မှစတင်ကာ မလေးရှားနိုင်ငံတွင် နေ့စဉ် ကူးစက်မှုနှုန်းမှာ ၆၀၀၀ အထက်တွင် ရှိနေသည်။

ဗီဇပြောင်း ကိုဗစ် –၁၉ ကူးစက်ပျံ့နှံ့နေသည်ဟု ယူဆဖွယ်ရှိသည်။ မေ ၁၂ ရက်မှစတင်ကာ စားသောက်ဆိုင်တွင် ဆိုင်ထိုင်စားသောက်ခွင့်နှင့် ပြည်နယ်များအကြား ကူးလူးသွားလာခွင့်တို့ကို ပိတ်ပင်ထားခဲ့သည်။

အင်န်အိတ်ချ်ကေ

## အမေရိကန်ပြည်ထောင်စုတွင် လူဦးရေတစ်ဝက်မှာ ကိုဗစ် - ၁၉ ကာကွယ်ဆေး တစ်ကြိမ်ထိုးပြီးဖြစ်

**ဝါရှင်တန် မေ ၂၉**
အမေရိကန် ပြည်ထောင်စုတွင် တိုင်းပြည်လူဦးရေ၏ တစ်ဝက်မှာ အနည်းဆုံး ကိုဗစ် – ၁၉ ကာကွယ်ဆေးတစ်ကြိမ်ထိုးပြီးဖြစ်သည်ဟု အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ထုတ်ဖော် ပြောကြားချက်အရ ဒေသခံ ၁၆၆ သန်း လူဦးရေ ၅၀ ဒသမ ၁ ရာခိုင်နှုန်းမှာ မေ ၂၈ ရက်တွင် အနည်းဆုံး ကိုဗစ် – ၁၉ ကာကွယ်ဆေးတစ်ကြိမ် ထိုးပြီးဖြစ်သည်။ လူဦးရေ ၁၃၃ သန်းကျော် သို့မဟုတ် တိုင်းပြည်လူဦးရေ၏ ၄၀ ဒသမ ၂ ရာခိုင်နှုန်းမှာ နှစ်ကြိမ် ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပြီးဖြစ်သည်ဟု သိရသည်။

အသက် ၆၅ နှစ်နှင့်အထက် ၇၄ ဒသမ ၅ ရာခိုင်နှုန်းမှာ ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပြီး ဖြစ်သည်။ အမေရိကန် ပြည်ထောင်စုတွင်ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးမှုများ အရှိန်အဟုန်ဖြင့် လုပ်ကိုင်နေသည့်အတွက် နောက်ထပ်ကူးစက်မှုများမှာ လျော့ကျလာသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကလည်း ဇူလိုင် ၄ ရက်မတိုင်မီ အသက် ၁၈နှစ်နှင့်အထက် နိုင်ငံသား ၇၀ ရာခိုင်နှုန်းကို ကိုဗစ် – ၁၉ ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ် ထိုးပေးသွားမည်ဟု အစီအစဉ် ချမှတ်ထားသည်။ မေ ၂၈ ရက်က ပြောကြားခဲ့သည့် မိန့်ခွန်းတွင် ပြည်နယ် ၁၀ ခုထက် မနည်းမှာ သတ်မှတ်ထားသည့် အတိုင်း ကိုဗစ်– ၁၉ ကာကွယ်ဆေးများ ထိုးနှံပြီးဖြစ်သည်ဟု ပြောသည်။ ယခုအခါအစိုးရသည် လူငယ် အသက်အုပ်စုကို ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပေးရန် အလေးထားလျက်ရှိသည်။ တချို့မှာလည်း ကာကွယ်ဆေးထိုးနှံမှု ခံယူရန် တွန့်ဆုတ်နေကြသည်။ အချို့သော ပြည်နယ်များတွင် ကာကွယ်ဆေး ထိုးနှံမှုခံယူရန်အတွက် တိုက်တွန်း အားပေးမှုများ ပြုလုပ်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ



မက်ဆာချူးဆက်ပြည်နယ်တွင် ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

## အသက် ၁၂နှစ်နှင့်အထက် ကလေးများကို ဖိုက်ဇာကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးရန် အတည်ပြုပေးနိုင်တော့မည်

**တိုကျို မေ ၂၉**
ယခုလကုန်ပိုင်းတွင် အသက် ၁၂ နှစ်နှင့်အထက် ကလေးများကို ဖိုက်ဇာ ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနိုင်ရန် ခွင့်ပြုချက်ပေးနိုင်ရေး အစိုးရက မျှော်မှန်းလျက်ရှိသည်ဟု ဂျပန်ကျန်းမာရေးဝန်ကြီး တာမူရာ နိုရီဟီဆာက ပြောသည်။

### အသုံးပြုခွင့်ပေးထား

ဂျပန်နိုင်ငံ၌ လက်ရှိအချိန်တွင် အသက် ၁၆ နှစ်နှင့်အထက်များကိုသာ အမေရိကန်ဆေးဝါးကုမ္ပဏီကြီးဖြစ်သည့် ဖိုက်ဇာနှင့် မိတ်ဖက်ဂျာမန်အဖွဲ့အစည်းတို့ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်– ၁၉ ကာကွယ်ဆေးကို အသုံးပြုခွင့်ပေးထားသည်။

### ဆွေးနွေးသွားမည်

အမေရိကန်ပြည်ထောင်စုနှင့် အခြားသောနေရာများတွင်မူ အသက် ၁၂ နှစ်နှင့်အထက်များလည်း ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနိုင်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဝန်ကြီးဌာနရှိ ကျွမ်းကျင်ပညာရှင်များ ဆွေးနွေးသွားမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

### လမ်းညွှန်မှုအသစ်

ကာကွယ်ဆေး၏ လုံခြုံစိတ်ချရမှုနှင့် အစွမ်းထက်မှုတို့ကို အတည်ပြုနိုင်ပါက ကာကွယ်ဆေးအတွက် လမ်းညွှန်မှုအသစ်ကို မေ ၃၁ ရက်တွင် ပြင်ဆင်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဒေသခံအစိုးရများကို လိုအပ်ချက်များ မေးမြန်းသွားမည်ဖြစ်ပြီး ကလေးများ တတ်နိုင်သမျှ စောစော ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနိုင်မည်ဟုလည်း ၎င်းက ပြောသည်။

အင်န်အိတ်ချ်ကေ




ဖိုက်ဇာ ကိုဗစ်– ၁၉ ကာကွယ်ဆေး။

## ဘရာဇီးနိုင်ငံတွင် ကိုဗစ် – ၁၉ နောက်ထပ်ကူးစက်ခံရသူ ၅၀၀၀၀ နီးပါးရှိ

**ရီယိုဒီဂျနေးရိုး မေ ၂၉**
ဘရာဇီးနိုင်ငံတွင်မေ ၂၈ ရက်က ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၄၉၇၆၈ ဦးတွေ့ရှိခဲ့ပြီး စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၁၆၃၉၁၉၃၀ အထိ ရှိလာခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

တစ်ချိန်တည်းမှာပင် သေဆုံးသူ ၂၃၇၁ ဦး တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာလည်း ၄၅၉၀၄၅ ဦးအထိ ရှိလာခဲ့သည်။ တောင်အမေရိကနိုင်ငံတစ်ခုဖြစ်သည့် ဘရာဇီးနိုင်ငံတွင် ၂၀၂၁ ခုနှစ်မှစတင်ကာ ကိုဗစ် –၁၉ ဒုတိယအကျော့စတင်ခဲ့ပြီး ကျန်းမာရေးစနစ် ယိုင်နဲ့ခဲ့ကာ ပြည်နယ်အများစုတွင် ကိုဗစ်–၁၉ လူနာများကို ကုသရန် အင်အားမလုံလောက်တော့ပေ။

ဘရာဇီးနိုင်ငံတွင် လက်ရှိအချိန်၌ လူဦးရေ ၁၀၀၀၀၀ တွင် ကူးစက်မှု ၇၈၀၀ နှင့် သေဆုံးသူ ၂၁၈ ဦးရှိသည်ဟု အမျိုးသားကျန်းမာရေးကောင်စီက ပြောသည်။

မေ ၂၇ ရက်အထိ လူပေါင်း ၆၅ ဒသမ ၅ သန်းကို ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးပေးပြီးဖြစ်ပြီး ပထမအကျော့ ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပြီးသူ ၄၃ ဒသမ ၉ သန်းရှိသည်။ နှစ်ကြိမ် ကာကွယ်ဆေးထိုးပြီးသူ အရေအတွက်မှာမူ ၂၁ ဒသမ ၆ သန်းရှိသည်ဟု သိရသည်။

ဆင်ဟွာ

## အစ္စရေးနိုင်ငံတွင် လေးရက်တာအတွင်း ကိုဗစ် –၁၉ ကြောင့် တစ်ဦးသေဆုံး

**ဂျေရုဆလင် မေ ၂၉**
အစ္စရေးနိုင်ငံတွင် သုံးရက်ဆက်တိုက် ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူမရှိဖြစ်ခဲ့သော်လည်း လေးရက်မြောက်နေ့တွင်မူ တစ်ဦးသေဆုံးခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ကိုဗစ်– ၁၉နှင့် ဆက်စပ်ပြီး သေဆုံးသူအရေအတွက်မှာ ၆၄၀၇ ဦးရှိလာခဲ့သည်။ ထိုစဉ်ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်– ၁၉နောက်ထပ်ကူးစက်ခံရသူ ၁၇ ဦး ထပ်မံတွေ့ရှိခဲ့သည်။

ထို့ကြောင့် တိုင်းပြည်အတွင်း စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၈၃၉၄၃၃ ဦး ဖြစ်လာခဲ့သည်။ စိုးရိမ်ရသည့် လူနာဦးရေမှာလည်း ၅၄ ဦးမှ ၅၀ အထိ လျော့ကျခဲ့သည်။

ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူ ၁၀၄ ဦးရှိသည်။ အစ္စရေးနိုင်ငံတွင် ကာကွယ်ဆေးထိုးပြီးသူ ၅ ဒသမ ၄၄ သန်းရှိပြီး လူဦးရေ၏ ၅၈ ဒသမ ၃ ရာခိုင်နှုန်းကို ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးပေးခဲ့ပြီးဖြစ်သည်။

ဆင်ဟွာ

# အခက်အခဲများကို ကျော်လွှားပြီးနောက် အီတလီနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရှိန်အဟုန်မြင့် ထိုးပေးလျက်ရှိ

**ကေကေစိုး**

**အီတလီနိုင်ငံသည် ကနဦးအစောပိုင်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရာ၌ အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသော်လည်း ယခုအခါတွင်မူ တစ်နေ့လျှင် လူဦးရေသန်းတစ်ဝက်နီးပါးကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနိုင်ပြီဖြစ်သည်။**



ရောမမြို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

❖ **ဧပြီလအစောပိုင်းတွင် ကာကွယ်ဆေးထိုးနှံ ပေးနိုင်မှုမှာ နှေးကွေးနေသေးသည်။ တစ်နေ့လျှင် လူပေါင်း ၅၀၀၀၀၀ ကို ကာကွယ်ဆေးထိုးပေးရန်ရည်ရွယ်ထားသော်လည်း လက်တွေ့တွင်မူ ၂၅၀၀၀၀ ကိုသာ ထိုးပေးနိုင်ခဲ့သည်။ ထိုစဉ်က တိုင်းပြည်အနှံ့ လူပေါင်း ၁၀ သန်းကိုသာ ကာကွယ်ဆေးထိုးပေးရသေးသည်။ နှစ်ကြိမ် ကာကွယ်ဆေးထိုး ပြီးသူအရေအတွက်မှာ သုံးသန်းရှိသည်။**

### အဟန့်အတားများနှင့် ကြုံတွေ့နေရ

အနာဂတ်တွင် နောက်ထပ် ကိုဗစ်-၁၉ ကူးစက်မှုအရှိန်များမှ ရှောင်ရှားနိုင်ရန်နှင့် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုများမှ ရှောင်ရှားနိုင်ရန်အတွက် အရှိန်အဟုန်မြင့် ကာကွယ်ဆေးထိုးပေးနေခြင်းဖြစ်သည်။ ယခုနှစ်အစောပိုင်းတွင် အီတလီနိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးမှုလုပ်ငန်းများမှာ အဟန့်အတားများနှင့် ကြုံတွေ့ခဲ့ရသည်။ အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေး အသုံးပြုမှုကို အစိုးရက ရပ်ဆိုင်းခဲ့ပြီး ကျန်းမာရေးဆိုင်ရာ စိုးရိမ်မှုများကြောင့် ဂျွန်ဆင်အင်န်ဂျွန်ဆင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမှုကိုလည်း နှောင့်နှေးခဲ့ရသည်။ ဇန်နဝါရီလအတွင်းက ဖိုက်ဇာဆေးကုမ္ပဏီကိုလည်း လုံလောက်သည့် ကာကွယ်ဆေးပေးပို့ရန် ပျက်ကွက်မှုဖြင့် တရားစွဲဆိုသွားမည်ဟု ခြိမ်းခြောက်ခဲ့သည်။ သို့သော်လည်း ယင်းအရာများအားလုံးမှာ ယခုအခါတွင် အတိတ်၌သာကျန်ရစ်ခဲ့ပြီဖြစ်သည်။

### မျှော်လင့်ထား

ပြီးခဲ့သည့် ၁၀ ရက်တာအတွင်း အစိုးရသည် တစ်ရက်အတွင်းလူပေါင်း ၅၀၀၀၀၀ ကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခဲ့ပြီးဖြစ်သည်ဟု အီတလီနိုင်ငံကူးစက်ရောဂါ တိုက်ဖျက်ရေး အဖွဲ့အစည်းဥက္ကဋ္ဌ မက်တီယို ဘတ်စ်တီက ပြောသည်။ ဇွန်လကုန်ပိုင်းတွင် တစ်နေ့လျှင် ၇၀၀၀၀၀ မှ ၈၀၀၀၀၀ အထိ တိုးမြှင့်၍ ကာကွယ်ဆေးထိုးပေးနိုင်ရန်လည်း မျှော်လင့်ထားသည်။

ကာကွယ်ဆေးကို အရှိန်မြှင့်ထိုးပေးနိုင်ရေး အစွမ်းကုန်ကြိုးပမ်းလျက်ရှိပြီး ကြားကာလတွင် အနှောင့်အယှက်အဟန့်အတားများ မရှိပါက မျှော်မှန်းထားသည့်အတိုင်း ကိုဗစ်-၁၉ ကာကွယ်ဆေးကို ထိုးပေးနိုင်လိမ့်မည်ဟုလည်း မက်တီယို ဘတ်စ်တီက ဆက်လက်ပြောကြားသည်။ ၎င်းမှာ အီတလီနိုင်ငံဆိပ်ကမ်းမြို့ဖြစ်သည့် ဂျီနိုဝါရှိ ဆန်မာတင်နို ဆေးရုံမှ ကူးစက်ရောဂါဌာန အကြီးအကဲတစ်ဦးလည်းဖြစ်သည်။

### ကူးစက်မှု သိသိသာသာလျော့ကျလာမည်

မေ ၂၈ ရက်အထိ အီတလီနိုင်ငံတွင် လူပေါင်း ၃၃ သန်းကျော်ကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ပြီးဖြစ်သည်။ စုစုပေါင်း ၁၁ ဒသမ ၃ သန်း ရာခိုင်နှုန်းအားဖြင့်တွက်လျှင် ၁၉ ဒသမ ၁ ရာခိုင်နှုန်းမှာမူ နှစ်ကြိမ်တိုင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်သည်။ မေ ၂၂ ရက်အထိ အီတလီနိုင်ငံမှ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရေး ရုန်းကန်နေရသည်ဟု နေ့စဉ်ထုတ်သတင်းစာတစ်စောင်ဖြစ်သည့် လာစတမ်ပါတွင် ဖော်ပြထားသည်။ အကယ်၍ အီတလီနိုင်ငံသာ တိုင်းပြည်အတွင်း ထိခိုက်မှုများနိုင်သည့် လူဦးရေ၏ ၇၀ မှ ၇၅ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနိုင်ခဲ့လျှင် နွေရာသီအကုန်ပိုင်းတွင် အီတလီနိုင်ငံသည် နောက်ထပ်ကူးစက်မှုအရှိန်အသစ်မှ ရှောင်လွှဲနိုင်မည်ဟု မက်တီယို ဘတ်စ်တီက ပြောသည်။

ကာကွယ်ဆေးကိုသာ အရှိန်အဟုန်မြင့်ထိုးပေးနိုင်ပါက ရောဂါကူးစက်မှုနှုန်းမှာ လျော့ကျလာမည်ဖြစ်ပြီး နွေရာသီကျော်တွင် သိသိသာသာလျော့ကျလာမည်ဟု ၎င်းက ပြောသည်။

### ရင်ဆိုင်နိုင်ရန်ခွန်အားရှိ

သို့သော်လည်း ဆောင်းတွင်းတွင် တစ်ဖန်ပြန်လည် များပြားလာနိုင်ကြောင်းကိုလည်း ၎င်းက ဆက်ပြောသည်။ သို့သော်လည်း ၂၀၂၀ ပြည့်နှစ် အောက်တိုဘာနှင့် ၂၀၂၁ မတ်လအတွင်းက ကြုံတွေ့ခဲ့ရသည့် ကူးစက်မှုအရှိန်မျိုးကိုမူ ရှောင်ရှားနိုင်မည်ဟု ၎င်းက ပြောသည်။ အီတလီနိုင်ငံ၏ ကိုဗစ်-၁၉ အချက်အလက်သုတေသီတစ်ဦးဖြစ်သူ ဖရန်ဆက်စကို လူချက်တာကမူ လက်ရှိအခြေအနေအရ ကာကွယ်ဆေးမှာ လိုအပ်သလောက် အလျှင်မမီနေသေးသည်ဟု ပြောသည်။ ကာကွယ်ဆေး စတင်ထိုးနှံခါစ အချိန်ကမူ အလျှင်မမီခဲ့ပေ။ ယခုအချိန်တွင် ထောက်ပံ့ပို့ဆောင်ပေးမှုလမ်းကြောင်းများလည်း ပွင့်လန်းလာပြီး မမျှော်လင့်သည့် အခက်အခဲနှင့် ကြုံတွေ့လာလျှင်တောင် ရင်ဆိုင်နိုင်ရန်ခွန်အားရှိသည်ဟု ၎င်းက ပြောသည်။

### တဖြည်းဖြည်းချင်း ကျဆင်းလာ

တိုင်းပြည်နေရာ အစိတ်အပိုင်းများသို့ ကာကွယ်ဆေး ပို့ဆောင်ပေးသည့် စနစ်မှာလည်း တဖြည်းဖြည်းချင်း လုံလောက်မှုရှိလာသည်ဟု ၎င်းက ဆက်ပြောသည်။ အီတလီရှိ ဒေသ ၂၀ အနက် ၁၆ ခုတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ၉၀ ရာခိုင်နှုန်းကို ဖြန့်ဝေပေးပြီးဖြစ်သည်။ တစ်နိုင်ငံလုံးအနှံ့ ပျမ်းမျှခန့်မှန်းချက်မှာမူ ၉၂ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။ အီတလီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ နိုင်ငံအတွင်း ကူးစက်မှုနှုန်းမှာ မတ်လလယ်မှစတင်ကာ ကျဆင်းလာခဲ့သည်ဟု သိရသည်။ သေဆုံးမှုနှုန်းမှာလည်း ဧပြီလအစောပိုင်းက များပြားခဲ့ပြီးနောက်ပိုင်း တဖြည်းဖြည်းချင်း ကျဆင်းလာခဲ့သည်ဟု သိရသည်။

### ကုသပေးနိုင်ရေး ရုန်းကန်ခဲ့ရ

ဧပြီလအစောပိုင်းတွင်မူ ကူးစက်မှုများ လျော့ကျလာသော်လည်း ဆေးရုံများတွင် လူနာများကို ကုသပေးနိုင်ရေး ရုန်းကန်ခဲ့ရသည်။ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသူ လူနာအရေအတွက်မှာ များပြားခဲ့သည်။ အထူးကြပ်မတ်ကုသဆောင်လူနာခုတင် အသုံးပြုမှုမှာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့်ကြည့်လျှင် ၃၉ ရာခိုင်နှုန်းအထိရှိခဲ့သည်။ ဧပြီလအစောပိုင်းတွင် ကာကွယ်ဆေးထိုးနှံပေးနိုင်မှုမှာ နှေးကွေးနေသေးသည်။ တစ်နေ့လျှင် လူပေါင်း ၅၀၀၀၀၀ ကို ကာကွယ်ဆေးထိုးပေးရန် ရည်ရွယ်ထားသော်လည်း လက်တွေ့တွင်မူ ၂၅၀၀၀၀ ကိုသာ ထိုးပေးနိုင်ခဲ့သည်။ ထိုစဉ်က တိုင်းပြည်အနှံ့ လူပေါင်း ၁၀ သန်းကိုသာ ကာကွယ်ဆေး ထိုးပေးရသေးသည်။ နှစ်ကြိမ်ကာကွယ်ဆေးထိုးပြီးသူအရေအတွက်မှာ သုံးသန်းရှိသည်။

### အစွမ်းကုန်ကြိုးစားလျက်ရှိ

ဧပြီ ၁၆ ရက်တွင်မူ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အများဆုံးထိုးပေးနိုင်ခဲ့သည်ဟု အီတလီအာဏာပိုင်များက ထုတ်ပြန်ခဲ့သည်။ ကာကွယ်ဆေးစတင်ထိုးပေးခဲ့သည့် အချိန်မှစတင်ကာ အများဆုံးထိုးပေးနိုင်သည့် ပမာဏဖြစ်ခဲ့သည်။ ဧပြီ ၁၆ ရက်တွင် လူပေါင်း ၃၄၇၂၇၉ ကို ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သည်။ နှစ်ကြိမ်ကာကွယ်ဆေးထိုးပြီးသူ ဦးရေမှာလည်း ၄ ဒသမ ၂၃ သန်းရှိလာခဲ့သည်။ အီတလီနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးမှုတွင် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများကြား နောက်ကျခဲ့သော်လည်း အစွမ်းကုန်ကြိုးစားလျက်ရှိသည်။

### အရှိန်အဟုန်ဖြင့် ပြုလုပ်နေကြ

အခြားသော ဥရောပနိုင်ငံများမှာ ကာကွယ်ဆေးထိုးပေးမှုကို အရှိန်အဟုန်ဖြင့် ပြုလုပ်နေကြသည်။ ဧပြီလအတွင်း ဂျာမနီနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေးကို တစ်နေ့လျှင် ၆၅၆၀၀၀ ထိုးပေးနိုင်ပြီး နောက်ရက်ရောက်လျှင် ၇၃၈၅၀၁ ဦးအထိ ထိုးပေးနိုင်အောင် အရှိန်မြှင့်တင်ခဲ့သည်။ အီတလီနိုင်ငံသည် ဥရောပတွင် ကာကွယ်ဆေးထိုးပေးသည့် အစီအစဉ်၌ ပြင်သစ်နှင့် ဂျာမနီတို့ကို မမီသော်လည်း စပိန်နိုင်ငံထက်မူ ရှေ့ရောက်ခဲ့သည်ဟု သိရသည်။

**ကိုးကား - ဆင်ဟွာ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်၊ မော်လိုက်မြို့နယ်နှင့် ဖောင်းပြင်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

၂၀၂၁ ခုနှစ်၊ မေလ ၂၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်၊ မော်လိုက်မြို့နယ်နှင့် ဖောင်းပြင်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၄၀၁၉၁၈ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၂၁၃၄၇ ဦး ဖြစ်သည်။ မဲဆန္ဒရှင် စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၅၁၄၆၁ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၈၈၄၀ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၄၈၉၃၂ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | မဲရုံပေါင်း | မြို့နယ်ကော်မရှင်စာရင်း | လဝက စာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | ခန္တီးမြို့နယ် | ၃၄ | ၃၁၃၈၄ | ၂၀၁၄၉ | ၂၈၄၀ | ၁၆၈ | ၂၉၄၈ |
| ၂ | ဟုမ္မလင်းမြို့နယ် | ၁၈၃ | ၁၆၇၇၀၃ | ၁၂၁၄၀၆ | ၂၉၄၅၅ | ၁၆၀၀ | ၁၇၁၅၈ |
| ၃ | လေရှီးမြို့နယ် | ၅၅ | ၁၀၉၁၉ | ၉၂၆၂ | ၃၀၇ | ၇၀ | ၁၁၀၈ |
| ၄ | လဟယ်မြို့နယ် | ၁၀၅ | ၃၃၇၁၃ | ၃၀၉၉၅ | ၂၂၁၁ | ၂၁၂၆ | ၈၉၀၄ |
| ၅ | နန်းယွန်းမြို့နယ် | ၈၂ | ၃၁၇၄၄ | ၃၀၂၀၅ | ၈၈၂ | ၄၂၃၀ | ၇၈၉၈ |
| ၆ | မော်လိုက်မြို့နယ် | ၅၂ | ၄၀၃၄၈ | ၃၆၇၆၄ | ၂၀၈၅ | ၂၉၁ | ၄၂၄၄ |
| ၇ | ဖောင်းပြင်မြို့နယ် | ၈၆ | ၈၆၁၀၇ | ၇၂၅၆၆ | ၁၃၆၈၁ | ၃၅၅ | ၆၆၇၂ |
| | စုစုပေါင်း | ၅၉၇ | ၄၀၁၉၁၈ | ၃၂၁၃၄၇ | ၅၁၄၆၁ | ၈၈၄၀ | ၄၈၉၃၂ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်၊ မော်လိုက်မြို့နယ်နှင့် ဖောင်းပြင်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။



မော်လိုက်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၅၉၇ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၅၃၈၇၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၉၆၄၃၂၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၅၇၄၃၈၊ မြေပြင်လက်ကျန် ၁၅၀၅၃၆ ဖြစ်ကြောင်း တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၃၇၇၅ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၆၈၇၃ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ခန္တီးမြို့နယ် | ၃၄ | ၃၄၃၇၃ | ၂၂၃၀ | ၁၂၁၄၃ | ၁၁၄၅၄ | ၇၂၉ | ၄၀ |
| ၂ | ဟုမ္မလင်းမြို့နယ် | ၁၈၃ | ၁၇၉၃၄၇ | ၁၁၆၁၆၃ | ၆၃၁၈၄ | ၅၉၂၁၉ | ၇၈၂၂ | ၃၈၅၇ |
| ၃ | လေရှီးမြို့နယ် | ၅၅ | ၁၄၆၆၈ | ၉၂၂၀ | ၅၄၄၈ | ၅၃၀၀ | ၁၀၃၆ | ၈၈၈ |
| ၄ | လဟယ်မြို့နယ် | ၁၀၅ | ၄၁၈၂၃ | ၂၇၉၇၆ | ၁၃၈၄၇ | ၁၂၃၀၉ | ၁၇၂၂ | ၁၈၄ |
| ၅ | နန်းယွန်းမြို့နယ် | ၈၂ | ၃၈၆၆၆ | ၂၄၈၃၆ | ၁၃၈၃၀ | ၁၃၂၀၃ | ၇၀၃ | ၇၆ |
| ၆ | မော်လိုက်မြို့နယ် | ၅၂ | ၄၆၃၉၀ | ၃၁၁၇၅ | ၁၅၂၁၅ | ၁၅၂၁၈ | ၁၉၅ | ၁၉၈ |
| ၇ | ဖောင်းပြင်မြို့နယ် | ၈၆ | ၉၈၆၀၃ | ၆၄၈၃၂ | ၃၃၇၇၁ | ၃၃၈၃၃ | ၁၅၆၈ | ၁၆၃၀ |
| | စုစုပေါင်း | ၅၉၇ | ၄၅၃၈၇၀ | ၂၉၆၄၃၂ | ၁၅၇၄၃၈ | ၁၅၀၅၃၆ | ၁၃၇၇၅ | ၆၈၇၃ |

၆။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၈၀၅၇၁ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၅၁၄၆၁ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ **“အခန်း (၆) မဲစာရင်းပြုစုခြင်း”ပါ ပုဒ်မ ၁၅ (ဂ) တွင် “မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်းမရှိစေရ”** ဟု ပြဋ္ဌာန်းထားသော်လည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၈၈၄၀ ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၄၈၉၃၂ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများ ကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ ဟုမ္မလင်းမြို့နယ်၊ မန်စိမ်းကျေးရွာအုပ်စု မဲရုံအမှတ်(၁) မဲဆန္ဒရှင်စာရင်းပုံစံ (၁) စာအုပ်တွင် နောက်တိုးမဲဆန္ဒရှင် ၉ ဦး စာရင်းကို ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခြင်းမရှိဘဲ မိမိသဘောအတိုင်း လက်ရေးဖြင့် ဖြည့်သွင်းထားပြီး အဆိုပါနောက်တိုးမဲဆန္ဒရှင် ၉ ဦး၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ ရေးထိုး/ ရိုက်နှိပ်သည့်နေရာတွင် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက လက်မှတ်ရေးထိုး၍ ဆန္ဒမဲလက်မှတ်များ ထုတ်ပေးထားကြောင်း စိစစ်တွေ့ရှိရသည်။

၉။ ဟုမ္မလင်းမြို့နယ်၊ ထိန်ကင်းကျေးရွာအုပ်စု မဲရုံအမှတ် (၁) တွင် နောက်တိုးမဲဆန္ဒရှင် ၅ ဦးနှင့် ပယ်နယ်နမ့်ခမ်းကျေးရွာအုပ်စု မဲရုံအမှတ်(၁)တွင် နောက်တိုးမဲဆန္ဒရှင် ၅ ဦး စာရင်းတို့ကို ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခြင်းမရှိဘဲ မဲဆန္ဒရှင်စာရင်းပုံစံ (၁) စာအုပ်များတွင် မိမိသဘောအတိုင်း လက်ရေးဖြင့်ဖြည့်သွင်းထားပြီး အဆိုပါ နောက်တိုးမဲဆန္ဒရှင်များမှာ ဆန္ဒမဲပေးထားကြောင်း စိစစ်တွေ့ရှိရသည်။

*စာမျက်နှာ ၁၆ သို့*

- စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်ကထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၄၀၁၉၁၈ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၂၁၃၄၇ ဦး ဖြစ်၊ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၅၁၄၆၁ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၈၈၄၀ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၄၈၉၃၂ ဦးဖြစ်
- မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၅၉၇ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၅၁၈၇၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၉၆၄၃၂၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၅၇၄၃၈၊ မြေပြင်လက်ကျန် ၁၅၀၅၃၆ ဖြစ်ကြောင်း တွေ့ရှိရ၊ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၃၇၇၅ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၆၈၇၃ ဖြစ်၊ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရ

*စာမျက်နှာ ၁၅ မှ*

၁၀။ ထို့ပြင် ဟုမ္မလင်းမြို့နယ်၊ ပုတ်သိုကျေးရွာအုပ်စု မဲရုံအမှတ် (၁) တွင် မဲပေးအသုံးပြုခဲ့သော မဲဆန္ဒရှင်စာရင်းပုံစံ (၁) စာအုပ်၌ ဆန္ဒမဲလာရောက်ပေးသည့် မဲဆန္ဒရှင်များ၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ ရေးထိုး/ ရိုက်နှိပ်ခြင်းမရှိဘဲ အမှန်ခြစ် အမှတ်အသားပြု၍ ဆန္ဒမဲလက်မှတ်များ ထုတ်ပေးထားကြောင်း စိစစ်တွေ့ရှိရသည်။

၁၁။ လေရှီးမြို့နယ်၊ ဖွန်သရက်ကျေးရွာအုပ်စု မဲရုံအမှတ် (၁) ၊ မဲရုံအမှတ်(၂)နှင့် မသော်ရီကျေးရွာအုပ်စု မဲရုံအမှတ် (၃) တို့တွင် မဲပေးအသုံးပြုခဲ့သော မဲဆန္ဒရှင်စာရင်းပုံစံ (၁) စာအုပ်၌ ဆန္ဒမဲလာရောက်ပေးသည့် မဲဆန္ဒရှင်များ၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ ရေးထိုး/ ရိုက်နှိပ်ခြင်းမရှိဘဲ အမှန်ခြစ် အမှတ်အသားပြု၍ ဆန္ဒမဲလက်မှတ်များ ထုတ်ပေးထားကြောင်း စိစစ်တွေ့ရှိရသည်။

၁၂။ လဟယ်မြို့နယ်၊ ကုန်းလမ်းကျေးရွာအုပ်စု မဲရုံအမှတ်(၂)၊ ခါးလယ်ကျေးရွာအုပ်စု မဲရုံအမှတ် (၂)နှင့် လမ်းနောက်ကျေးရွာအုပ်စု မဲရုံတို့၏ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် မဲလက်မှတ်အထုပ်များတွင် အသုံးပြုပြီးသော ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် အသုံးမပြုဘဲ ကျန်ရှိနေသော ဆန္ဒမဲလက်မှတ်များ မပါရှိခဲ့သည့်အတွက် သက်ဆိုင်ရာ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် မဲရုံမှူးတို့အား ဆက်သွယ်သော်လည်း ဆက်သွယ်၍မရသဖြင့် စစ်ဆေးနိုင်ခဲ့ခြင်းမရှိပါ။

၁၃။ ထို့ပြင် လဟယ်မြို့နယ်၊ ကားရော်နောက်ညှုကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ မဲရုံအမှတ်(၂) ၊ မဲရုံအမှတ် (၃) နှင့် မဲရုံအမှတ် (၄)၊ ထန်ခေါ်နောက်ကုန်းကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ ခမ္မလာကျေးရွာအုပ်စု မဲရုံအမှတ် (၃)၊ အံ့ပေါ်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ မဲရုံအမှတ်(၂)၊ မဲရုံအမှတ် (၃)၊ ယမ်းကြိမ်ကျေးရွာအုပ်စု မဲရုံအမှတ် (၃)၊ လကျန်းကျေးရွာအုပ်စုမဲရုံ၊ ထန်ပါခွေရပ်ကွက်မဲရုံ၊ ကျောက်ကယ်ကျေးရွာအုပ်စု မဲရုံအမှတ်(၃)နှင့် ကွျန်းခေါင်ကျေးရွာအုပ်စု မဲရုံအမှတ် (၂) တို့တွင် မဲပေးအသုံးပြုခဲ့သော မဲဆန္ဒရှင်စာရင်းပုံစံ(၁) စာအုပ်၌ ဆန္ဒမဲလာရောက်ပေးသည့် မဲဆန္ဒရှင်များ၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ ရေးထိုး/ ရိုက်နှိပ်ခြင်းမရှိဘဲ အမှန်ခြစ်အမှတ်အသားပြု၍ ဆန္ဒမဲလက်မှတ်များ ထုတ်ပေးထားကြောင်း စိစစ်တွေ့ရှိရသည်။

၁၄။ နန်းယွန်းမြို့နယ်၊ ငိုင်မောင်းကျေးရွာအုပ်စုမဲရုံတွင် အသုံးပြုထားသည့် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ မဲဆန္ဒရှင်အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်နှင့် မဲဆန္ဒရှင်လက်မှတ် စသည်ဖြင့် ဖြည့်သွင်းရေးသားရမည်ဖြစ်သော်လည်း မဲရုံတွင် ထိုသို့ ဖြည့်သွင်းရေးသားထားမှုမရှိသည့် အသုံးပြုပြီးလက်ခံဖြတ်ပိုင်း ၂၇ စောင်ကို စစ်ဆေးတွေ့ရှိရသည်။

၁၅။ နန်းယွန်းမြို့နယ်၊ ကြူယန်းနုတ်ညိုကျေးရွာအုပ်စု မဲရုံအမှတ် (၃) ၏ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် မဲလက်မှတ်အထုပ်များတွင် အသုံးပြုပြီးသော ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် အသုံးမပြုဘဲ ကျန်ရှိနေသော ဆန္ဒမဲလက်မှတ်များ မပါရှိခဲ့သည့်အတွက် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် မဲရုံမှူးတို့အား ဆက်သွယ်သော်လည်း ဆက်သွယ်၍မရသဖြင့် စစ်ဆေးနိုင်ခဲ့ခြင်းမရှိပါ။

၁၆။ ထို့ပြင် နန်းယွန်းမြို့နယ်၊ ဒုံဟီးမြို့၊ မြို့မ၊ မီတဲနှင့် ထမ်ယုန်းရပ်ကွက်မဲရုံ၊ ချမ္မကောက်ဆန်ရီကျေးရွာအုပ်စု မဲရုံအမှတ် (၂)၊ ကဲဆန်ဆာလင်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ ကဲဆန်လောင်ကျန်ကျေးရွာအုပ်စုမဲရုံအမှတ် (၂)၊ လွန်နူးကျေးရွာအုပ်စုမဲရုံ၊ ကားရော်ကုန်ရွှေကျေးရွာအုပ်စုမဲရုံ၊ နောင်ယမ်းကျေးရွာအုပ်စုမဲရုံအမှတ်(၁)၊ ဖါကျက်ကျေးရွာအုပ်စုမဲရုံအမှတ်(၂)၊ ဟချွန်းဆားကျေးရွာအုပ်စုမဲရုံနှင့် ဝမ်ကဆွန်ခေါ်ကျေးရွာအုပ်စုမဲရုံတို့တွင် မဲပေးအသုံးပြုခဲ့သော မဲဆန္ဒရှင်စာရင်းပုံစံ(၁) စာအုပ်၌ ဆန္ဒမဲလာရောက်ပေးသည့် မဲဆန္ဒရှင်များ၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မလက်ဗွေ ရေးထိုး/ ရိုက်နှိပ်ခြင်းမရှိဘဲ အမှန်ခြစ် အမှတ်အသားပြု၍ ဆန္ဒမဲလက်မှတ်များ ထုတ်ပေးထားကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၇။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်၊ မော်လိုက်မြို့နယ်နှင့် ဖောင်းပြင်မြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၂၉၈၄၁၄ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက် မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၂၉၆၄၃၂ စောင် ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၁၉၈၂ စောင် လျော့နည်းအသုံးပြုထားခြင်း၊

(ခ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၁၃၇၇၅ စောင် ပျောက်ဆုံးနေခြင်း၊

(ဂ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၆၈၇၃ စောင် တွေ့ရှိရခြင်း၊

(ဃ) ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအချို့သည် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခြင်းမရှိဘဲ မဲဆန္ဒရှင်စာရင်း ပုံစံ (၁) စာအုပ်များတွင် နောက်တိုးမဲဆန္ဒရှင်များကို လက်ရေးဖြင့်ဖြည့်သွင်း၍ ဆန္ဒမဲပေးခွင့်ပြုခဲ့ခြင်း၊

(င) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၅ (က) ပါအတိုင်း မဲဆန္ဒရှင်စာရင်း ပုံစံ (၁) ၏ စာမျက်နှာတိုင်းတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးထားမှုမရှိခြင်း၊

(စ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ မဲဆန္ဒရှင်အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ မဲဆန္ဒရှင်လက်မှတ် စသည်တို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း၊

(ဆ) ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအချို့အနေဖြင့် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန်ပျက်ကွက်သဖြင့် လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရခြင်း၊

(ဇ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင်ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံ လက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

(ဈ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(ည) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၁၈။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်၊ မော်လိုက်မြို့နယ်နှင့် ဖောင်းပြင်မြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



လေရှီးမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



ဟုမ္မလင်းမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

# ဇဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက် ဆရာတော်ကြီး၏ သက်တော်(၁၀၀)ပြည့် ဝိဇာတမွေးနေ့ပူဇာသဘင် ကျင်းပ

**ရန်ကုန် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဇဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက်ရှိ လိပ်ပြာကန်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဩဝါဒါစရိယ ဟံသာဝတီကျောင်းတိုက် သက်တော်ရှည်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဥ ယျ၏ သက်တော် ၁၀၀ ပြည့်၊ သိက္ခာတော် ၈၀ ပြည့် ဝိဇာတမင်္ဂလာသဘင် အခမ်းအနားကို မေ ၂၈ ရက်က ဟံသာဝတီကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် သက်တော်ရှည်ဆရာတော်ကြီးကိုယ်စား ကြာနီကန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရေဝတက ဧည့်ပရိသတ်များအား သီလချီးမြှင့်ပြီးနောက် သက်တော်ရှည်ဆရာတော်ကြီးအား အမှူးထား၍ သံဃာတော်အရှင်သူမြတ်များက အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ကာ ဆရာတော်ကြီးက ဩဝါဒကထာ မြွက်ကြားသည်။



ထို့နောက် သက်တော်ရှည်ဆရာတော်ကြီးနှင့် ပင့်သံဃာများအား နန္ဒာအောင်မြေကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တနိမလနှင့် တပည့်ဒါယကာ ဒါယိကာမများ အလှူရှင်များက ဝတ္ထုငွေနှင့် သက်န်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချ အမျှပေးဝေကြောင်းသိရသည်။

**သတင်းနှင့်ဓာတ်ပုံ – အာကာစိုး**

# မြိုင်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**မြိုင် မေ ၂၉**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးရေး လုပ်ငန်းများကို မြိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ကျေးရွာများအရောက် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၉ ရက်တွင် အမှတ်(၃) တပ်မတော်အကြီးစားစက်ရုံ(ခွဲ)(မြိုင်)မှ ဝန်ထမ်းမိသားစုများအတွက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။



မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှူး ဦးစိုးနိုင်ဝင်းနှင့် ဝန်ထမ်းများက စက်ရုံမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ စက်ရုံဝင်းအတွင်း နေထိုင်သော ဝန်ထမ်းမိသားစုများအတွက် အိမ်ထောင်စု လူဦးရေစာရင်းနှင့် ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုးကို အသစ်ပြုလုပ်ခြင်း၊ လဲလှယ်ပေးခြင်းနှင့် ပျောက်ဆုံးများကို ပြန်လည်ပြုလုပ်ပေးခြင်း စသည်တို့ကို ပန်းခင်းစီမံချက်အရ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကာ ယာယီအိမ်ထောင်စု ၁၁ စု၊ အတည်ပြု အိမ်ထောင်စု ၄၉ စုနှင့် မှတ်ပုံတင်အသစ်လျှောက်ထားမှုများကို လုပ်ဆောင်ပေးနိုင်ကြောင်း သိရသည်။

**သူရ(ပုံတောင်)**

# ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုရှိစေရေး အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်

**ပျဉ်းမနား မေ ၂၉**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုရှိစေရေးအတွက် အခြေခံကွန်ပျူတာသင်တန်းကို ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာနရှိ ကွန်ပျူတာခန်းမ၌ မေ ၂၉ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းကို မေ ၂၉ ရက်မှ ဩဂုတ် ၂၈ ရက်အထိ အပတ်စဉ် စနေနေ့တိုင်း ရုံးတက်ချိန်ကို မထိခိုက်စေဘဲ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ယာယီနေ့စားဝန်ထမ်း ၁၄ ဦး တက်ရောက်ကြပြီး သင်တန်းတွင် Microsoft Office Word, Excel, Power Point နှင့် Adobe PageMaker ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

"ကျွန်တော်တို့က ဝန်ထမ်းသစ်တွေဖြစ်တော့ ရုံးလုပ်ငန်းနဲ့ ရင်းနှီးကျွမ်းဝင်မှု မရှိဘူး။ လေ့လာနေဆဲပဲ ရှိပါသေးတယ်။ ကွန်ပျူတာနဲ့ ပတ်သက်လို့လည်း မစိမ်းပေမယ့် အခုလို စနစ်တကျ သင်ကြားပေးတော့ ပညာတစ်ခုတိုးတာပေါ့။ ဌာနက အခုလို အခြေခံကွန်ပျူတာပညာကို သင်ကြားပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း အခြေခံကနေတစ်ဆင့် ကွန်ပျူတာပညာကို ဆက်လက်လေ့လာပြီး ဌာနအတွက် ပြန်လည်အသုံးချသွားမှာပါ။ သင်တန်းမှာ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်တွေနဲ့အညီ ဆောင်ရွက်ပေးထားတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"ဟု သင်တန်းသားတစ်ဦးက ပြောသည်။



သင်တန်းတွင် ကိုဗစ်–၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ သင်တန်းသားများအား ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်သန့်စင်စေခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထားဝယ်မြို့ ရွှေဝယ်သီရိ ပညာ့ဗိမာန်စာကြည့်တိုက်သို့ စာအုပ်စာစောင်များလှူဒါန်း

**ထားဝယ် မေ ၂၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ရွှေဝယ်သီရိ ပညာ့ဗိမာန်စာကြည့်တိုက်သို့ ပြန်ကြားရေးဝန်ကြီးဌာနမှ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို မေ ၂၇ ရက်က ယင်းစာကြည့်တိုက်၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်က စာကြည့်တိုက်များသည် ပညာတတ်များ မွေးထုတ်ပေးသောနေရာဖြစ်ကြောင်း၊ ပြည်သူများ စာဖတ်သည့်အလေ့အကျင့်ကောင်းများရှိရန်နှင့် မြန်မာ့နိုင်ငံ၏ သမိုင်းကြောင်းကို သိရှိထားရန် လိုအပ်ကြောင်း၊ စာကြည့်တိုက်တွင် လိုအပ်ချက်များရှိပါက ကော်မတီဝင်များအနေဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူးက အလှူငွေ ကျပ်သုံးသိန်းကိုလည်းကောင်း **(အောက်ပုံ)**၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကွယ်က ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် လှူဒါန်းသည့် စာအုပ်စာစောင် ၁၅၀ ကိုလည်းကောင်း၊ ထားဝယ်မြို့မှ စီးပွားရေးလုပ်ငန်းရှင်များက အလှူငွေ ကျပ်သိန်း ၂၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ပြီး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ စာရေးဆရာ မင်းသူရိန်က လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**




# မင်းလှမြို့နယ်မှ ကျေးရွာများ၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေး

**အထက်မင်းလှ မေ ၂၉**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနသည် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် ဒေသခံပြည်သူများ နိုင်ငံသားစိစစ်ရေးကတ် လက်ဝယ်ကိုင်ဆောင်ခွင့် ရစေရန်အတွက် ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၇ ရက်တွင် မြို့သစ်ကျေးရွာ၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးစန်းမင်းနှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးသည့် ရည်ရွယ်ချက်နှင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ရာတွင် ပါရှိရမည့် အထောက်အထားများ၊ နိုင်ငံသားစိစစ်ရေးကတ်၏ အသုံးဝင်မှုနှင့် ပျောက်ဆုံး/ပျက်စီးမှု မရှိစေရေးအတွက် စနစ်တကျ ကိုင်တွယ်အသုံးပြုရမည့် နည်းစနစ်များကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြီးနောက် နိုင်ငံသားစိစစ်ရေးကတ်များကို စနစ်တကျ စိစစ်ပြုလုပ်ပေးခဲ့ရာ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် စတင်ပြုလုပ်သူ ကျား ၄၅ ဦး၊ မ ၄၂ ဦး၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် စတင်ပြုလုပ်သူ လေးဦး၊ ကတ်လဲလှယ်သူ ကျား ၁၂ ဦး၊ မ ၁၅ ဦး၊ ကတ်ပျောက်ဆုံး/ပျက်စီး၍ ပြန်ထုတ်ပေးသူ ကျား ၁၆ ဦး၊ မ ၁၆ ဦး၊ စုစုပေါင်း ၁၅၀ အတွက် ဆောင်ရွက်ပေးနိုင်ကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

# အစွန်းရောက်နိုင်ငံရေးအကြမ်းဖက်သမားများ လက်တွဲဖယ်ရှား

.......... ရဲယံ ..........

**မည်သည့်နိုင်ငံ၏ အစိုးရကမှ အကြမ်းဖက်သမားတို့၏ ရည်ရွယ်ချက် ပြည့်ဝအောင် လိုက်လျောရိုး ထုံးစံမရှိပါ။ အကြမ်းဖက်သမားများနှင့် ညှိနှိုင်းခြင်း၊ လိုက်လျောခြင်းမလုပ်ပါ။ ဤအရာသည် အစိုးရတိုင်းက ပြည်သူအတွက် ဆောင်ရွက်ပေးရမည့်၊ အကာအကွယ်ပေးရမည့် လုပ်ရိုးလုပ်စဉ်တစ်ခုပင်။ အကြမ်းဖက်မှုများသည် အစွန်းရောက် စိတ်ဓာတ်ကို အခြေခံသည်။ လက်ရှိ မြန်မာ့နိုင်ငံရေးတွင် နိုင်ငံရေးအစွန်းရောက် စိတ်ဓာတ်ရှိသူများသည် ၎င်းတို့၏ နိုင်ငံရေးအကျိုးအမြတ်အတွက် အကြမ်းဖက်မှုများကို လက်နက်အဖြစ် အသုံးပြုလျက်ရှိသည်။**

နိုင်ငံရေးအကျိုးအမြတ်အတွက် အကြမ်းဖက်နည်းလမ်းကို ကျင့်သုံးခြင်းသည် မှန်ကန်သော နည်းလမ်းမဟုတ်။ သို့သော် ရွေးကောက်ပွဲ မသမာမှုများကို အကြောင်းတည် ဖြစ်ပေါ်လာသည့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်များတွင် အကြမ်းဖက်မှုများ ပါဝင်လာခဲ့ပေပြီ။ ယခုပြည်သူအများ သွားလာနေထိုင်ရာနေရာများတွင် ပေါက်ကွဲမှုများဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများထံ အကြောက်တရား ဖြန့်ဝေလျက်ရှိသည်။

## သပိတ်ပေါင်းစုံ ဖန်တီးလှုံ့ဆော်လျက်ရှိ

အထင်ရှားဆုံးမှာ ကျောင်းများပြန်လည်မဖွင့်နိုင်အောင် ခြိမ်းခြောက်ခြင်းပင်။ ပညာရေးသည် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်အတွက် အဓိကဖြစ်သည်ကို နိုင်ငံရေး အစွန်းရောက်သူများအနေဖြင့် မသိ၍ မဟုတ်။ သိ၍ အညှာကိုင်ခြင်း ဖြစ်ပေလိမ့်မည်။ စာသင်ကျောင်းများ မီးရှို့ဖျက်ဆီးခြင်း၊ ဗုံးခွဲခြင်း၊ ဆရာ ဆရာမများအား ခြိမ်းခြောက်ခြင်းတို့ဖြင့် ပညာသင်ကြားခွင့် ဆုံးရှုံးအောင် ဖန်တီးလျက်ရှိသည်။

အစိုးရ၏ လုပ်ငန်းဆောင်တာများ နှောင့်နှေးစေရေးအတွက် ဆိုင်ကယ်စီးသပိတ်၊ အသံတိတ်သပိတ်၊ ညသပိတ်၊ လူမဲ့သပိတ်၊ ပြည်လုံးကျွတ်သပိတ် စသည်ဖြင့် သပိတ်ပေါင်းစုံ ဖန်တီးလှုံ့ဆော်လျက်ရှိသည်။

ထို့အပြင် ပြည်သူများအကြား စိတ်လှုပ်ရှားမှု မြင့်တက်နေသည့် ယခုအချိန်၌ ကောလာဟလများကို ဖန်တီးဖြန့်ဝေကြသည်။ ဘဏ်များ ပြိုလဲမည်၊ ငွေစက္ကူများ ဖျက်သိမ်းမည်၊ စက်သုံးဆီ ပြတ်လပ်မည်၊ စားနပ်ရိက္ခာပြတ်လပ်မည် စသည်ဖြင့် နိုင်ငံမတည်မငြိမ် ဖြစ်စေမည့်အကြောင်းအရာပေါင်းစုံကို မရိုးရအောင် ဖြန့်ဝေလျက်ရှိကြသည်။

ကောလာဟလများ၏ နောက်ကွယ်က အကြောင်းရင်းမှာ အစိုးရယန္တရားအခက်တွေ့ရေး၊ အစိုးရအပေါ် ပြည်သူများ အယုံအကြည်မရှိရေးပင် ဖြစ်သည်။ နိုင်ငံမတည်ငြိမ်မှုဖြစ်စေရန် လှုံ့ဆော်ဖန်တီးခြင်း၊ ဆူပူအကြမ်းဖက်တိုက်ခိုက်ခြင်းတို့ကြောင့် ပြည်သူတို့၏ လူမှုစီးပွားအခက်အခဲ ဖြစ်လာကြသည်။ ထို့ကြောင့် နိုင်ငံရေး အမြတ်ထုတ်လိုသူများ၏ ရည်ရွယ်ချက် မပြည့်ဝနိုင်စေရန် မှားယွင်းသည့် သတင်းအချက်အလက်များကို ဆင်ခြင်သတိပြုရမည်ဖြစ်သည်။

တစ်ဖက်မှလည်း အကြမ်းဖက် နိုင်ငံရေးအစွန်းရောက်များသည် လက်နက်ကိုင် ခြောက်လှန့်မှုများ၊ ဗုံးခွဲခြောက်လန့်မှုများ၊ မီးရှို့ဖျက်ဆီးတိုက်ခိုက်မှုများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများကို လုပ်ကြံသတ်ဖြတ်မှုများဖြင့် အကြမ်းဖက်မှုများကို လစ်လျှင် လစ်သလို ကျူးလွန်လျက်ရှိသည်။

ထိုသို့ ဥပဒေမဲ့လုပ်ရပ်များကို ကျူးလွန်နေသော်လည်း ၎င်းတို့က ပြည်သူများအကြား ဝါဒဖြန့်သည်မှာ ဒီမိုကရေစီခေါင်းစဉ်တပ်၍သာ။ အကြမ်းဖက်နိုင်ငံရေးအစွန်းရောက်သူများက ၎င်းတို့ အောင်မြင်မှု မရှိခဲ့လျှင် လက်ရှိအစိုးရလက်ဝယ် အာဏာအစွန့်ရှည်ပြီး ဒီမိုကရေစီ အရေးပျက်ပြယ်မည်ဟူသော လွဲမှားသည့် သတင်းအချက်အလက်ကို ဖြန့်ဝေလျက်ရှိသည်။

## ကာကွယ်ထိန်းသိမ်းခြင်းသာဖြစ်

၎င်းတို့ ညွှန်းဆိုနေသလို လက်ရှိအစိုးရသည် အာဏာအစွန့်ရှည်စေရန် ရည်ရွယ်ဖွဲ့စည်းထားသည့် ဖွဲ့စည်းမှုမျိုးလည်း မဟုတ်။ နိုင်ငံ့အာဏာကို မတရားနည်းလမ်းဖြင့် ရယူခြင်းမှ ကာကွယ်ထိန်းသိမ်းခြင်းသာဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးဆောင်သည့် အစိုးရအဖွဲ့တွင် တိုင်းရင်းသားများအပါအဝင် နိုင်ငံရေးပါတီအသီးသီးမှ ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားသည်။



တိုင်းရင်းသားများ၊ နိုင်ငံရေးပါတီများပါဝင်သော အစိုးရတစ်ရပ်အဖြစ် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ကြိုးပမ်းဖော်ဆောင်သွားမည်ဖြစ်သည်။

ထိုသို့ ဖော်ဆောင်ရာ၌လည်း နိုင်ငံအတွက် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်၍ စနစ်တကျ ဖော်ဆောင်သွားမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများဘက်မှလည်း နိုင်ငံရေးခံယူချက် ကွဲပြားနေစေကာမူ အကြမ်းဖက်သမားများ၏ လုပ်ဆောင်မှုများတွင် ပါဝင်မှုမရှိစေရန် အထူးသတိပြုရမည် ဖြစ်သည်။ ထို့အတူ အားပေးကူညီမှု မပြုမိရန်လည်း အရေးကြီးပေသည်။

## ဥပဒေအရ အရေးယူခံရနိုင်

အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုကို ဖြစ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့် မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ ပြုလုပ်မှုတို့သည် အကြမ်းဖက်မှုများတွင် အကျုံးဝင်လျက်ရှိသည့်အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ အရေးယူခံရနိုင်ပေသည်။

## ပြည်သူများက သတိပြုဆင်ခြင်

အလားတူ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်အား ဖမ်းဆီး၍ အရေးယူခြင်း မပြုနိုင်စေရန်ဖြစ်စေ၊ လွတ်မြောက်စေရန်အတွက်ဖြစ်စေ ထိမ်ချန်ခြင်း သို့မဟုတ် သိလျက်နှင့် ခိုလှုံခွင့်ပေးခြင်း၊ ပုန်းအောင်းခွင့်ပေးခြင်း၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးခြင်း သို့မဟုတ် ဝှက်ထားခြင်း၊ ၎င်းအဖွဲ့ဝင်များအား အဆောက်အအုံနှင့်နေရာတစ်ခုခု အသုံးပြုခွင့်ပေးခြင်း၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်ပေးရန်၊ အကြမ်းဖက်မှုဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန် သို့မဟုတ် သယ်ယူပို့ဆောင်ပေးရန်ပြုလုပ် ခြင်း၊ ၎င်းတို့ အသုံးပြုရန် ရည်ရွယ်၍ဖြစ်စေ၊ အသုံးပြုမည်ဟုသိလျက်နှင့်ဖြစ်စေ ငွေကြေးကောက်ခံခြင်း၊ လက်ခံခြင်း၊ ထောက်ပံ့ခြင်း၊ ပေးပို့ခြင်း၊ လွှဲပြောင်းခြင်း၊ ကူညီခြင်း၊ လက်ဝယ်ထားခြင်း၊ အားပေးခြင်း၊ ကူညီခြင်း၊ လှုံ့ဆော်ခြင်း စသည်တို့ကို ပြုလုပ်ပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေများနှင့် ငြိစွန်းပြီး အရေးယူအပြစ်ပေးခြင်း ခံရနိုင်သည့်အတွက် ပြည်သူများက သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။

ဘေးလွတ်ကင်းရာနေရာမှ CRPH နှင့် NUG တို့၏ ဝါဒဖြန့်မှုများ၊ မြှောက်ပင့် စေစားမှုများကို ပကတိအတိုင်း သိမြင်နားလည်ရမည့် အချိန် ဖြစ်သည်။ နိုင်ငံရေးအကျိုးအမြတ် ရလိုမှုကို ဇာတ်စုံမခင်းဘဲ အရေးတော်ပုံအောင်ရမည်ဆိုသည့် ပင့်လုံးများကြောင့် အပြစ်မဲ့ ပြည်သူများလည်း သေဆုံးမှုများ ရှိခဲ့သည်။ ပြည်တွင်း ပြည်ပမှ အကြမ်းဖက်သမားများနှင့် လော်ဘီများ၏ မြှောက်လုံးပင့်လုံးများ၊ ဆင်ခြင်တုံတရားနည်းပါးသူတို့၏ သဘောထားများကလည်း အကြမ်းဖက်မှုများကို ဖိတ်ခေါ်လျက်ရှိသည့်အတွက် သတိချပ်ရမည် ဖြစ်သည်။

လက်တွေ့တွင် ပြည်သူများသည် မည်သို့မည်ပုံ ကျူးလွန်မည် မသိသည့် အကြမ်းဖက်တိုက်ခိုက်မှုများကို စိုးရိမ်ထိတ်လန့်နေကြပြီး တည်ငြိမ်အေးချမ်းမှုကိုသာ လိုလားလျက်ရှိသည်။ တည်ငြိမ်မှုလိုလားလျှင်၊ အေးချမ်းမှုကို လိုလားလျှင် တည်ငြိမ်အေးချမ်းမှုကို မလိုတမာ ဖျက်ဆီးနေသည့် မြှောက်ပင့်သွေးထိုးနေသူများ၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်နေသူများကို ဥပဒေနှင့်အညီ ဖယ်ရှားရှင်းလင်းရမည်သာ။

## ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ ထုတ်ပြန်ထား

အကြမ်းဖက်မှု ကျူးလွန်သူများသည် ပြည်သူလူထုအတွင်း ရောနှောနေထိုင်ပြီး ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ပြီးပါက လူထုအတွင်းပင် လျှိုးဝင်ပျောက် ကွယ်သွားခြင်းကြောင့် ပြည်သူလူထု၏ ပူးပေါင်းစွမ်းအားဖြင့်သာ ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်မည်ဖြစ်သည်။ အဖျက်သမားများနှင့် ပတ်သက်သည့် လှုပ်ရှားမှုများ၊ မသင်္ကာစရာများကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ သတင်းပေးအကြောင်းကြားခြင်းဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်သွားရမည် ဖြစ်သည်။ ထိုသို့ ပြည်သူများက အသိပေးနိုင်ရန်အတွက် သက်ဆိုင်ရာနယ်မြေအလိုက် လုံခြုံရေးအဖွဲ့အစည်းများထံ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များကို ထုတ်ပြန်ထားပြီးဖြစ်သည်။

ထိုသို့မဟုတ်၊ ဆူပူအကြမ်းဖက်မှုများကို ပြည်သူနှင့်အတူ ထိထိရောက်ရောက် ပူးပေါင်းဖယ်ရှားနိုင်ခြင်းမရှိပါက နိုင်ငံအတွက် ကြီးမားသည့်အန္တရာယ်ကို ဖိတ်ခေါ်နေသကဲ့သို့ဖြစ်နေမည်။ သို့ဖြစ်၍ အကြမ်းဖက်လုပ်ရပ်များကို ပြည်သူလူထုနှင့် ပူးပေါင်းကာ ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားကြရမည်ဖြစ်ပြီး အများအကျိုးအတွက် အဖျက်သမားများနှင့် ပတ်သက်သောသတင်းများ၊ လုပ်ဆောင်မှုများကို အသိပေးခြင်းသည် တာဝန်သိသော နိုင်ငံသားတစ်ဦးဖြစ်သည့်အပြင် ကိုယ့်ရပ်ရွာလုံခြုံရေးအတွက် ကာကွယ်ပေးမှုလည်း ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

- ❖ **အကြမ်းဖက်မှုကျူးလွန်သူများသည် ပြည်သူလူထုအတွင်း ရောနှောနေထိုင်ပြီး ဥပဒေမဲ့ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ပြီးပါက လူထုအတွင်းပင် လျှိုးဝင်ပျောက်ကွယ်သွားခြင်းကြောင့် ပြည်သူလူထု၏ ပူးပေါင်းစွမ်းအားဖြင့်သာ ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်မည်**
- ❖ **အဖျက်သမားများနှင့် ပတ်သက်သည့် လှုပ်ရှားမှုများ၊ မသင်္ကာစရာများကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ သတင်းပေးအကြောင်းကြားခြင်းဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်သွားရမည်**
- ❖ **ထိုသို့ ပြည်သူများက အသိပေးနိုင်ရန်အတွက် သက်ဆိုင်ရာနယ်မြေအလိုက် လုံခြုံရေး အဖွဲ့အစည်းများထံ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များကို ထုတ်ပြန်ထားပြီးဖြစ်သည်**

၂၀၂၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပိုစတာ




# မာန်အောင်မြို့နယ် ကန့်ကော်တောကျေးရွာတွင် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**မာန်အောင် မေ ၂၉**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများအား ကွင်းဆင်းဆောင်ရွက်ပေးရန် ကန့်ကော်တောကျေးရွာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူ ၄၄ ဦးအား ယမန်နေ့က မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ကျော်နှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်နယ်ဦးစီးမှူး၏ ညွှန်ကြားမှုဖြင့် မာန်အောင်မြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပြီး ပန်းခင်းစီမံချက်၏ ရည်ရွယ်ချက်များဖြစ်သော နေထိုင်မှုပုံစံများအလိုက် လက်ရှိဇာတိတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ လက်ရှိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စု လူဦးရေစာရင်းမရှိ၊ ကိုင်ဆောင် လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ် မရှိသူများအား ဆောင်ရွက်ပေးခြင်းနှင့် ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိ လက်ရှိဒေသတွင်လည်း အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်းဟူသော နည်းလမ်း(၄)သွယ် ချမှတ်ကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ သိရသည်။

**သိန်းထွန်းအောင်(ပြန်/ဆက်)**






အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၅- ၂၀၂၁

### ရွှေ

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၁၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၇၁၀၀ |

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၁၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၄၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၈၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉.၅၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၄၀ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၁၄၆၃ | ၁၃၁၆၇၀၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀ | ၈၉၇၇ | ၃၁၃၆၉၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၁၅ | ၃၂၂၀၀၀ |
| EFR | ၂၉၀၀ | ၃၀၅၀ | ၂၀၁ | ၅၈၃၀၅၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# သမဝါယမအသင်းဖွဲ့စည်းကာ စုပေါင်းလုပ်ဆောင်ခြင်း၏ရလဒ်ကောင်းကို ပါဝင်သူအသင်းသားတို့ ခံစားကြပါစို့

K၈င်သစ် (မန်းတက္ကသိုလ်)

**စိုက်ပျိုးထုတ်လုပ်သူ တောင်သူတို့အနေဖြင့် အရည်အသွေးကောင်းမွန်သည့် လယ်ယာထွက်ကုန်သီးနှံများကို စုပေါင်းစိုက်ပျိုးထုတ်လုပ်ပြီး ဈေးကွက်ချိတ်ဆက်မှုကောင်းအောင် လုပ်ကိုင်မှသာလျှင် အကျိုးစီးပွားဖြစ်ထွန်း အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ရောင်းသူဈေးကွက် ရရှိနိုင်ရေး အစုအဖွဲ့၊ အသင်းများထူထောင်ကာ ယင်းအသင်းတွင် ပါဝင်သူအားလုံး အကျိုးအမြတ်ကိုယ်စီရရှိစေနိုင်သည့် သမဝါယမကျင့်ဝတ်၊ အခြေခံမူများနှင့်အညီ ပုံဖော်လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်သည်။**

ဟိုပုံးနှင့် လွိုင်လင် မြို့နယ်များတွင် ယင်းနယ်မြေမှ ကော်ဖီစိုက်တောင်သူတို့ လူထုအခြေပြု ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးဆက်အဖြစ် ပြည်ပပို့ကုန်ဝင်ငွေတိုးပွားမှုကို ခံစားနေရပြီဖြစ်သည်။

### အားသွန်ခွန်စိုက် ပံ့ပိုးပေးခဲ့

သမဝါယမဦးစီးဌာနအနေဖြင့် စိုက်ပျိုးသီးနှံအလိုက် တောင်သူများ၏ လိုအပ်ချက်ကို အခြေခံပြီး ကူညီပံ့ပိုးနိုင်ရန် ဆောင်ရွက်နေသည့် အားလျော်စွာ ကော်ဖီစိုက်တောင်သူများအား စည်းရုံးဆွေးနွေးခြင်း၊ သမဝါယမ သဘောတရားနှင့် လုပ်ထုံးလုပ်နည်းများရှင်းလင်းခြင်း၊ သမဝါယမအသင်းဖွဲ့စည်း ထူထောင်ပေးကာ စုပေါင်းဆောင်ရွက်ကြစေပြီး အသင်းနှင့် အသင်းသား အကျိုးဖြစ်ထွန်းစေရေး အားသွန်ခွန်စိုက် ပံ့ပိုးပေးခဲ့သည်ဟုလည်း ကြားသိရသည်။

ဟိုပုံးနှင့် လွိုင်လင်မြို့နယ်တို့ရှိ ကျေးရွာများမှ ကော်ဖီစိုက်တောင်သူ ၈၀၅ ဦး တို့ကလည်း စုပေါင်းဆောင်ရွက်ခြင်းက ပိုမိုအကျိုးရှိနိုင်သည်ဟု ခံယူယုံကြည်ပြီး ယင်းတို့ဆန္ဒနှင့်အညီ Green Gold ကော်ဖီစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း လီမိတက်ကို သမဝါယမမူဝါဒများနှင့်အညီ တောင်းဆိုလာသည့်အတွက် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် သမဝါယမဦးစီးဌာနမှ ဖွဲ့စည်းမှတ်ပုံတင်ပေးခဲ့သည်။

Green Gold ကော်ဖီစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း လီမိတက်အနေဖြင့် ကော်ဖီပင်များစိုက်ပျိုးနိုင်ရန် လိုအပ်သော မျိုး၊ နည်းပညာနှင့် ပညာရှင် ထောက်ပံ့မှု၊ စိုက်ပျိုးရေး သွင်းအားစုများကို နိုင်ငံတကာအဖွဲ့အစည်း လေးခုတို့မှ ကနဦးတွင် ထောက်ပံ့ပေးခဲ့ပြီး ရှင်သန်ကြီးထွားလာမှုနှင့် အရည်အသွေးကောင်း ကော်ဖီများထွက်ရှိလာရေးအတွက် နယ်ခံကော်ဖီစိုက် တောင်သူဦးကြီးတို့က ၎င်းတို့ကိုယ်တိုင် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း၏ အကျိုးသက်ရောက်မှုကို ကောင်းစွာခံစားနေရပြီဖြစ်သည်။

မြန်မာနိုင်ငံတွင်ဖြစ်ထွန်းအောင်မြင်နေသည့်ကော်ဖီအမျိုးအစားများမှာ ကုန်းမြင့် ကော်ဖီမျိုး အာရေးဗီးကား(Arabica Coffee) နှင့် မြေနိမ့် ကော်ဖီမျိုး ရိုဘက်စတာ(Robusta Coffee) တို့ကို အဓိကထား စိုက်ပျိုးကြသည်။ ဟိုပုံး၊ လွိုင်လင်နှင့် ရှမ်းဒေသထွက် အာရေးဗီးကား ကော်ဖီများမှာ အမေရိကန်၊ ဥရောပနှင့် ကမ္ဘာ့နိုင်ငံများတွင် အရည်အသွေး ကောင်းမွန်ခြင်း၊ အော်ဂဲနစ်သီးနှံထွက် စိုက်ပျိုးထားခြင်းတို့ကြောင့် သုံးစွဲသူများပြားပြီး ကြိုက်နှစ်သက်မှု တိုးလာနေကြောင်း လေ့လာသိရှိရသည်။

Green Gold Cooperative စတင်ဖွဲ့စည်းခဲ့စဉ်က အသင်းသားများ၏ စိုက်ပျိုးထားရှိမှုမှာ ၂၀၁၄ ခုနှစ်၌ မြေ ၁၈၈ ဒသမ ၂ ဧကတွင် ကော်ဖီပင် ၃၃၈၀၅၃ ပင်၊ ၂၀၁၅ ခုနှစ်၌ မြေ ၅၂၈ ဒသမ ၆၉ ဧကတွင် ၉၆၈၈၅၆ ပင်၊ ၂၀၁၆ ခုနှစ်၌ မြေဧက ၉၁၀ ဒသမ ၀၉၄ တွင် ကော်ဖီ ၁၆၇၃၅၃၃ ပင်နှင့် ၂၀၁၇ ခုနှစ်၌ မြေဧက ၇၂၃ ဒသမ ၅၄၄ ဧကတွင် ကော်ဖီပင် ၁၃၄၂၂၆၀ တို့ကို တိုးမြှင့် စိုက်ပျိုးလာနိုင်သည့်အတွက် Green Gold ကော်ဖီ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယင်းနယ်တစ်ဝိုက်ရှိ ကော်ဖီစိုက်တောင်သူများ အားလုံးနီးပါး သမဝါယမအသင်းသားများ ဖြစ်လာကြသည်။

### အကျိုးအမြတ်များစွာ ရရှိလာနိုင်

စိုက်ပျိုးထုတ်လုပ်သည်မှ ပြည်ပသို့ တင်ပို့နိုင်သည်အထိ Supply chain တစ်ခုလုံးကို Green Gold က "အားလုံးပူးပေါင်းဆောင်ရွက်ခြင်း"ဆိုသည့်မူကို လက်ဝယ်ပိုက်ထားပြီး တောင်သူလယ်သမားများ အကျိုး စွမ်းဆောင်ပေးနိုင်မှုက သမဝါယမဆိုသည့် သရုပ်သဏ္ဍာန်ကို ပြည့်ဝစွာပုံဖော်ပေးနေသည်ဟု ဆိုချင်ပါသည်။ အခြားသီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိသော သမဝါယမအသင်းများအနေဖြင့် Green Gold ကော်ဖီစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းကဲ့သို့ အသင်းသားများ၏ ပူးပေါင်းပါဝင်မှု၊ စိတ်ဓာတ်တက်ကြွမှု စုပေါင်းလုပ်ဆောင်ခြင်းမျိုးကို လုပ်ဆောင်ကြပါက အကျိုးအမြတ်များ ပိုမိုရရှိလာမည်ဖြစ်ပြီး ဦးဆောင်မှုကောင်းများ ဆောင်ကြဉ်းပေးနိုင်မည်ဆိုပါက ကျေးလက်နေတောင်သူဦးကြီးများအနေဖြင့် သမဝါယမစနစ်ကို အခြေခံ၍ အသင်းအဖွဲ့များ ဖွဲ့စည်းထူထောင် ဆောင်ရွက်လျှင် ထွက်ရှိလာသည့် လယ်ယာထွက်ကုန်သီးနှံများအတွက် ဈေးကွက်ခိုင်မာမှုများ ရရှိနိုင်ကာ အကျိုးအမြတ်များစွာ ရရှိလာနိုင်မည်ဖြစ်သည်။

သမဝါယမအသင်းအဆင့်ဆင့် လမ်းကြောင်းမှလည်း Green Gold အသင်းအတွက် စိုက်ပျိုးစရိတ်ထောက်ပံ့ငွေများ၊ အသင်းသားများ လိုအပ်သည့် စက်ကိရိယာများ ရောင်းချပေးပြီး ဈေးကွက်ချိတ်ဆက်ပေးမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးမှု သင်တန်းပေးခြင်းတို့ကို ထုတ်ပြန်ထားသည့် ညွှန်ကြားလွှာများနှင့်အညီ ကူညီပံ့ပိုးပေးနေခြင်းကြောင့် အသင်း၏ အောင်မြင်မှုမှာဖွဲ့စည်းပြီး ခြောက်နှစ်တာကာလအတွင်း တစ်ဟုန်ထိုး တိုးတက်လာခဲ့သည်။

သမဝါယမစနစ်မှန်ဖြင့် လျှောက်လှမ်းနေသည့် Green Gold အသင်းစတင် ဖွဲ့စည်းစဉ်က ကော်ဖီစိုက်တောင်သူအသင်းသား ၈၀၅ ဦး၊ အစု တစ်စုလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် အစုအရေအတွက် ၅၈၂၀ ပါဝင်ခဲ့ရာမှ လက်ရှိတွင် အသင်းသား ၉၃၇ ဦးနှင့် အစုတစ်စု တန်ဖိုးမှာ ငွေကျပ် ၄၀၀၀၀ ဖြင့် ရင်းနှီးငွေများ တိုးပွားနေပြီဖြစ်သည်။ ဟိုပုံးမြို့နယ်မှ ၁၈ ရွာ၊ လွိုင်လင်မြို့နယ်မှ ၃၉ ရွာ စုစုပေါင်းကျေးရွာ ၅၇ ရွာမှ ကော်ဖီစိုက်တောင်သူ အသင်းသား ၉၃၇ ဦးတို့က ကော်ဖီစိုက်ဧက ၂၃၅၀ (၉၅၁ ဟက်တာ)တွင် ကော်ဖီ ၄၃၂၂၇၀၂ ပင် စိုက်ပျိုးထားပြီး အသင်း၏ ရိုးရှင်း တက်ကြွစွာလှုပ်ရှားမှုက မြို့နယ်ခြား၊ ကျေးရွာ မတူသော်လည်း သမဝါယမအရိပ်အောက်မှာ ခိုလှုံ၍ စိတ်ဆန္ဒတူသူများဖြင့် အောင်မြင်စွာ ဖွဲ့စည်းရပ်တည်လျက်ရှိနေသည်ကို စံပြု၍ နိုင်ငံအဝန်း Green Gold အသင်းကဲ့သို့ သမဝါယမအသင်းများ ဖွဲ့စည်းထူထောင်ကြမည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်လာမည် အမှန်ပါ။

ရပ်တည်ဦးဆောင်သွားနိုင်ရေး စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ပုံဖော်ပေးချင်သည့်ဆန္ဒက သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းအဆင့်ဆင့်တို့တွင် အပြည့်ရှိခဲ့ပါသည်။ စနစ်တကျဖွဲ့စည်းတည်ထောင်ထားသည့် အသင်းအဖွဲ့များအနေဖြင့် ရောင်းချသည့်အပိုင်းတွင် ရောင်းသူဈေးကွက် Bargaining Power ရရှိစေပြီး မိမိတို့ကုန်ထုတ်လုပ်ငန်းအတွက် လိုအပ်သော သွင်းအားစုများကိုလည်း စုပေါင်းဝယ်ယူခြင်းဖြင့် အသင်းအဖွဲ့ဘက်က အများဈေးကြောင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိစေသည့် အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း မီးမောင်းထိုးပြလိုပါသည်။

### နှောင်နှစ်ပေါင်းများစွာတိုင် တည်ရှိနေမည်

၂၀၂၁ ခုနှစ် ဧပြီ ၂၃ ရက်တွင် ပြည်ထောင်စုဝန်ကြီး၏ ရှမ်းပြည်နယ်ခရီးစဉ်၌ အသင်း၏ တင်ပြချက်အပေါ် "အသင်းသားတိုးချဲ့ဖွဲ့စည်းနိုင်ရေး၊ ကော်ဖီစေ့ ကြိတ်ခွဲရာတွင် အရည်အသွေး ကောင်းမွန်သည့် စက်ကိရိယာများကို အသုံးပြုသွားနိုင်ရေး၊ လုပ်ငန်းဆောင်ရွက်ရာတွင် တစ်ဦးချင်း၊ တစ်ယောက်ချင်း ဆောင်ရွက်ခြင်းထက် စုပေါင်းဆောင်ရွက်ခြင်းဖြင့် ရောင်းဝယ်ရေးကိစ္စများ ပိုအားရှိပြီးဖြစ်သည့်အတွက် တစ်ဦးချင်း၊ အစုအဖွဲ့ချင်း၊ သမဝါယမအသင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားရေး၊ သမဝါယမအသင်းဖွဲ့ပြီး စုပေါင်းစိုက်ပျိုး ရောင်းဝယ်ခြင်းကြောင့် ရောင်းသူဈေးကွက်ရရှိလာအောင်ဆက်လက် ကြိုးစားဆောင်ရွက်ရေး၊ ရှမ်း-ပင်လောင်း၊ အခြားမြို့နယ်များရှိ ကော်ဖီစိုက်တောင်သူများကိုလည်း Exchange Visit

**❖ အသင်းသားများ၏ ပူးပေါင်းပါဝင်မှု၊ စိတ်ဓာတ်တက်ကြွမှု စုပေါင်းလုပ်ဆောင်ခြင်းမျိုးကို လုပ်ဆောင်ကြပါက အကျိုးအမြတ်များ ပိုမိုရရှိလာမည်ဖြစ်ပြီး ဦးဆောင်မှုကောင်းများ ဆောင်ကြဉ်းပေးနိုင်မည်ဆိုပါက ကျေးလက်နေတောင်သူဦးကြီးများအနေဖြင့် သမဝါယမစနစ်ကို အခြေခံ၍ အသင်းအဖွဲ့များ ဖွဲ့စည်းထူထောင်ဆောင်ရွက်လျှင် ထွက်ရှိလာသည့် လယ်ယာထွက်ကုန် သီးနှံများအတွက် ဈေးကွက်ခိုင်မာမှုများ ရရှိနိုင်ကာ အကျိုးအမြတ်များစွာရရှိလာနိုင်**

၂၀၁၄ - ၂၀၁၅ ခုနှစ်များက စိုက်ပျိုးခဲ့သည့် ကော်ဖီပင်များမှာ ယခုဆိုလျှင် ကော်ဖီစေ့များ လှိုင်လှိုင်ရရှိနေပြီး အရည်အသွေးလည်းကောင်း၊ အော်ဂဲနစ်လက်မှတ်လည်း ရရှိထားပြီးဖြစ်၍ ကော်ဖီ Brand ကိုမူ Green Gold Coffee ဟု မှတ်ကျောက်တင်နိုင်အောင် အသင်းနှင့် အသင်းသားများက ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

၂၀၁၉ ခုနှစ် ဇူလိုင်လတွင် အသင်းအနေဖြင့် ဂျာမနီနိုင်ငံအခြေစိုက် FLOCERD မှ ထုတ်ပေးထားသည့် Fairtrade International အသိအမှတ်ပြု Fairtrade Certificate (မျှတသောကုန်သွယ်မှုအသိအမှတ်ပြုလက်မှတ်) ကိုလည်းကောင်း၊ သမဝါယမဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ကုန်သွယ်မှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ငါးနှစ် သက်တမ်းရှိသည့် ပို့ကုန် သွင်းကုန်လုပ်ငန်းရှင်လက်မှတ်ကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်တွင်လည်းကောင်းရရှိပြီး မြန်မာ့ကော်ဖီကို နိုင်ငံတကာဈေးကွက်တွင် ထိုးဖောက်တင်ပို့လျက်ရှိနေပြီ ဖြစ်သည်။

အခွံချွတ်ထားသော Green Bean ကော်ဖီများကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ၃၈ တန်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၁၄၁ တန်၊ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ၃၀၉ တန်၊ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ၄၄၂ တန်နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ၅၅၃ တန်တို့ကို မျှတသော ကုန်သွယ်မှုအသိအမှတ်ပြု လက်မှတ်ရရှိမှု အခြေအနေအပေါ် မူတည်၍ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၅၀ နှုန်းဖြင့် Green Gold အသင်းမှ ပြင်သစ်နိုင်ငံသို့ ၂၀၁၇ - ၂၀၁၈ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အထိ ၁၇၉ တန်အထိ တင်ပို့နိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်၌ ၁၃၄ ဒသမ ၄ တန်ခန့် တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိရေး၊ စုပေါင်းထုတ်လုပ်၊ စုပေါင်းရောင်းချကာ ရေရှည်တည်တံ့ဖွံ့ဖြိုးစေရေးအတွက် အသင်းအဖွဲ့တစ်ခု ထူထောင်ပေးကာ နောင်တွင် အဆိုပါအသင်းက ကိုယ်တိုင်

ပြုလုပ်၍ စည်းရုံးဆွေးနွေးပြီး သမဝါယမအသင်း ဖွဲ့စည်းနိုင်ရေး" ဆောင်ရွက်သွားကြရန် လမ်းညွှန်မှုများရှိခဲ့သဖြင့် သမဝါယမဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ကလည်း လိုအပ်သည့်ပံ့ပိုးမှု၊ နည်းပညာပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ Green Gold သမဝါယမအသင်းမှ ဖူးပွင့်လာသည့် အောင်မြင်မှု အသီးအပွင့်များသည် မောရှမ်းမြေမှ ကျေးလက်နေပြည်သူများ လက်တွေ့ကျကျ ခူးယူစားသုံးနေကြမည်မှာ နှောင်နှစ်ပေါင်းများစွာတိုင် တည်ရှိနေမည်ဖြစ်သည်။

အချုပ်ဆိုရသော် Green Gold ကော်ဖီစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းက နယ်မြေခံပြည်သူ့ အကျိုးစီးပွားတိုးရန် ဆောင်ကြဉ်းပေးနိုင်သကဲ့သို့ လယ်ယာထွက်ကုန်သီးနှံဖြစ်သည့် မြန်မာ့ကော်ဖီကို ကမ္ဘာ့အလယ်မှာ မျက်နှာပန်းလှလှ ဈေးကွက်ရ၍ ပို့ကုန်ဝင်ငွေတိုးမြှင့်ရရှိစေပြီး ကော်ဖီစိုက်ပျိုးသည့် တောင်သူတို့ အစဉ်အမြဲ ပြုံးပျော်နေစေရန် သမဝါယမအသင်းက ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်းဖြင့် အသင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်မှာ အားကျဖွယ်ရှိလှပါသည်။

အလားတူ နိုင်ငံအဝန်း အောင်မြင်လျက်ရှိသော သမဝါယမအသင်းများ၏ စုပေါင်းဆောင်ရွက်ခြင်းဖြင့် အကျိုးအမြတ်ကောင်းများ ရရှိနေမှု၊ အသင်းသားတိုင်း၏ ခွန်အားအပြည့်ဖြင့် ဝါယမစိုက်ထုတ် ပူးပေါင်းပါဝင်လျက်ရှိမှုတို့ကို အခြားဒေသရှိ အသင်းသား မဖြစ်သေးသော တောင်သူလယ်သမားများ၊ စုပေါင်းဆောင်ရွက်လိုသော အသင်းသားတောင်သူလယ်သမားများအနေဖြင့် Exchange Visit ပြုလုပ်ကာ ရရှိလာသည့် အတွေ့အကြုံကောင်းများဖြင့် မိမိတို့နေထိုင် လုပ်ကိုင်ရာဒေသများတွင် ခိုင်မာအားကောင်းသော စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများဖွဲ့စည်းပြီး တောင်သူတစ်ဦးချင်းစီ၏အကျိုး၊ အသင်းအကျိုး၊ ဒေသအကျိုး တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရှမ်းပြည်နယ်တောင်ပိုင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ၁၃ ဖွဲ့အားတွေ့ဆုံ



**တောင်ကြီး မေ ၂၉**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ၁၃ ဖွဲ့အား တွေ့ဆုံခြင်း အခမ်းအနားကို မေ ၂၈ ရက်က ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီခန်းမ၌ တွေ့ဆုံသည်။


**ဆောင်ရွက်နိုင်သည်များဖြည့်ဆည်းပေး**

အခမ်းအနားတွင် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ရှမ်းပြည်နယ်တွင် မြို့နယ်အလိုက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း၊ အဖွဲ့၊ ကော်မတီများရှိကြောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း ခရီးစဉ်တွင်လည်း လားရှိုးမြို့၌ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း၊ အဖွဲ့၊ ကော်မတီများနှင့် တွေ့ဆုံရာတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း၊ အဖွဲ့၊ ကော်မတီတို့ တင်ပြမှုများအပေါ် ဆောင်ရွက်ပေးနိုင်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း၊ ယခု ရှမ်းပြည်နယ်တောင်ပိုင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း၊ အဖွဲ့၊ ကော်မတီများနှင့်လည်း ရင်းရင်းနှီးနှီး တွေ့ဆုံလိုသဖြင့် ယခုလို စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း၊ အဖွဲ့၊ ကော်မတီများအနေဖြင့်လည်း မိမိတို့ တိုင်းရင်းသားစာပေ ယဉ်ကျေးမှုကိစ္စရပ်များ၊ အခွင့်အရေးများနှင့် ပတ်သက်၍ အခက်အခဲများကို ဆွေးနွေးတင်ပြစေလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ ညွှန်ကြားချက်အရ တိုင်းရင်းသားဒေသများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိရေး၊ ကျေးလက်နှင့် မြို့ပြကွာဟမှု မရှိစေရေးနှင့် လျှပ်စစ်ကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို ဆောင်ရွက်ပေးနိုင်ရန် ထပ်ဆင့်ရှင်းလင်းရခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်ရှိ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာစကားသင်ကြားနိုင်ရေးအတွက် တိုင်းရင်းသားဘာသာစကား သင်ကြားပေးနေသည့် နေ့စားလစာ ဆရာ ဆရာမများကို ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်တွင် နေ့စားလစာ Teaching Assistant (TA) ၈၅၆ ဦးနှင့် Language Teacher (LT) ၁၉ ဦး စုစုပေါင်း ၈၇၅ ဦး ခန့်ထားပေးပြီး ဖြစ် ကြောင်း၊ အဆိုပါ (TA) ဆရာ ဆရာမများအနက် သတ်မှတ်ပညာအရည်အချင်းနှင့် ကိုက်ညီသူများကို အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားနိုင်ရေးအတွက် မိမိတို့အနေဖြင့် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းပြီး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

**ပြန်လည်ရှင်းလင်းဆွေးနွေး**

ထို့နောက် တက်ရောက်လာသော စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက နိုင်ငံသား စိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးရေးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမှာ မိမိတို့တိုင်းရင်းသားလူမျိုးအလိုက် အမှန် ဆောင်ရွက်ပေးရေး၊ ကျေးရွာလျှပ်စစ်မီးရရှိရေး၊ ရေရှိရေး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို အသိအမှတ်ပြုပေးရေး၊ တိုင်းရင်းသားစာပေ ထုတ်ဝေနိုင်ရေးအတွက် လိုအပ်သည်များ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီတွင် ဖြည့်ဆည်းဆောင်ရွက်ပေးရန် တင်ပြဆွေးနွေးပြီး ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တင်ပြချက်များ အပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**



# မော်လိုက်မြို့ ချင်းတွင်းမြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် ထန်းလုံးရေကာတာတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**မော်လိုက် မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးမော်လိုက် မြို့နယ်တွင် ချင်းတွင်းမြစ်ရေ လမ်းကြောင်း ကောင်းမွန်ရေး အတွက် ထန်းလုံးရေကာတာ တည်ဆောက်နေမှုတို့ကို မေ ၂၇ ရက်က ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး နှင့်တာဝန်ရှိသူများက ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

မော်လိုက်မြို့နယ်တွင် ၂၀၂၁– ၂၀၂၂ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၂၄၇ ဒသမ ၅ သန်းဖြင့် မော်လိုက်မြို့ အရှေ့ဘက်ကမ်းတွင် အရှည် ၁၃၁၅ ပေရှိ ထန်းလုံးရေကာတာနှင့် အရှည် ပေ ၁၅၀၀ ရှိ ထန်းလုံးရေကာတာတို့ကို တင်ဒါအောင် မြင်သည့်ကုမ္ပဏီက ယခုနှစ် ဧပြီလကုန်မှစတင်ကာ အကောင် အထည်ဖော် ဆောင်ရွက်ရာ လုပ်ငန်းပြီးစီးမှုအနေဖြင့် ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ရွှေလင်းထက်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာသို့ မော်လိုက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝဏ္ဏထွန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်းသုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ထားသည့် လုပ်ငန်း ပြီးစီးရက်အတွင်း လုပ်ငန်းများ ပြီးစီးနိုင်ရေးနှင့် ရေကာတာ ကြံ့ခိုင်မှုရှိစေရေးတို့ အတွက် အလေးထားဆောင်ရွက်ရန် မှာကြားကြောင်း သိရသည်။

**မော်လိုက်သားလေး**

# မင်္ဂလာဒုံမြို့နယ် ဘားလားချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ရွာမရပ်ကွက် ရန်ကုန်–ပဲခူး ကားလမ်းဘေးရှိ ဘားလားချောင်းအတွင်းသို့ သဘာဝမြစ်ချောင်းအတွင်း ငါးသယံဇာတများ ပေါကြွယ်ဝစေရန်၊ ငါးရိက္ခာဖူလုံစေရန် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို မေ ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်ထွဋ်၊ မြောက်ပိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇင်၊ မင်္ဂလာဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်ကြိုင်၊ ခရိုင်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်၍ ငါးမြစ်ချင်း ငါးသိန်း၊ ရွှေဝါ ငါးကြင်း နှစ်သိန်း၊ ငါးခုံးမကြီးကောင်ရေ ငါးသောင်းတို့ကို လှော်ကားငါးလုပ်ငန်းစခန်းနှင့် လေးထောင့်ကန် ငါးလုပ်ငန်းစခန်းတို့မှ နှစ်လက်မအရွယ် ငါးကောင်ရေ စုစုပေါင်း ၇၅၀၀၀၀ စိုက်ထည့်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မွန်ပြည်နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**မော်လမြိုင် မေ ၂၉**

မွန်ပြည်နယ်၌ ပြည်နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယမန်နေ့က မော်လမြိုင်မြို့ အ.ထ.က(၆) ရတနာမွန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ ကောင်စီဝင် ဗိုလ်မှူးကြီးနေထွဋ်ဦး၊ ကောင်စီဝင် ဦးနိုင်လယိတမ၊ ကောင်စီဝင် ဦးအောင်ကြည်သိန်း၊ ဌာနဆိုင်ရာများ၊ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ အလှူရှင်များနှင့် ဆရာ ဆရာမများ တက်ရောက်သည်။

**လူထုလှုပ်ရှားမှုအသွင်**

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက မွန်ပြည်နယ်အနေဖြင့် ကျောင်းနေအရွယ် ကလေးလူငယ်တိုင်း အတန်းပညာကို ဆုံးခန်းတိုင်သည်အထိ သင်ယူနိုင်မှု အခွင့်အလမ်းများ တိုးတက်ရရှိစေရန်နှင့် ကျောင်းအပ်နှုန်း မြင့်မားစေရန်၊ ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်း ကျောင်းနေအရွယ် ကလေးအားလုံး ရာနှုန်းပြည့် အပြည့်အဝ လာရောက်အပ်နှံရေးအတွက် နှစ်စဉ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ လှုပ်ရှားမှုကို လူထုလှုပ်ရှားမှုအသွင်ဖြင့် အားကြိုးမာန်တက် စည်းရုံးလှုပ်ရှား ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရသည့်အတွက် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကြောင်းနှင့် အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများအားလုံးကို တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

**အခမဲ့ ဖြန့်ဝေပေး**

ဆက်လက်၍ ပြည်နယ်ပညာရေးမှူးဦးစန်းအောင်က မွန်ပြည်နယ်ရှိကျောင်းအပ်နှံမှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေပေးသော ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်၊ ခဲတံများနှင့် ကိုဗစ်–၁၉ ကာကွယ်ရေးပစ္စည်းများကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကောင်စီဝင် ဗိုလ်မှူးကြီး နေထွဋ်ဦးနှင့် ကောင်စီဝင် နိုင်လယိတမတို့က ပေးအပ်ရာ မြို့နယ်ပညာရေးမှူးများကလက်ခံယူကြသည်။

**အလှူငွေပေးအပ်**

ထို့နောက် ၂၀၂၁–၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ ပြည်နယ်ပညာရေးမှူး ဦးစန်းအောင်က လက်ခံယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

မွန်ပြည်နယ်၌ မေ ၂၄ ရက်မှ ၂၇ ရက်အထိ အခြေခံပညာကျောင်းများတွင် လာရောက်ကျောင်းအပ်နှံသည့် ကျောင်းသားကျောင်းသူ ၈၄၀၈၂ ဦး ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




# ကျေးလက်ပြည်သူ ရေရရှိရေး အစဉ်ကြိုးပမ်းဆောင်ရွက်ပေး

မောင်ရေခဲ(ကျေးလက်)

**ရေရရှိရေးသည် လူနှင့် သက်ရှိသတ္တဝါအားလုံးအတွက် မရှိမဖြစ်သော အခြေခံလိုအပ်ချက်များတွင် တစ်ခုအပါအဝင်ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာသည့် ညွှန်းကိန်းများတွင်လည်း အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထို့ကြောင့်ပင် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များအနက် ပန်းတိုင်(၆)-“ ၂၀၃၀ တွင် လူသားတိုင်း သန့်ရှင်းသောသောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေးနှင့် စဉ်ဆက်မပြတ်စီမံခန့်ခွဲမှုဖြစ်ပေါ်စေရေး”သည် ရည်မှန်းချက် (၁) ရပ်အဖြစ် ပါဝင်နေခြင်းဖြစ်သည်။**

စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်-(၆)နှင့်အညီ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ ဦးဆောင်၍ ယူနီဆက်၏ ထောက်ပံ့မှုဖြင့် သက်ဆိုင်ရာဌာနများအားလုံး ပူးပေါင်းပါဝင်ရေးဆွဲခဲ့သော ကျေးလက်ရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေး မဟာဗျူဟာပါ ရေရရှိရေးရည်မှန်းချက်ဖြစ်သည့် ၂၀၃၀ ပြည့်နှစ်တွင် ကျေးလက်ဒေသအားလုံး အခြေခံသောက်သုံးရေ ရရှိစေရေးနှင့် အိမ်သွယ်ရေ တိုင်စနစ် ၂၀ ရာခိုင်နှုန်း ရရှိစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နှစ်စဉ်လျာထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်နည်းတူ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း ဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံးရှိ ကျေးရွာပေါင်း ၃၀၀၀ ကျော်တွင် အိမ်သွယ်ရေတိုင်စနစ်များ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။




### အကောင်အထည်ဖော် ဆောင်ရွက်

အခြေခံ ရေပေးရေးစနစ်များဖြစ်သည့် တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း၊ မြေသားရေကန်နှင့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများကို နှစ်စဉ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ကျေးရွာပေါင်း ၁၁၇၆၉ ရွာတွင် ကျေးလက်ရေရရှိရေးလုပ်ငန်းပေါင်း ၁၄၇၃၄ ခု အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်လည်း တွင်းတိမ် ၉၅ တွင်း၊ တွင်းနက် ၅၆၄ တွင်း၊ လက်တူးတွင်း ၁၅၃ တွင်း၊ မြေသားရေကန် ၁၄၃ ကန်၊ စိမ့်စမ်းရေသွယ်လုပ်ငန်း ၂၉၂ ခုနှင့် အခြားရေပေးရေးလုပ်ငန်း ၇၆၄ ခု စုစုပေါင်း လုပ်ငန်း ၂၀၁၁ ခု အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။


ထို့ပြင် ကျေးလက်နေပြည်သူများ (၂၄နာရီ/ ၇ရက်)ပတ်လုံး ရေလိုအပ်သည့် အချိန်တိုင်း မိမိတို့ခြံဝင်းအတွင်း ရေအလွယ်တကူ ရရှိစေနိုင်ရန်အတွက် အိမ်တိုင်ရာရောက် ရေမီတာသုံးစနစ်များကိုလည်း ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

အိမ်တိုင်ရာရောက် ရေမီတာစနစ်များအား နိုင်ငံတကာအဖွဲ့အစည်းများ၏ ထောက်ပံ့မှုနှင့် ပြည်သူပူးပေါင်းပါဝင်မှုဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေလျာထား ဆောင်ရွက်ပေးခြင်းဖြစ်ရာ စစ်ကိုင်း၊ မန္တလေးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ ကျေးရွာများတွင် ပြည်သူလူထု၊ ကျေးလက်ဦးစီးနှင့် ယူနီဆက်တို့ပူးပေါင်း၍ “ပြည်သူလူထု အခြေပြု ရေမီတာသုံး အိမ်တိုင်ရာရောက်ရေပေးရေးစနစ်” အပိုင်း(၁) စီမံကိန်းအား ကျေးရွာ ၁၁၀ တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဆိုပါ စီမံကိန်း၏ ထူးခြားချက်မှာ ပြည်သူလူထုမှ ရေရှည်ဆောင်ရွက်လည်ပတ်နိုင်စေရန်နှင့် မိမိပိုင်ပစ္စည်းကဲ့သို့တန်ဖိုးထား ထိန်းသိမ်းတတ်စေရန်ရည်ရွယ်၍ စီမံကိန်းတွင် ပြည်သူ၏ ထည့်ဝင်မှုအချိုးအား အထူးအလေးထားခြင်းပင်ဖြစ်သည်။

### အိမ်တိုင်ရာရောက် ရေဖြန့်ဝေနေပြီဖြစ်

ပြည်သူလူထုအနေဖြင့် စက်ရေတွင်းမရှိပါက တူးဖော်ခြင်း၊ ပိုက်လိုင်းဆက်သွယ်ခြင်းအတွက် လုပ်အားဖြင့်ကူညီခြင်း၊ မိမိခြံဝင်းအတွင်း သွယ်တန်းမည့်ပိုက်နှင့် ရေမီတာကုန်ကျစရိတ်ကျခံခြင်းတို့ကို ဆောင်ရွက်ပြီး ယူနီဆက်မှ ကျေးရွာစက်ရေတွင်းတူးဖော်ပေးခြင်းအတွက် ပိုက်နှင့် ပိုက်များ ပံ့ပိုးခြင်း၊ ဆိုလာစနစ်သုံးရေတင်စက် ပံ့ပိုးခြင်းနှင့် ရွာတွင်းရေပို့ပိုက်လိုင်းများ၊ သွယ်တန်းရန်ပိုက်များ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ကာ ကျေးလက်ဦးစီးမှ စင်မြင့်ရေစင်၊ ရေပို့နှင့် ဖြန့်ဝေပိုက်လိုင်းဒီဇိုင်းများဆွဲပေးခြင်းစသည့် နည်းပညာပိုင်းပံ့ပိုးမှုများ ဆောင်ရွက်ပေးပါသည်။ အထက်ပါပုံစံဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးမှု၊ ပြည်သူလူထု၏ ထည့်ဝင်မှုနှင့် ကိုယ့်အားကိုယ်ကိုး စသည်ဖြင့် အိမ်သွယ်ရေတိုင်စနစ်အား တိုးချဲ့အကောင်အထည်ဖော်ခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာပေါင်း ၃၀၃၈ ရွာတွင် အိမ်သွယ်ရေတိုင်စနစ်ဖြင့် အိမ်တိုင်ရာရောက် ရေဖြန့်ဝေနေပြီဖြစ်ပါသည်။

ထို့ပြင် ဆိုလာဖြင့်ရေပေးရေးစနစ်အား ယခင်ကျေးလက်ရေပေးရေးဌာနခွဲ လက်ထက် ၁၉၈၉ ခုနှစ်မှစတင်၍ အနည်းငယ်စမ်းသပ်သုံးစွဲခဲ့ကြသော်လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလက်ထက် ၂၀၁၂ ခုနှစ်တွင်မှ ယူနီဆက်နှင့် ပူးပေါင်း၍ DANIDA ၏ ထောက်ပံ့မှုဖြင့် ဆိုလာရေတင် ကျေးလက်ရေပေးရေးစနစ်အား စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျေးရွာ ၁၃ ရွာ စတင်စမ်းသပ်ဆောင်ရွက်ခဲ့၍ အောင်မြင်မှုရရှိခဲ့ပြီး လျှပ်စစ်မီးမရရှိသော ဒေသများအတွက် အထူးသင့်လျော်ခြင်း၊ စက်သုံးဆီစရိတ် ကုန်ကျမှုမရှိခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုခြင်းဖြစ်၍ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိခြင်း၊ ကုန်ကျစရိတ်နည်းပါးခြင်းတို့ကြောင့် များစွာအသုံးပြုခဲ့ရာ DFID အထောက်အပံ့ဖြင့် ယူနီဆက်နှင့် ပူးပေါင်းဆောင်ရွက်သော ASWA (Accelerating Sanitation and Water For All Project–Phase–1) အိမ်တိုင်ရာရောက် ရေမီတာသုံး ရေပေးရေးစနစ်မှစတင်ကာ ASWA –1 Extension Project နှင့် ထပ်မံဆောင်ရွက်သော ASWA–II Project တွင်လည်းကောင်း၊ အခြားနိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သော စီမံကိန်းများတွင်လည်းကောင်း ဆိုလာရေတင်စနစ်အား အသုံးပြုခဲ့ရာ ကျေးလက်ဦးစီးမှဆောင်ရွက်ပေးခဲ့သော ဆိုလာရေတင်စနစ် တပ်ဆင်သည့်ရွာစုစုပေါင်း ၈၄ ရွာအထိ ရှိလာပြီဖြစ်သည်။




### မျှော်မှန်းချက်ထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်

**၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ကျေးလက်ဒေသများ၌ ရေရရှိ လွှမ်းခြုံနိုင်မှု ၅၅ ရာခိုင်နှုန်းရှိခဲ့ရာ ကျေးလက်ရေရရှိရေးမဟာဗျူဟာအရ ၂၀၂၀ ပြည့်နှစ်တွင် ၇၀ ရာခိုင်နှုန်းအထိ တိုးမြင့်လာစေရေး မျှော်မှန်း လျာထားခဲ့ရာ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ရေရရှိလွှမ်းခြုံနိုင်မှု ၇၇ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရသည့်အတွက် မျှော်မှန်းချက်ထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။**

ဦးစီးဌာနအနေဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရေကော်မတီဝင်များအား **“ဘေးကင်းလုံခြုံစိတ်ချရသောသောက်သုံးရေအစီအမံ”၊ “ငွေစာရင်းလည်ပတ်ထိန်းသိမ်းနည်းသင်တန်း”၊ “ရေပေးရေးစနစ် လည်ပတ်ထိန်းသိမ်းနည်းသင်တန်း”** များ ပို့ချကာ ကျေးရွာရေကော်မတီသို့ ရေပေးဝေရေးစနစ်အား စနစ်တကျ လွှဲပြောင်းပေးအပ်ကြောင်းလည်း သိရှိရသည်။

ကျေးရွာလူထုနှင့် ရေကော်မတီဝင်များအနေဖြင့်မူ မိမိတို့ ကျေးရွာရှိ ရေပေးဝေရေးစနစ် ရေရှည်လည်ပတ်ထိန်းသိမ်းနိုင်ရန်အတွက် ကျေးရွာလူထုသဘောတူညီမှုဖြင့် ရေဖိုးရေခကောက်ခံခြင်း၊ ရန်ပုံငွေများအား စနစ်တကျ မှတ်တမ်းရေးသွင်းပြုစုထိန်းသိမ်းခြင်းနှင့် ဘေးကင်းလုံခြုံစိတ်ချရပြီး ရေရှည်တည်တံ့သော ရေပေးဝေရေးစနစ်ဖြစ်စေရန် စနစ်တကျ လည်ပတ်ထိန်းသိမ်း ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရမည်ဟုဆိုသည်။

ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ ကျေးလက်ဦးစီးမှ ဆောင်ရွက်လျက်ရှိသော ရေရရှိရေးလုပ်ငန်းများတွင် National Drinking Water Quality Standards Myanmar (DRI 2019)ကိုအခြေခံထား၍ Parameter(12) မျိုးအား ရေအရည်အသွေး စစ်ဆေးပေးလျက်ရှိပြီး စစ်ဆေးချက်များအား အဆိုပါလုပ်ငန်းများတွင် ဖော်ပြချိတ်ဆွဲထားသည်ကို တွေ့ရသည်။

ရေအရည်အသွေးစစ်ဆေးချက်အရ သောက်သုံးရန်မသင့်လျော်ပါက အဆိုပါရေအရင်းအမြစ်များအား သင့်လျော်သည့် ရေသန့်စင်စနစ်အသုံးပြု၍လည်းကောင်း၊ သုံးရေအဖြစ်သာ သုံးစွဲခြင်းဖြင့်လည်းကောင်း နည်းလမ်းရှာဖွေဆောင်ရွက်ပေးလျက်ရှိရာ လွယ်ကူရိုးရှင်းပြီး ကုန်ကျစရိတ်နှင့် ပြုပြင်ထိန်းသိမ်းစရိတ် သက်သာသောနည်းလမ်း(၁) ခုဖြစ်သည့် အနေးသဲရေစစ်ခြင်းနည်းလမ်းကို ကျေးလက်ဒေသများတွင် ဆောင်ရွက်ပေးခဲ့သည့်အပြင် ရေတွင်ပါဝင်သော အမှိုက်သရိုက်အညစ်

*စာမျက်နှာ ၂၃ သို့*

**❒ အခြေခံ ရေပေးရေးစနစ်များဖြစ်သည့် တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း၊ မြေသားရေကန်နှင့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများကို နှစ်စဉ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ကျေးရွာပေါင်း ၁၁၇၆၉ ရွာတွင် ကျေးလက်ရေရရှိရေး လုပ်ငန်းပေါင်း ၁၄၇၃၄ ခု အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်လည်း တွင်းတိမ် ၉၅ တွင်း၊ တွင်းနက် ၅၆၄ တွင်း၊ လက်တူးတွင်း ၁၅၃ တွင်း၊ မြေသားရေကန် ၁၄၃ ကန်၊ စိမ့်စမ်းရေသွယ်လုပ်ငန်း ၂၉၂ ခုနှင့် အခြားရေပေးရေးလုပ်ငန်း ၇၆၄ ခု စုစုပေါင်း လုပ်ငန်း ၂၀၁၁ ခု အကောင်အထည်ဖော်ဆောင်ရွက်**

# ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များ သန်လျင်နှင့် သုံးခွမြို့နယ်များတွင် ပန်းခင်းစီမံချက်နှင့် ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းကြည့်ရှု

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့်ကောင်စီအဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပန်းခင်းစီမံချက်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို




ကွင်းဆင်းကြည့်ရှုသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ သန်လျင်မြို့နယ် တောင်ပိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးခန်းမ၌ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်နှင့် တာဝန်ရှိသူများက ဒေသဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

ရှင်းလင်းတင်ပြချက်များအပေါ်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်ကောင်စီအဖွဲ့ဝင်များက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းလိုအပ်ချက်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ကောင်စီအဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ဝင်းသိန်းက ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုးထုတ်ပေးရေးတွင် သက်ဆိုင်ရာဌာနဆိုင်ရာများက ကူညီဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်ကောင်စီအဖွဲ့ဝင်များသည် သုံးခွမြို့နယ် ကံမြင့်ကျေးရွာ ကံမြင့်ဘုန်းကြီးကျောင်းဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဘုန်းကြီးကျောင်းဝင်းဓမ္မာရုံနှင့်သန်လျင်မြို့နယ် သူဌေးကွင်းစံပြကျေးရွာမူကြိုကျောင်းတို့တွင် ပြုလုပ်သော တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းပေးအပ်ပွဲ အခမ်းအနားများသို့ တက်ရောက်သည်။

အခမ်းအနားများတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းရရှိသူများအား လက်ဝယ်အရောက် ပေးအပ်ကြသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

---

*စာမျက်နှာ ၂၂ မှ*

အကြေးများသာမက ဗက်တီးရီးယားနှင့် ပိုးမွှားများပါ ဖယ်ရှားပေးနိုင်သည့် Membrane Filter ရေသန့်စင်စနစ်များအား မြေပေါ်ရေအား အဓိကအားထားသုံးစွဲရသည့် မြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်းဒေသများဖြစ်သော ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် Membrane Filter သုံးရေသန့်စင်စနစ် ၉၆ ခု ဆောင်ရွက်ပေးနိုင်ခဲ့သည်။

### သောက်သုံးရေများ အချိန်မီဖြန့်ဝေပေးနိုင်ရေး

ထို့ပြင် ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ စိမ့်စမ်းများနှင့် မြေအောက်ရေခန်းခြောက်မှုများဖြစ်ပေါ်လာခြင်းများကြောင့် သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ ကြုံတွေ့လာရရာ ရေရှားကျေးရွာများတွင် သောက်သုံးရေရရှိစေရန် ၂၀၁၅ ခုနှစ် အယ်လ်နီညိုကာလမှစ၍ သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ NGO များ၊ အလှူရှင်များနှင့် ပေါင်းစပ်၍ ဘဏ္ဍာရေးနှစ်အလိုက် သောက်သုံးရေဖြန့်ဝေခြင်းများအား ဆောင်ရွက်ခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ နွေရာသီရေရှားပါး ကျေးရွာ ၂၂၃၆ ရွာသို့ ရေဂါလန်ပေါင်း သန်း ၃၀ ဒသမ ၀၃၅၄ ဖြန့်ဝေပေးခဲ့ပြီး အိမ်ခြေ ၀ ဒသမ ၅၀ သန်း၊ လူဦးရေ ၂ ဒသမ ၄၁၀ သန်း အကျိုးခံစားရရှိခဲ့ပါသည်။ ဦးစီးဌာနပိုင်ရေသန့်စင်ကား ၁၀ စီးနှင့် ရေသယ်ယာဉ် အစီး ၂၀ ကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေဖြန့်ထား၍ ရေရှားပါးကျေးရွာများသို့ သောက်သုံးရေများ အချိန်မီဖြန့်ဝေပေးနိုင်ရေး စီစဉ်ထားရှိပါသည်။



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် နဘဲကုန်းကျေးရွာ ဆိုလာအိမ်တိုင်ရာရောက် ရေပေးရေးစနစ်။

### အချိန်နှင့် တစ်ပြေးညီထုတ်ပြန်ထား

ရေရှားပါးပြတ်လပ်မှုများကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများသည် သက်ဆိုင်ရာကျေးရွာများသို့ ဆက်သွယ်ရန်ဖုန်းနံပါတ်များ ဖြန့်ဝေထားရှိပါသည်။ ထို့အပြင် ရေဖြန့်ဝေသည့် အချက်အလက်များကို ဦးစီးဌာန၏ website www.water-donation.com တွင် အချိန်နှင့် တစ်ပြေးညီထုတ်ပြန်ထားရှိသည့်အပြင် ၎င်း website၊ Facebook၊ Messenger၊ Viber တို့မှလည်း သတင်းပေးပို့နိုင်ကြောင်း သိရှိရသည်။


### ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်

ထို့ပြင် ကျေးလက်ဒေသသောက်သုံးရေရရှိမှုအခြေအနေကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်၊ ထိရောက်သော စောင့်ကြည့်စစ်ဆေးမှုနှင့် လျာထားမှုများ ပြုလုပ်နိုင်ရန် ကျေးလက်ရေရရှိရေး အချက်အလက်နည်းပညာစနစ် rwsmis.com ကို တည်ထောင်ဆောင်ရွက်လျက်ရှိရာ ကျေးရွာ ၁၃၀၀၀ ကျော်၏ အချက်အလက်များ ကောက်ယူထည့်သွင်းပြီးဖြစ်သည်။ တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်ရေး ဆက်လက် ကောက်ယူလျက်ရှိပြီး ပြည့်စုံစွာကောက်ယူပြီးစီးပါက ရေရရှိရေး ဆောင်ရွက်ပေးရမည့်ကျေးရွာများ၊ ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ပေးရမည့်လုပ်ငန်းများ၊ အစားထိုးလဲလှယ်ပေးရမည့် ရေပေးရေးအခြေခံ အဆောက်အအုံများကို မြေပြင်အမှန်သိရှိ လျာထားပေးနိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ NGO/ INGO/ CSO များနှင့်လည်း ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

### နွေရာသီ ရေပြတ်လပ်မှုအပေါ် ဆောင်ရွက်ပေးမှု

| ခုနှစ် | ရေဖြန့်ဝေခြင်း | | | ရေရှည်ရေရရှိရေး ဆောင်ရွက်ပေးမှု | |
|---|---|---|---|---|---|
| | မြို့နယ် | ကျေးရွာ | ရေဂါလံ(သန်း) | ကျေးရွာ | လုပ်ငန်း |
| ၂၀၁၆ | ១၅၀ | ၈၆၀ | ၇.၀၃ | | |
| ၂၀၁၇ | ၉၁ | ၅၂၇ | ၁၅.၇ | ၂၅၅ | ၂၅၅ |
| ၂၀၁၈ | ၄၃ | ၁၁၃ | ၀.၇၇ | ၄၃ | ၄၃ |
| ၂၀၁၉ | ၁၀၆ | ၃၈၉ | ၂.၉ | ၂၈၄ | ၂၈၄ |
| ၂၀၂၀ | ၈၅ | ၃၄၇ | ၃.၅ | ၂၀၀ | ၂၀၀ |
| ၂၀၂၂ခန့်မှန်း | ၈၅ | ၃၉၂ | | ၁၉၇ | ၁၈၆ |

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ဆောင်ရွက်ခဲ့သည့်လုပ်ငန်း အမျိုးအစားများ




၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့သည့် အခြေခံ ရေပေးရေးစနစ် အမျိုးအစား အလိုက် ရာခိုင်နှုန်း အချိုးပြပုံ။

# ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်၌ အမျိုးသား ၁၃ ဦး ဆူပူအကြမ်းဖက်ဆန္ဒပြရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက် မြဝတီစားသုံးဆီသိုလှောင်ကန်ရှေ့ ကမ်းနားလမ်းမပေါ်ရှိ ဘယ်ရီဂိတ်များကို အမျိုးသားသုံးဦးမှ ခုတ်ပုံရိုက်နေကြောင်း သိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက် စစ်ဆေးရာ မေ ၂၇ ရက် ညနေ ၄ နာရီ မိနစ် ၄၀ ခန့်တွင် အဆိုပါ စားသုံးဆီ သိုလှောင်ကန်ရှေ့တွင် ရပ်တန့်ထားသော 2F/9982 Light Truck ယာဉ်ပေါ်မှ ခုတ်ပုံရိုက်နေသူ လှိုင်မြို့နယ် အမှတ်(၁၃) ရပ်ကွက်နေ ကျော်သူရ (ခ) ဖိုးရွှေချော (၂၉ နှစ်)ပါ အမျိုးသားသုံးဦးကို တွေ့ရှိရသဖြင့် ထိန်းသိမ်းပြီး စစ်ဆေးခြင်းများပြုလုပ်ခဲ့သည်။

ထိုကဲ့သို့ စစ်ဆေးခဲ့ရာ ကျော်သူရ (ခ)ဖိုးရွှေချော၏ ထွက်ဆိုချက်အရ လှိုင်မြို့နယ် (၁၃)ရပ်ကွက် ဓမ္မသုခကျောင်းလမ်း အမှတ်(၉၃)ရှိ "မြ"ရေခဲစက်အတွင်း၌ လက်လုပ်သေနတ်များ သိမ်းဆည်းထားရှိကြောင်းသိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ညနေ ၅ နာရီခန့်တွင် သွားရောက်ရှာဖွေခဲ့ရာ အဆိုပါရေခဲစက်အတွင်းမှ လှိုင်မြို့နယ် အမှတ်(၁၃) ရပ်ကွက်နေ စမျိုးကြီး (ခ)တာဝေ (၂၂ နှစ်) ရေခဲစက်လုပ်သားပါ အမျိုးသား ၁၀ ဦးတို့ကို တွေ့ရှိရပြီး ဆက်လက်ရှာဖွေခဲ့ရာ ရေခဲစက်အနောက်ဘက်ရှိ ရေကန်အတွင်းမှ သံပိုက်ဖြင့်ပြုလုပ်ထားသည့် လက်လုပ်လေသေနတ် နှစ်လက်၊ ဝရိန်တို့စက်တစ်လုံး၊ ဂလိုက်တာ တစ်ခု၊ သံပိုက်လေးချောင်း၊ နွေဦးတော်လှန်ရေးစာသားပါ သံဒိုင်း နှစ်ချပ်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ ၁၀ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဖမ်းဆီးရမိခဲ့သည့် ကျော်သူရ(ခ) ဖိုးရွှေချော ပါ အမျိုးသား ၁၃ ဦးကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# လွိုင်လင်မြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ရှစ်သိန်း ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ရှစ်သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၇ ရက် ည ၇ နာရီခန့်တွင် လွိုင်လင်မြို့နယ် လွိုင်လင် – တောင်ကြီးသွား ကားလမ်း ဟိုတင့်ကျေးရွာအနီးတွင် စိုင်းခမ်းခိုင်(၃၀ နှစ်) မောင်းနှင်ပြီး မိုးသဲ(၃၂ နှစ်) လိုက်ပါလာသည့် SUBARU SAMBAR မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ရှစ်သိန်း သိမ်းဆည်းရမိခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်များအရ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ် ဝမ်ဆော့ကျေးရွာမှ တောင်ကြီးမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသူများကို တွေ့ရစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်၌ ဖောက်ခွဲရေးလုပ်ရပ်များတွင် အသုံးပြုရန် ရည်ရွယ်ပြုလုပ်ထားသည့်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်၌ ဖောက်ခွဲရေးလုပ်ရပ်များတွင် အသုံးပြုရန် ရည်ရွယ်ပြုလုပ်ထားသည့်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၈ ရက် နံနက် ၉ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် တောလည်ကျေးရွာရှိ စိုင်ပြင်မြို့ အမှတ်(၁) ရပ်ကွက်နေ ဇော်ထွန်း (၅၀ နှစ်) (ဘ) ဦးဝင်းမောင် ပိုင်ဆိုင်သော လူနေထိုင်ခြင်းမရှိသည့် နေအိမ်တဲ၌ ဖောက်ခွဲဖျက်ဆီးရေးတွင် အသုံးပြုရန် ရည်ရွယ်ပြုလုပ်ထားသော ပစ္စည်းများရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရှာဖွေခဲ့ရာ အဆိုပါတဲ၏ အနောက်ဘက် ပေ ၅၀ ခန့်အကွာရှိ သစ်ပင်အောက်ရှိ ဆာလာအိတ်အတွင်းမှ လက်လုပ်ဗုံး ၃၁ လုံးနှင့် ဆက်စပ်ပစ္စည်းများ တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သိမ်းဆည်းရမိသော ပစ္စည်းများနှင့်ပတ်သက်၍ ပြုလုပ်ထားသူများနှင့် ပူးပေါင်းပါဝင်ပတ်သက်သူများကို ဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဇန်းမောက်မြို့နယ်တွင် တရားမဝင်တူမီးသေနတ်နှင့် လက်လုပ်လေသေနတ်များ ပေးအပ်ပွဲကျင်းပ

**ဇန်းမောက် မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဇန်းမောက်မြို့နယ် ကနန်းဒေသစိတ်ရှိ မံယူးကြီး၊ ယာယူး၊ မံလူ၊ နန်းတပ်၊ ပေကုန်း၊ ပင်ပုံ၊ နန့်မားကျေးရွာအုပ်စုတို့ရှိ ပြည်သူများအသုံးမပြုလိုသည့် တရားမဝင်တူမီးသေနတ်များ၊ လက်လုပ်လေသေနတ်များ သက်ဆိုင်ရာသို့ အပ်နှံပွဲကို ဇန်းမောက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် တရားမဝင်လက်လုပ်တူမီးသေနတ် ၁၄၅ လက်၊ လက်လုပ်လေသေနတ် ကိုးလက် စုစုပေါင်း တရားမဝင်လက်လုပ်သေနတ် ၁၅၄ လက်ကို အပ်နှံခဲ့ရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး ကျော်မင်းဟန်က လက်ခံရယူခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးမင်း၊ အဖွဲ့ဝင် ဗိုလ်မှူး ကျော်မင်းဟန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်မျိုးဝင်းနှင့် ကနန်းဒေသစိတ်မှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**လှအောင်(ကသာ)**

# မြိတ်နှင့် ပင်လောင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၉**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၆ ရက် ညပိုင်းက မြိတ်မြို့ ကမ်းသာယာကျေးရွာရှိ အင်ရှန်(ခ)ကုလား(ကျား)၏ ဂိုဒေါင်ကိုဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ ဝေသူရိန်ဦး (ခ)ဖိုးလပြည့်၊ ဘဝင်း၊ အောင်ခန့်(ခ)အောင်အောင်တို့ သုံးဦးကိုတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေး ၅၈၇၁ ပြား၊ လက်လုပ်မိုင်းတစ်လုံး၊ ခြောက်လုံးပြူးသေနတ် တစ်လက်၊ ကျည်မျိုးစုံ ၁၂ တောင့်၊ အေကေ-၄၇ ကျည်အိမ်တစ်ခုနှင့် ဘောလုံးဖြောက်အိုး အလုံး ၃၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ မေ ၂၇ ရက် နံနက်ပိုင်းက မြိတ်မြို့ မြိတ်တောင်ရပ်ကွက်ရှိ အင်ရှန်(ခ)ကုလား၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအားတွေ့ရှိရပြီး ဘိန်းစာမှုန့် ၀ ဒသမ ၀၆ ကီလိုနှင့် ဓားတစ်ချောင်းတို့ကိုလည်းကောင်း၊

မေ ၂၇ ရက် မွန်းလွဲ ၃နာရီတွင် ပင်လောင်းမြို့နယ် ဖိုကုန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ပေါင်းလောင်းမြို့ ပင်လောင်း-နေပြည်တော်သွားကားလမ်း မိုင်တိုင်အမှတ်(၃၇/၅)အနီးတွင် ဇော်ကြီး(ခ) ဇော်ကိုကိုဝင်း မောင်းနှင်ပြီး အောင်သူ(ခ) ကျော်သူထွန်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄နာရီတွင် ပင်လောင်းမြို့နယ် သပြေကုန်းကျေးရွာအုပ်စု ကသောင်းကျေးရွာအနီးတွင် သန်းထိုက်အား မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၁)၌ မီးလောင်မှုဖြစ်ပွား


**နေပြည်တော် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၁) မိုးကုတ်လမ်းသွယ်ရှိ ပိုင်ရှင် ဦးကျော်စွာအောင်၏ သွပ်မိုး၊ မြေစိုက် တစ်ထပ် (3 Star) ဟာဂျီမောင်နီ သံအရည်ကျို ရောင်းဝယ်ရေးလုပ်ငန်းတွင် မေ ၂၈ ရက် နံနက်ပိုင်းက အဆောက်အအုံအောက်ရှိ ဂက်(စ်) ပိုက်လိုင်းပြုပြင်ရန် မြေတူးစဉ် ဂက်(စ်)ပိုက်လိုင်းကို ပေါက်ပြားဖြင့်ထိမိရာမှ မီးစတင်လောင်မှုဖြစ်ပွား၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ် ၁၂ စီး၊ မီးသတ်ရေသယ်ယာဉ် သုံးစီးနှင့် ကွပ်ကဲမှုယာဉ် နှစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရသည်။

မီးလောင်မှုကြောင့် ပေ (၂၀ x ၈၀)၊ သွပ်မိုး၊ မြေစိုက် တစ်ထပ်၊ သံဂိုဒေါင် အဆောက်အအုံ၏ အမိုးနှင့် သစ်အနည်းငယ်တို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုနှင့် ပတ်သက်၍ တာဝန်ရှိသူများကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်မျိုး**

# ကချင်ပြည်နယ်နှင့် ကယားပြည်နယ်အတွင်း၌ ကုန်တင်ရေယာဉ်နှင့် လုံခြုံရေး ရဲတပ်ဖွဲ့စခန်းတို့ကို လက်နက်ကိုင်သောင်းကျန်းသူများက ပစ်ခတ်တိုက်ခိုက်



ရွှေကူမြို့နယ်၌ စားသောက်ကုန် တင်ဆောင်လာသည့် ပိတောက်ရေယာဉ်အား KIA အဖွဲ့မှ ပစ်ခတ်ခဲ့သည့် နေရာပြမြေပုံ

**နေပြည်တော် မေ ၂၉**

ကချင်ပြည်နယ်နှင့် ကယားပြည်နယ်အတွင်း၌ ကုန်တင်ရေယာဉ်နှင့် လုံခြုံရေးရဲတပ်ဖွဲ့စခန်းတို့ကို လက်နက်ကိုင်သောင်းကျန်းသူများက ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့တိုက်ခိုက်ခဲ့ရာတွင် မေ ၂၈ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်ခန့်က ကချင်ပြည်နယ် ရွှေကူမြို့မှ စားသောက်ကုန်တန်ချိန် ၁၅၀ ခန့် တင်ဆောင်ထားသော ပိတောက်ရေယာဉ်သည် ရွှေကူမြို့မှ ဗန်းမော်မြို့သို့ ထွက်ခွာလာခဲ့ရာ မွန်းလွဲ ၃ နာရီ ၁၀ မိနစ်ခန့်တွင် ရွှေကူမြို့နယ် နောင်မိုကျေးရွာအနီး ဧရာဝတီမြစ်၏ ဒုတိယ မြစ်ကျဉ်းအရောက် လက်နက်ကိုင် သောင်းကျန်းသူများက မြစ်ကမ်းယာဘက်အခြမ်းမှ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ရေယာဉ်ပေါ်တွင် လိုက်ပါလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ပြီး ၁၀ မိနစ်ခန့် အကြာတွင် ပစ်ခတ်မှုပြီးဆုံးခဲ့ကာ ပစ်ခတ်မှုဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရေယာဉ်ပေါ် လိုက်ပါလာသူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ထို့အတူ ည ၇ နာရီ ၂၅ မိနစ်ခန့်တွင် ကယားပြည်နယ် ဒီးမော့ဆိုမြို့မရဲစခန်းကို လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့များက ရဲစခန်း၏ ပတ်လည်မှနေ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ည ၈ နာရီ ၁၅ မိနစ်ခန့်တွင် လက်နက်ကိုင်သောင်းကျန်းသူများ ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ပစ်ခတ်မှုဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စာသင်ကျောင်း မီးရှို့ဖျက်ဆီးသူများနှင့် ကျောင်းများဖွင့်လှစ်ရာတွင် အနှောင့်အယှက်ဖြစ်စေမည့် စာရေးသားဖြန့်ဝေသူများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၉**

ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ကျောင်းများပိတ်၍ စာသင်ကြားမှုများ တစ်နှစ်တာ နှောင့်နှေးကြန့်ကြာခဲ့မှုများ ဖြစ်ပေါ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေးတွင် နစ်နာလျက်ရှိခြင်းကြောင့် ယခုအခါ ဇွန် ၁ ရက်မှစ၍ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အစိုးရ၊ ပြည်သူ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသော်လည်း ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေးကို မလိုလားသည့် အကြမ်းဖက်သူများက စာသင်ကျောင်းများ မီးရှို့ဖျက်ဆီးခြင်း၊ အနှောင့်အယှက်ဖြစ်စေမည့် စာသားရေးသား၊ ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ ပူးပေါင်း၍ စာသင်ကျောင်းများနှင့် ကျောင်းပတ်ဝန်းကျင် လုံခြုံရေး ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိပြီး ကျူးလွန်ဖောက်ဖျက်သူများကို သတင်းဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းလျက်ရှိသည်။

မေ ၂၇ ရက် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် တောင်ကလေးအရှေ့စုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း(တောင်ကလေးအရှေ့စု)ကို အကြမ်းဖက်သူများက မီးရှို့ခဲ့ခြင်းကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရှိရသဖြင့် မီးရှို့ဖျက်ဆီးသူများကို အချိန်မီဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ယမန်နေ့ ည ၁၁ နာရီတွင် မီးရှို့ဖျက်ဆီးမှု၌ ပါဝင်ခဲ့သော ဇော်အောင် (၂၃ နှစ်) (ဘ)ဦးထွန်းစိန်နှင့် ချစ်မင်းသူ(၁၃ နှစ်) (ဘ)ဦးမင်းမင်းစိုးတို့ကို ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသူများအား စစ်ဆေးမေးမြန်းရာ ဇော်အောင်သည် NLD ပါတီ ထောက်ခံအားပေးသူဖြစ်ပြီး တောင်ကလေးအရှေ့စုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ပြန်လည်ဖွင့်လှစ်မည်ကို မလိုလားသဖြင့် ချစ်မင်းသူ ကို အခကြေးငွေပေး၍ စာသင်ကျောင်းမီးရှို့ရန် စေခိုင်းခဲ့ကြောင်း၊ ချစ်မင်းသူက စာသင်ကျောင်းအတွင်း ခိုးဝင်ရောက်ကာ ခတ်ဆီလောင်း မီးရှို့ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

အလားတူ ကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင် အနှောင့်အယှက်ဖြစ်စေမည့် စာသားများ ရေးသားဖြန့်ဝေလျက်ရှိသူများကို ထိန်းသိမ်းလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မင်္ဂလာရပ်ကွက် ဗိုလ်ချုပ်လမ်းဘေး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ စာရေးသားဖြန့်ဝေလျက်ရှိသော စည်သူဟန် (၃၁ နှစ်) (ဘ) ဦးသိန်းဟန်၊ ဝေယံမျိုး (၁၄ နှစ်) (ဘ) ဦးမိုးသီဟစိုးတို့ကို မေ ၂၆ ရက် ညပိုင်းတွင် လည်းကောင်း၊ ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာ အုပ်စု သဲကျွန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ စာရေးသား ဖြန့်ဝေလျက်ရှိသော ကျော်ကျော်အောင် (ခ) ကျော်ကျော် (၄၃ နှစ်) (ဘ)ဦးအောင်မြင့်၊ အောင်ဆန်းဦး (၃၃ နှစ်) (ဘ) ဦးအောင်လွင်တို့ နှစ်ဦးကို မေ ၂၇ ရက် ညပိုင်းက လည်းကောင်း၊ ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးတက္ကသိုလ်ဝင်း မေတ္တာလမ်းနှင့် အဓိပတိလမ်းဆုံအနီးရှိ ဆိုင်းဘုတ်၌ ရေးသားဖြန့်ဝေသော ရှင်းသန့်မောင် (၁၇ နှစ်) (ဘ)ဦးညီစိုး၊ ပိုင်စိုးထိုက်ကျော် (၁၇ နှစ်) (ဘ) ဦးကျော်ဝင်းအောင်၊ ဖွဲမောင်မောင်(ခ) ညီခန့်(၁၇ နှစ်) (ဘ) ဦးခင်မောင်အေးတို့ကို မေ ၂၈ ရက်တွင် လည်းကောင်း ထိန်းသိမ်းရမိခဲ့သည်။

အထက်ပါ စာသင်ကျောင်းမီးရှို့သူများနှင့် အနှောင့်အယှက်ဖြစ်စေမည့်စာသား ရေးသားဖြန့်ဝေလျက်ရှိသူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးတက္ကသိုလ်ဝင်း မေတ္တာလမ်းနှင့် အဓိပတိလမ်းဆုံအနီး ကျောင်းမတက်ရေး ဆန့်ကျင်/ခြိမ်းခြောက်စာများနှင့်အတူ ဖမ်းဆီးရမိသူများ။

# ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး မီးရှို့ဖျက်ဆီးမှုကျူးလွန်ခဲ့သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးဟောင်းပါ အမျိုးသားလေးဦးကို ဖော်ထုတ်ဖမ်းဆီးအရေးယူ




**နေပြည်တော် မေ ၂၉**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အေးမြသာယာကျေးရွာအုပ်စု အမှတ်(၇) ရပ်ကွက်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူးရုံးကို အကြမ်းဖက်သူများက မီးရှို့ခဲ့၍ မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးလောင်မှုကြောင့် အဆိုပါရုံးအတွင်းရှိ သစ်သားဆက်တီတစ်စုံ၊ ဗီရိုသုံးလုံး၊ ပလတ်စတစ်ထိုင်ခုံ ၁၂ လုံး၊ ရေပူ/ရေအေးစက်တစ်လုံး၊ စားပွဲနှစ်လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း မေ ၂၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သူများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးခြင်းများပြုလုပ်ခဲ့ရာ အေးမြသာယာကျေးရွာအုပ်စု ရပ်ကွက်အုပ်ချုပ်ရေးမှူးဟောင်းဖြစ်သူ အမှတ်(၁) ရပ်ကွက်နေ တင်ညွန့် (၇၁)နှစ် (ဘ) ဦးကျော်သိန်း၊ အမှတ်(၂)ရပ်ကွက်နေ ဝင်းမောင် (၆၅ နှစ်) (NLD တက်ကြွလှုပ်ရှားသူ) (ဘ)ဦးရန်ရှိန်၊ ချစ်ထိုက်သူ(၃၄ နှစ်)၊ (ဘ)ဦးမောင်မောင်အေးနှင့် အမှတ်(၁) ရပ်ကွက်နေ အောင်ဇင်ထက်(၃၀ နှစ်)၊ (ဘ)ဦးတင်မြင့်တို့လေးဦးက မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ၎င်းတို့လေးဦးကို ၎င်းတို့၏ နေအိမ်များမှ သွားရောက်ဖမ်းဆီးရမိခဲ့သည်။

ထိုကဲ့သို့ နိုင်ငံတော်အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အများပြည်သူအထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကို မီးရှို့ဖျက်ဆီးမှုကျူးလွန်ခဲ့သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးဟောင်းဖြစ်သူ တင်ညွန့်ပါ အမျိုးသားလေးဦးကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ချင်းရွှေဟော်၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရန် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ချင်းရွှေဟော် မေ ၂၉**
ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့အတွင်း သွားလာနေကြသည့် အများပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန်နှင့် ကြိုတင်ကာကွယ်နိုင်ရန်အတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို မေ ၂၇ ရက်က ချင်းရွှေဟော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ မြို့လယ်လမ်းဆုံ၌ ပြုလုပ်ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ ဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ချင်းရွှေဟော်မြို့အတွင်း ဖြတ်သန်းသွားလာနေကြသည့် အများပြည်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန် ထားသည့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ တိတိကျကျ လိုက်နာနေထိုင်သွားလာရန်နှင့် မဖြစ်မနေ နေအိမ်ပြင်ပသို့ ထွက်ခွာပါက နှာခေါင်းစည်းများ တပ်ဆင်သွားလာနိုင်ရေးတို့ကို အသိပညာပေးပြောကြားပြီး နှာခေါင်းစည်းများ တပ်ဆင်ထားခြင်း မရှိသည့် ပြည်သူများကို နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ကျိုက်ဒုံမြို့တွင် ဝဥများ စတင်စိုက်ပျိုးလျက်ရှိ

**ကျိုက်ဒုံ မေ ၂၉**
ကရင်ပြည်နယ် ကျိုက်ဒုံမြို့နယ်ကျေးရွာများတွင် ယခုနှစ် မိုးဦးကျကာလ၌ ဝဥများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိသည်။

ဝဥပင်များသည် ကျိုက်ဒုံမြို့နယ်အတွင်းရှိ တောတောင်များ၌ သဘာဝအတိုင်း ရှင်သန်ပေါက်ရောက်လေ့ရှိပြီး ကျေးရွာနေ တောင်သူများက ရှာဖွေတူးယူပြီး ပျိုးပင် တစ်ပင်လျှင် ငွေကျပ် ၅၀ ဖြင့် ပြန်လည်ရောင်းချကြောင်း သိရသည်။ စိုက်ပျိုးတောင်သူများသည် မိမိ၏ လယ်ယာအိမ်ခြံဥယျာဉ်အတွင်း၌ စနစ်တကျ ပြန်လည်စိုက်ပျိုးလာကြပြီး နှစ်စဉ် ပုံမှန်ဝင်ငွေများ ရရှိလာကြသည်။

မြေဆီလွှာမကောင်းမွန်သော စိုက်ပျိုးမြေနေရာများတွင် ဘိလပ်မြေအိတ်အခွံလွတ်ကိုအသုံးပြုပြီး မြေဆွေးနှင့် မြေဩဇာများ ထည့်သွင်းပြီး စိုက်ပျိုးမှုများရှိလာကြောင်း သိရသည်။

ယခင်နှစ်က ဝဥတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ခန့်ရရှိပြီး ယခုချိန် စိုက်ပျိုးရာသီတွင် ဝဥမျိုးဥများမှာ တစ်တင်းလျှင် ငွေကျပ် ငါးသောင်းခန့် ဈေးနှုန်းရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စစ်ကိုင်းမြို့၌ စိုက်ပျိုးရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး နည်းပညာပေးသင်တန်းဖွင့်

**စစ်ကိုင်း မေ ၂၉**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ ဝန်ထမ်း၊ တောင်သူ စိုက်ပျိုးရေးဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ရေး နည်းပညာပေးသင်တန်းဖွင့်ပွဲကို မေ ၂၇ ရက်က မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန သင်တန်းခန်းမ၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ကြည်ဝင်းက အမှာစကားပြောကြားကာ ခရိုင်ဦးစီးမှူးဒေါ်မာမာအောင်က ဝန်ထမ်းများ၊ တောင်သူများအနေဖြင့် ယခုသင်တန်းက ပို့ချပေးမည့် ပညာရပ်များကို စိတ်ဝင်စားစွာ သင်ယူပြီး မိမိတို့၏ လယ်ယာစိုက်ပျိုးမြေများတွင် လက်တွေ့အသုံးချ ဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ တောင်သူများ၏ စိုက်ပျိုးသီးနှံများ အထွက်နှုန်းကောင်း၍ စားဝတ်နေရေးအဆင်ပြေလာနိုင်မည်ဖြစ်ကြောင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ စိုက်ပျိုးရေး တောင်သူ ၂၈ ဦးတို့ တက်ရောက်ပြီး သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည် ဖြစ်ကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

## ဗန်းမောက်-ပင်လည်ဘူးမြို့နယ်ချင်းဆက် အဝေရာတံတား တည်ဆောက်ပြီးစီး

**ဗန်းမောက် မေ ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မံလူအုပ်စု ပင်းခါးလမ်းဆုံကျေးရွာအနီး ဗန်းမောက်-ပင်လယ်ဘူး မြို့နယ်ချင်းဆက် လမ်းမပေါ်ရှိချောင်းကြီးချောင်းကူး အဝေရာတံတားတစ်စင်းအား ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၇ ရက်က ပန္နက်ချပြီး ၂၉ ရက်မှစတင်၍ တည်ဆောက်ရာ ယခုအခါတွင် တံတားကြီးမှာ တည်ဆောက်ပြီးစီးပြီဖြစ်သည်။



အဝေရာတံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

အဆိုပါတံတားကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံ ငွေကျပ် ၄၇၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူတည်ဆောက်သည့် အရှည်ပေ ၂၀၀၊ အကျယ် ၁၂ ပေ၊ ရေလယ်ကင်းလွတ်အမြင့် ၁၈ ပေ၊ ကမ်းကပ်ခုံနှစ်ခု၊ ရေလယ်တိုင်သုံးတိုင်ရှိ နှစ်လွှာတစ်ထပ် ဘေလီတံတားဖြစ်ပြီး တံတားတည်ဆောက်ပြီးစီးမှု အခြေအနေအား မြို့နယ် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် တာဝန်ရှိသူအဖွဲ့တို့က မေ ၂၁ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မိုးရာသီရောက်ပါက ချောင်းကြီးချောင်းသည် ရေကြီးရေလျှံမှုများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိသောကြောင့် လူနှင့်ဆိုင်ကယ်များဖြတ်သန်းသွားလာနိုင်ရန် အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် သစ်သားကြိုးတံတားတစ်စင်းကို တည်ဆောက်ပေးထားပြီး လူနှင့်ဆိုင်ကယ်များ သွားလာရေး အဆင်ပြေလာကြသော်လည်း ကားကြီး၊ ကားငယ်များမှာ ချောင်းရေအကျကို စောင့်ဆိုင်းနေကြရသဖြင့် အချိန်ကြန့်ကြာမှုရှိပြီး သွားလာရေး အခက်အခဲများစွာ ရှိကြောင်း သိရသည်။

ယခုအခါ ချောင်းကြီးချောင်းကူး အဝေရာ နှစ်ထပ်တစ်လွှာ ဘေလီတံတားကြီး တည်ဆောက်ပြီးစီးပြီဖြစ်၍ လူ၊ ဆိုင်ကယ်၊ ကားငယ်များနှင့် တန် ၂၀ တင်ဆောင်နိုင်သည့် ကားကြီးများပါ သွားလာနိုင်မည်ဖြစ်၍ ဗန်းမောက်မြို့နယ်နှင့် နယ်ချင်းဆက်မြို့နယ်များဖြစ်သော ပင်လည်ဘူး၊ ဖောင်းပြင်နှင့် ဟုမ္မလင်းမြို့နယ်များသို့ ကုန်စည်စီးဆင်းမှု သာမက စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့အတွက် အချိန်တိုအတွင်း သွားလာရေး လွယ်ကူချောမွေ့ကောင်းမွန်လာတော့မည်ဖြစ်သည်။ **လှိုင်ဘွား (ဗန်းမောက်)**

## မြိတ်ခရိုင်ရှိ ကျေးလက်နေပြည်သူများအတွက် ရန်ပုံငွေ ကျပ်သန်းပေါင်း ၁၆၀၀၀ ကျော်ဖြင့် လမ်းလုပ်ငန်း ၇၁ ခုနှင့် တံတားလုပ်ငန်း ၅၈ ခု ဆောင်ရွက်လျက်ရှိ

**မြိတ် မေ ၂၉**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ရှိ ကျေးလက်နေပြည်သူများအတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ ကျပ်သန်းပေါင်း ၁၆၀၀၀ ကျော်ဖြင့် လမ်းလုပ်ငန်း ၇၁ ခုနှင့် တံတားလုပ်ငန်း ၅၈ ခု ဆောင်ရွက်လျက်ရှိသည်။

မြိတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံး ငွေရင်း ရန်ပုံငွေ ကျပ်သန်း ၁၃၀၀ ကျော်နှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေ ကျပ်သန်းပေါင်း ၁၅၀၀၀ ကျော်ဖြင့် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ မြေသားလမ်း၊ ဂဝံမြေသားလမ်းနှင့် ရေထုတ်ပြွန်၊ ရေဆင်းတံတား၊ ကွန်ကရစ်တံတားကြီး၊ ကွန်ကရစ်တံတားငယ်၊ မြေထိန်းနံရံ၊ ဘေလီတံတား၊ သစ်သားတံတား စသည့် လမ်းလုပ်ငန်း ၇၁ ခုနှင့် တံတားလုပ်ငန်း ၅၈ ခု ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များအလိုက် ဆောင်ရွက်လျက်ရှိသည့် လမ်းလုပ်ငန်းများမှာ ကွန်ကရစ်လမ်း (၃၆/၃ ဒသမ ၀၅)မိုင်၊ ကတ္တရာလမ်း (၁/၂ ဒသမ ၄၅)မိုင်၊ ကျောက်ချောလမ်း(၇/၁)မိုင်၊ မြေသားလမ်း (၇၀/၇ ဒသမ ၃)မိုင် ဆောင်ရွက်လျက်ရှိပြီး တံတားလုပ်ငန်းများမှာ ရေထုတ်ပြွန် ၁၉ စင်း၊ ကွန်ကရစ်တံတား ၃၆ စင်း၊ ဘေလီတံတား တစ်စင်းတို့ကို ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသူရက ကြီးကြပ်၍ မြို့နယ်များအလိုက် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေစဉ်။

ကျေးလက်နေပြည်သူများအတွက် လမ်း/တံတားလုပ်ငန်းများကို မြိတ်မြို့နယ်တွင် လမ်းလုပ်ငန်း ၂၄ ခု၊ တံတားလုပ်ငန်း ၁၁ စင်း၊ ကျွန်းစုမြို့နယ်တွင် လမ်းလုပ်ငန်း ၁၁ လမ်း၊ တံတားလုပ်ငန်း ၂၆ စင်း၊ ပုလောမြို့နယ်တွင် လမ်းလုပ်ငန်း ၁၄ ခု၊ တံတားလုပ်ငန်း ၁၃ စင်း၊ တနင်္သာရီမြို့နယ်တွင် လမ်းလုပ်ငန်း ၂၂ ခု၊ တံတားလုပ်ငန်း ရှစ်စင်းကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ကျေးလက်နေပြည်သူများ ယခင်ကထက် ပိုမိုလွယ်ကူ အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## မတ္တရာမြို့နယ်၌ မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**မတ္တရာ မေ ၂၉**
မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက်က အ.ထ.က (မတ္တရာ) အောင်ဆန်းခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ကျော်မိုးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်ဆွေဝင်းက ကျောင်းအပ်နှံရေး၊ ကျောင်းသုံးဗလာစာအုပ်များနှင့် ပြဋ္ဌာန်းစာအုပ်များ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ အခမဲ့ထောက်ပံ့မည့် အစီအစဉ်များနှင့် ကျောင်းလုံခြုံရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများကို ပေးအပ်ရာ ကျောင်းသားကျောင်းသူများက လက်ခံရယူကြသည်။

အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြပြီး အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



**နေပြည်တော် မေ ၂၉**

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ ညနေပိုင်းတွင် ပုဗ္ဗသီရိတပ်နယ် အားကစားကွင်း၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဆုရရှိသော အသင်းများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြပြီး တိုင်းမှူးက ပထမဆု ရရှိသော အသင်းအား ပထမဒိုင်းဆု၊ ဆင့်ပွားဒိုင်းဆုနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။ (ယာပုံ)

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့မှူးများမှ ပြိုင်ပွဲဝင်အသင်း ၁၃ သင်းဖြင့် မေ ၁၉ ရက်မှ ယနေ့အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်ဆေးကုသ

**နေပြည်တော် မေ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇား တိုက်နယ်ဆေးရုံ၊ ယင်းမာပင် တိုက်နယ်ဆေးရုံ၊ ညောင်ရမ်း တိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်း တိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲ တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင် တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာ ခံစားနေရသည့် ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများဆောင်ရွက်ပေးခဲ့သည်။



ထို့သို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂွမြို့နယ်တွင် နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ဂွ မေ ၂၉**

ရခိုင်ပြည်နယ် ဂွမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ နွေရာသီအခြေခံအားကစားသင်တန်း သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၂၈ ရက် ညနေ ၄ နာရီခွဲက မြို့နယ်အားကစားကွင်းအတွင်းရှိ ခန်းမ၌ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ကျော်နှင့် တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး ဘော်လီဘောပြိုင်ပွဲတွင် ဆုရအားကစားသမားများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ နွေရာသီ အခြေခံအားကစားသင်တန်းတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်နှင့် ကြက်တောင်ကစားနည်းများပါဝင်ပြီး မေ ၁၅ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိထံမှသိရသည်။

**ရွှေရည်ဝင်း(ပြန်/ဆက်)**



❐ *ကျောဖုံးမှ*

ပီယာလိုသည် ဂျူဗင်တပ်စ်အသင်းကို တာဝန်ယူစဉ်အတွင်း အီတလီစီးရီးအေဖလားနှင့် ကိုပါအီတာလီယာဖလားတို့ကို ရရှိအောင် ဆွတ်ခူးပေးထားနိုင်သော်လည်း ယခုလို ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။ ပီယာလိုသည် ကစားသမားဘဝတွင် ဂျူဗင်တပ်စ်အသင်း၌ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အကြား ၁၆၄ ပွဲ ပါဝင်ကစားခဲ့သူဖြစ်ပြီး အသင်းကို စီးရီးအေဖလားလေးကြိမ်ရရှိအောင် ကူညီပေးထားနိုင်သည်။

ယခုရက်ပိုင်း၌ ဥရောပထိပ်တန်းအသင်းကြီးများတွင် နည်းပြအပြောင်းအလဲအချို့ဖြစ်ပေါ်ခဲ့ပြီး အင်တာမီလန်အသင်းအနေဖြင့် အသင်းကို ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း အမှတ်ပေးဖလား ရရှိအောင် ကူညီပေးထားသည့် နည်းပြကွန်တီကို ထုတ်ပယ်ကာ လာဇီယိုနည်းပြ အင်ဇာဂီဖြင့် အစားထိုးခဲ့သည်။ အင်ဇာဂီသည် လာဇီယိုကို နည်းပြခဲ့သည့် ငါးနှစ်အတွင်း ဆုဖလားသုံးလုံးရရှိအောင် စွမ်းဆောင်ပေးထားနိုင်သည်။

ထို့အပြင် ရီးရဲမက်ဒရစ်အသင်းကလည်း နည်းပြအဖြစ်မှ ဇီဒန်းကို ထုတ်ပယ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ နည်းပြ ဇီဒန်းသည် ရီးရဲမက်ဒရစ်အသင်းကို ယခုနှစ် ရာသီပိတ်သိမ်းချိန်တွင် အဆင့် (၂) နေရာဖြင့်သာ ပိတ်သိမ်းနိုင်အောင် ကူညီပေးထားနိုင်သည်။

**အောင်ဇော်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မေ ၂၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**


## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ပန်းလှိုင်ရပ်ကွက်၊ ကွင်း/အမှတ်နှင့်အမည် ၁၂/ပန်းလှိုင်ကမ်းနားရပ်၊ ဦးပိုင်အမှတ်-၅၂၊ ဧရိယာ ၀ဒသမ၀၂၈ ဧကရှိ ဘိုးဘွားပိုင်မြေကွက်အား ပဲခူးမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် အမည်ပြောင်း လျှောက်ထားနိုင်ရေး (၁) ဒေါ်သက်သက်လွင်၊ (၂) ဒေါ်စုစုလွင်၊ (၃) ဦးအေးလွင်၊ (၄) ဒေါ်ကေခိုင်လွင်တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ အကျိုးအကြောင်းခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးမြတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၁၈/၁၃)**
**အမှတ် (၉၂)၊ (၂၃)လမ်း၊ ပန်းလှိုင်ရပ်ကွက်၊ ပဲခူးမြို့၊ ဖုန်း-၀၉-၅၀၆၈၄၅၈**

## သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်ကြောင်း

ဦးဝင်းမောင် ၁၁/ကဖန(နိုင်)၀၀၀၄၅၅ - ဒေါ်သန်းကြည် ၁၁/ကဖန(နိုင်)၀၀၈၄၃၁ တို့၏သား မောင်ထက်မြက်အောင် ၁၁/ကဖန(နိုင်)၀၇၄၅၉၃ သည် မိဘတို့၏ သွန်သင် ဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအရ ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း၊ ၎င်းနှင့် ပတ်သက်၍ မည်သည့်ကိစ္စမျှတာဝန်မယူကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သိန်းကျော်( LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၆၇၃/၂၀၁၂)**
**Pratice Lawyer Law Group**
**ရုံးခန်း-တိုက်(၁၀၂)၊ ပထမထပ်၊ B-1၊ ဗညားဒလလမ်း၊ ယုဇန ပလာဇာအနီး တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉- ၉၅၆၀၇၃၀၇၀၊ ၀၉- ၇၆၁၀၃၆၉၀၆**
**G-mail,Facebook: Lawyeraungtheinkyaw 77@gmail. com,land Lawyer**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (တတိယအကြိမ်တင်ဒါ)
## လမ်းဦးစီးဌာန၊ မြိတ်ခရိုင်

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံး ပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသည့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်မည်သူမဆို အိတ်ဖွင့်တင်ဒါ(Open Tender)ယှဉ်ပြိုင် တင်သွင်းနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည် -

| | |
|---|---|
| ၂။ တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - ၇-၆-၂၀၂၁ရက်(တနင်္လာနေ့) (ရုံးချိန်အတွင်း) |
| ၃။ တင်ဒါလျှောက်လွှာ နောက်ဆုံး တင်သွင်းရမည့်ရက်/ အချိန် | - ၂၅-၆-၂၀၂၁ ရက် (သောကြာနေ့) ညနေ ၃နာရီ |
| ၄။ တင်ဒါဖွင့်ပွဲ ကျင်းပမည့်ရက်နှင့် အချိန်/နေရာ | - ၂၉-၆-၂၀၂၁ရက်(အင်္ဂါနေ့) နံနက် ၉နာရီ ခရိုင်လက်ထောက် ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မြိတ်မြို့ |


၅။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက မြိတ်ခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြား ရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း- ၀၅၉-၄၁၁၁၇၊ ၀၅၉-၄၁၀၀၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**

**စာ အုပ် စာ ပေ လူ့ မိတ် ဆွေ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ရေပန်းအကြီး



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကွင်း၊ ၁ ကွင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၀ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကွင်း၊ ၁ ကွင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကွင်း၊ ၁ ကွင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကွင်း ၁ ကွင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
### (ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မေ လ ၃၀ ရက်)

၁။ ၂၀၂၁ ခုနှစ်၊ ဇွန် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၂၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“က” အက္ခရာမှ အစဉ်လိုက် “န ” ထိ** စုစုပေါင်းအက္ခရာ ( ၂၀ ) လုံးတွင် ထီစာအုပ် (၂၆၂,၃၃၄) အုပ် ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ်သန်း( ၂၆၂၃.၃၄၀) ဖြစ်သဖြင့် ၆၀% ခွဲဝေချီးမြှင့်ပေးမည့်ထီဆုငွေမှာ ကျပ်သန်း ( ၁၅၇၄.၀၀၄ ) ဖြစ်ပါသည်။

၃။ အဆိုပါ ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများမှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | |
|---|---|---|---|---|
| (က) | အထူးဆုကြီးစနစ် | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) ဆု |
| | (၂) | ကျပ်သိန်းတစ်ထောင် | = | (၁) ဆု |
| (ခ) | ဆုတစ်ဆုချင်းစနစ် | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၈) ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၈) ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၁၀) ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၁၀) ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၁) ဆု |
| | (၆) | ကျပ်ဆယ်သိန်း | = | (၁၃) ဆု |
| (ဂ) | ဝေဝေဆာဆာပဒေသာဆုမဲစနစ် | | | |
| | (၁) | ကျပ် သုံးသိန်း | = | (၃၀) ဆု |
| | (၂) | ကျပ် နှစ်သိန်း | = | (၁၀၀) ဆု |
| | (၃) | ကျပ် တစ်သိန်း | = | (၂၀၀၀) ဆု |

၄။ ထို့ပြင် သတ်မှတ်ကာလအတွင်း လာရောက်ထုတ်ယူခြင်းမရှိသော ဆုမဲများ၏ ဘဏ္ဍာသိမ်းရငွေမှ ကျပ်သန်း (၂၅၀) အား တစ်ဆုချင်းဆုမဲ **ကျပ် ၁၀သိန်း (၄) ဆု** နှင့် ဝေဝေဆာဆာဆုမဲများဖြစ်သည့် **ကျပ် ၃သိန်း(၂၀) ဆု၊ ကျပ် ၂သိန်း (၂၀၀) ဆု၊ ကျပ် ၁သိန်း (၂၀၀၀) ဆု စုစုပေါင်း( ၂၂၂၄) ဆု** ကိုလည်းထပ်မံချီးမြှင့်ပေးမည်ဖြစ်ပါသည်။

၅။ (၂၇)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို(၁.၆.၂၀၂၁)ရက်နေ့(အင်္ဂါနေ့)၊နံနက်(၈:၀၀) နာရီအချိန်တွင် အမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

---

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန် 1 Unit Transparent Box with Breaker (30000) Nos ၊ 4 Unit Transparent Box with Breaker (3000)Nos၊ CT Transparent Box(5000)Nos နှင့် **55" Video Wall Display (၁၂)ချပ်** တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကိုဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၁.၆.၂၀၂၁) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁.၇.၂၀၂၁)ရက်နေ့၊(၁၄း၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်များသို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

### ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
### မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန်လိုအပ်သော (၂၀၂၁ ခုနှစ် ဇူလိုင်လအတွက်) ဒီဇယ်ဆီ (High Speed Diesel)၊ ပရီမီယံဒီဇယ်ဆီ (Premium High Speed Diesel)နှင့် ဓာတ်ဆီ (Octane-92) တို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ၁-၇-၂၀၂၁ ရက် (၁၃:၀၀)နာရီ နောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် ၃၁-၅-၂၀၂၁ ရက်မှစ၍ ၂၉-၆-၂၀၂၁ ရက်ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၃၀ နှင့် ၀၁-၈၆၁၀၂၃၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

### မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
### လမ်းတံတားဌာန
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ် မန္တလေး (၆)မြို့နယ်အတွင်း ကျောက်ချောလမ်းခင်းခြင်း၊ အခြေခံလွှာနှင့် နိုင်လွန်ကတ္တရာလမ်းပြုပြင်ခင်းခြင်းနှင့် Cement Stabilized အခြေခံလွှာနှင့် နိုင်လွန်ကတ္တရာလမ်းပြုပြင်ခင်းခြင်း လုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အောက်ပါ Lot နံပါတ်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lotနံပါတ် | တင်ဒါလျှောက်လွှာ(၁)စောင်တန်ဖိုး |
|---|---|---|
| (က) | Lot-3 | ၁၅၀၀၀ိ/- |
| (ခ) | Lot-1,2,4,5,6,7,8,9,10,11,12,13 | ၁၀၀၀၀ိ/- |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၈-၅-၂၀၂၁ ရက်မှစတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၈-၆-၂၀၂၁ ရက် မွန်းလွဲ (၂:၀၀)နာရီ နောက်ဆုံးထားလျက် တင်ဒါများ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် အသေးစိတ် အချက်အလက်များကို ရုံးချိန်အတွင်း လမ်းတံတားဌာန ဖုန်း-၀၂-၄၀၃၆၁၇၁ လိုင်းခွဲ-၁၅၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လမ်းတံတားဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
### လှည်းကူးမြို့အဝင်၊ကျွန်းကလေးဈေးအနီး၊ခြံမြေ
### ကွန်ကရစ်လမ်းဘေး၊ မီးရှိ
(40'x60')=၉၅သိန်း ၊(25'x60')=၆၀သိန်း
(20'x50')=၄၀သိန်း
**ph: 09-450378377, 09-966753982**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ ဦးဘဝင်းလမ်း၊ မြေကွက်အမှတ်(၉၂၉)၊ အကျယ်အဝန်း(၅၀ပေ × ၅၀ပေ) ရှိ ဦးစိန်မြင့် (**PPN-**၀၀၄၂၇၁) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန္တာမြင့် (၁၂/ဒဂန (နိုင်)၀၀၁၈၈၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| **LL.B, D.B.L, D.I.L.,** | **LL.B, D.B.L, D.I.L, D.M.L,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| **Hein Htet San Law Firm** | ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(မောသီရိတိုးချဲ့-၁)၊ ဦးပိုင် (၁၆၀၂)၊ ဧရိယာ ၀ ဒသမ ၀၇၂ ဧကရှိ အမှတ်တွဲအမှတ် ၄၉၄-၅/၂၀၁၉-၂၀၂၀ဖြင့် ဦးကျော်လွင် ၁၃/လရန(နိုင်) ၀၁၅၈၆၈ အမည်ပေါက်ပြီး ၎င်း၏ အထူးကိုယ်စားလှယ်လွှဲစာချုပ်အမှတ် (၁၅၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အမာဘီထံမှ ၂၃-၁၂-၂၀၂၀ရက်တွင် အိမ်မြေကွက်အရောင်းအဝယ် စာချုပ်အမှတ် (၅၀၀၊/၂၀၂၀)ဖြင့် ဒေါ်ခင်မြတ်မြတ်ထွန်း ၁၃/လရန(နိုင်) ၁၇၅၅၃၇၊ ဒေါ်ခင်မွန်မွန်ထွန်း ၁၃/လရန(နိုင်) ၁၇၅၅၃၆တို့က ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်သဖြင့် မြေငှားဂရန် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက (၁၅) ရက်အတွင်း ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီး ဌာနရုံးသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(မောသီရိတိုးချဲ့-၁)၊ ဦးပိုင်(၈၀၇)၊ ဧရိယာ (၀ဒသမ ၀၆၉)ကေရှိ အမှုတွဲအမှတ် ၆၂၂-၅/၂၀၀၃-၂၀၀၄(အေ) ဖြင့်ဦးခွန်တောက်ထွန်း၊ ဒေါ်စန်းရီထွန်းတို့မှ အမည်ပေါက်ပြီး ဦးခွန်တောက်ထွန်းသည် ၅-၃-၂၀၁၆ ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်စန်းရီထွန်းမှ ဇနီးဖြစ်ကြောင်း ကျမ်းကျိန်၍ ၃-၉-၂၀၂၀ရက်တွင် အမွေဆက်ခံစာချုပ်အမှတ် (၄၀၅IV/၂၀၂၀) ဖြင့် စာချုပ်ချုပ်ဆိုပိုင်ဆိုင်ထားပြီး ၎င်းထံမှ ၁၂-၁-၂၀၂၁ ရက်တွင် အိမ်မြေကွက် အရောင်းအဝယ်စာချုပ်အမှတ် (၁၊/၂၀၂၁) ဖြင့် ဒေါ်ဖွာကျင်မွေး ၁၃/သနန(နိုင်)၀၁၇၀၉၉က ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်သဖြင့် မြေငှားဂရန် အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက (၁၅)ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊လားရှိုးမြို့**


---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်အိမ်ရာစီမံကိန်းအဆင့်၊ တိုက်အမှတ် A3 ၁၂ လွှာ၊ အခန်းအမှတ် ၁၂၀၇၊ အိပ်ခန်း (၃)ခန်းပါရှိသော ကွန်ဒိုတိုက်ခန်းနှင့် တိုက်ခန်းတွင်ပါရှိသော လျှပ်စစ်ပစ္စည်းများ၊ ပရိဘောဂများပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ပိုင်ရှင်ဖြစ်သူ ဦးအောင်သိန်း ၁၂/ဗတထ(နိုင်)၀၂၃၈၄၃ မှ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းလာသဖြင့် ဒေါ်နန်းခမ်းဦး ၁၃/မဆတ(နိုင်)၀၅၅၇၈၁ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း (မူရင်း) အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းခမ်းဦး**
၁၃/မဆတ(နိုင်)၀၅၅၇၈၁
ဖုန်း-၀၉-၇၆၁၂၂၃၆၈၆
City Home Property (09-409789556)

# အမှန်နဲ့အမှား၊ ဓမ္မနဲ့အဓမ္မ
## ပြည်သူတွေကွဲပြားကြဖို့လိုပါပြီ
နှင့်
## အခြားဆောင်းပါးများ



စာအုပ်
# ထွက်ရှိပါပြီ

**ရရှိနိုင်သောနေရာများ**

- **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်**
  အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၈၂၄၈၁၀၂
- **စာပေဗိမာန်စာအုပ်ဆိုင် (နေပြည်တော်)**
  အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ ဇဗ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း ၀၆၇-၃၄၁၄၆၈၁
- **စာပေဗိမာန်စာအုပ်ဆိုင် (ရန်ကုန်)**
  အမှတ်(၅၂၉/၅၃၁)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၈၃၈၁၄၄၈
- **စာပေဗိမာန်စာအုပ်ဆိုင် (မန္တလေး)**
  ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂-၄၀၃၀၁၈၆


## ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၈၁ နှင့် ဆက်သွယ်သည့်**
**၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် - ၄၇**

ဦးဇော်ထွန်းဝေ နှင့် ဒေါ်ကျင်နွယ်
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဦးအောင်မျိုးဦး)
**တရားနိုင်** **တရားရှုံး**

အမှတ်(၅၇၈)၊ ဟံသာဝတီလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပေါက်ကံကွက်သစ်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ကျင်နွယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ် -၈၁တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင်တရားနိုင်က လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၁ ခုနှစ်၊ ဇွန် ၂၅ ရက် (၁၃၈၃ ခုနှစ် နယုန်လပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ဤရုံးတော်သို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင်၏မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၁ ခုနှစ်၊ မေ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီသီဟန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၈၅ နှင့် ဆက်သွယ်သည့်**
**၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် - ၄၈**

ဦးဇော်ထွန်းနိုင် နှင့် ဦးတင်ဌေး
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဦးအောင်မျိုးဦး)
**တရားနိုင်** **တရားရှုံး**

အမှတ်(၄၄၃)၊ ဟံသာဝတီလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပေါက်ကံကွက်သစ်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးတင်ဌေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၈၅တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင်တရားနိုင်က လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၁ ခုနှစ်၊ ဇွန် ၂၅ ရက် (၁၃၈၃ ခုနှစ် နယုန်လပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ဤရုံးတော်သို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင်၏မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၁ ခုနှစ်၊ မေ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီသီဟန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်၂၁၊ နည်းဥပဒေ-၂၂)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌**
**၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်(၈၄)နှင့် ဆက်သွယ်သည့်**
**၂၀၂၀ပြည့်နှစ် တရားမဇာရီမှုအမှတ်(၄၉)**

ဒေါ်သဇင်ထွန်း နှင့် ဒေါ်ခင်ထွေး
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဦးအောင်မျိုးဦး)
**တရားနိုင်** **တရားရှုံး**

အမှတ်(၅၉၁)၊ ဟံသာဝတီလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပေါက်ကံကွက်သစ်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်ထွေး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ်(၈၄)တွင် ကျရှိသည့်ဒီကရီအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းအကြောင်းပြရန်၊ ၂၀၂၁ခုနှစ် ဇွန်၂၅ရက် (၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ဤရုံးတော်သို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင်၏မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၁ခုနှစ် မေ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီသီဟန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1R/3775 BRI LLIANCE V3 Station Wangon(4x2)L ယာဉ်လက်ဝယ်ရှိသူ U Thant Zin Tun 12/Kamaya(N)058746က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/2195 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/7736 Honda Fit GK3 Hatch Back ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်း ၇/ဖမန(နိုင်)၁၅၆၃၀၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ် (မောသီရိတိုးချဲ့-၁)၊ ဦးပိုင်(၇၆၃)၊ ဧရိယာ ၀ ဒသမ ၀၆၉ ဧကရှိ အမှုတွဲအမှတ် ၁၂၀-၅/၂၀၀၆-၂၀၀၇(စီ)ဖြင့် ဒေါ်ခင်အေးပျိုမှ အမည်ပေါက်ပြီး ၎င်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာချုပ်အမှတ် (၆၉၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်လောက်နားထံမှ ၇-၃-၂၀၂၁ ရက်တွင် အိမ်မြေကွက်အရောင်းအဝယ်စာချုပ်အမှတ် (၄၂I/၂၀၂၁)ဖြင့် ဒေါ်ဝူရှောက်ချောက် ၁၃/ ကလတ(နိုင်) ၀၂၄၄၄၉က ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်သဖြင့် မြေငှားဂရန် အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက (၁၅)ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊လားရှိုးမြို့**

## အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်နေ ဦးအောင်ကြည်ဝင်း ၈/ပခက(နိုင်)၀၁၉၇၇၄၈၏ သမီး မဝင်းလဲ့ရွှေရည်၏ အမည်မှန်မှာ မအေးအေးသင်းဖြစ်ပြီး၊ သား မောင်အောင်ဇေယျာဖြိုး၏ အမည်မှန်မှာ မောင်ဇေယျာဖြိုးဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ အထက (ရေဝေ) ဆဋ္ဌမတန်း (C) မှ မောင်သိန်းဌေး၏ဖခင် ဦးဆွေအောင်(ခ)ဦးရွှေအောင် ၅/မကန(နိုင်)၀၄၃၈၂၈မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ်(၂၊ မြို့ကွက်သစ်)၊ ဦးပိုင်အမှတ် (၂၈၉+၃၁၈)၊ ဧရိယာ ၀ဒသမ ၁၁၀ ဧကရှိမြေအား ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေကမ်းသာယာအိမ်ရာ၊ အမှတ်(B-၅၁)နေ ဒေါ်ရန်ရှင်းလန် ၁၃/ ကခန(နိုင်)၀၆၂၇၃၁ မှ မြေငှားဂရန် အမည်ပြောင်းရရှိရေးအတွက် မြေငှားဂရန်စာချုပ်၊ ပန်းတနော်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်မှူးရုံး၏ မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်နှင့် အခြားလိုအပ်သည့်စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင် ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အမည်ပြောင်း ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ်တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ လုပ်ငန်းတာဝန်ခံအဖွဲ့များတွင် အသုံးပြုရန်အတွက် လိုအပ်သောအောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဒီဇယ်ပရီမီယံဒီဇယ်နှင့်ဓာတ်ဆီ | (၄၄၀၀၀၀/၁၅၀၀၀၀/၂၅၀၀၀)ဂါလန် |
| (ခ) | Sodium Hypochlorite (NaOCL)Soultion(Chlorine) | (၄၈) တန် |
| (ဂ) | ဓာတ်ခွဲခန်းသုံး Instrument | (1) Lot |
| (ဃ) | Analyatical Balance | (၁) လုံး |
| (င) | PCR Cabilet | (၁) လုံး |
| (စ) | 33/6.6KV, 10 MVA (OLTC) Transformer | (၁) စုံ |
| (ဆ) | Hopper Tipper | (၃၁) စီး |
| (ဇ) | ရေရောကတ္တရာ | (၂၅) တန် |
| (ဈ) | Chipping/Crushed Dust/ မြစ်သဲ/လိပ်သဲကျောက် | (၁၅၀၀/၉၅၀/၉၅၀/၂၇၀) ကျင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၆-၂၀၂၁ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၆-၆-၂၀၂၁ ရက် ၁၂:၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ပုသိမ်ခရိုင်တရားရုံးတော်၌**
**၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၁**

ဦးကျော်ထိုက် **နှင့်** ဒေါ်ခင်အေးနိုင်
**တရားလို** **တရားပြိုင်**

ပုသိမ်မြို့၊အမှတ်(၅)ရပ်ကွက်၊ မဟာစေတီလမ်း၊ အမှတ်(၂၆)နေ တရားပြိုင် ဒေါ်ခင်အေးနိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်ထိုက်က လျော်ကြေးငွေကျပ် (၁၀၀၀၀၀၀၀၀/-) ရလိုမှုနှင့် တရားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသော စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ခုနှစ်၊ ဇွန်လ ၂၅ရက် (၁၃၈၃ခုနှစ်၊ နယုန်လပြည့်ကျော်၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းအပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် မေလ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သောင်းထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပုသိမ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ စံပြဥယျာဉ်ဈေး၊ ရုံအမှတ်(ဈ)၊ ဆိုင်ခန်းအမှတ်(၄၁)၊ဆိုင်ခန်းအငှားချထားခံရသူဦးတိုးထွန်းမြင့် TTE.၀၁၆၃၆၇ ထံမှ (၂၀-၆-၂၀၂၀) ရက်စွဲပါအရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဦးရဲမင်းဟိန်း ၁၂/သကတ(နိုင်)၁၈၈၁၆၀မှအမည်ပြောင်းလျှောက်ထား၍ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အသစ် ထုတ်ယူခွင့်လျှောက်ထားလာခြင်းအားကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဈေးများဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**စံပြဥယျာဉ်ဈေး၊ ဖုန်း-၀၉-၅၀၄၉၈၄၄**

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၇)၊ အကွက်အမှတ် (ထင်းရှူးမြိုင်တိုးချဲ့)၊ဦးပိုင်အမှတ် (၁၆၄-၁)၊ မြေချိန်ဧရိယာ ၀ ဒသမ ၂၉၀ဧက၊ မြေငှားဂရန် အမှုတွဲအမှတ် ၁၃၁၂-V/၂၀၁၈-၂၀၁၉(စီ)၊ ဒေါ်ယုသန္တာ ၅/ခဥန(နိုင်)၀၅၅၇၅၀) ဂရန်အမည်ပေါက်ပိုင်ဆိုင်သည့် မြေကွက်အား ဒေါ်ယုသန္တာ၏ အထူးကိုယ်စာလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ကြည်ကြည်ဖန်(ခ)စန်းစန်းဝင်း ၁၃/လရန(နိုင်)၁၀၈၉၆၉မှ ချစ်မေတ္တာဖောင်ဒေးရှင်း ၎င်း၏ကိုယ်စား ဦးလီထင်ဖူ ၁၃/လရန(နိုင်)၀၆၀၁၁၅သို့ စာချုပ်အမှတ် (၅I/၂၀၂၁) ၁၅-၁-၂၀၂၁ရက်စွဲဖြင့် ရောင်းချပြီးဖြစ်၍ ချစ်မေတ္တာဖောင်ဒေးရှင်း အမည်ဖြင့် ဂရန်အမည်ပြောင်းလျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း (၂၀)အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊**
**လားရှိုးမြို့**

## ဖခင်အမည်မှန်

ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့၊ မြို့မ အလက Grade -6 မှ မနန္ဒာလင်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု စာရင်းအရ ဦးမျိုးမင်းသန်း ၉/ တတဥ(နိုင်)၀၉၀၄၉၄ ဖြစ်ပါကြောင်း။ **ဦးမျိုးမင်းသန်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ ရွာမ(၃)လမ်း၊ ကွင်းအကွက်အမှတ်-(၂၀/စက်ရုံအရှေ့)၊ ဦးပိုင်အမှတ်၊ မြေကွက်အမှတ်(၁၃)၊ ဘိုးဘွားပိုင်မြေကွက်၏ တစ်စိတ်တစ်ဒေသဖြစ်သော ဧရိယာဧက ၀ဒသမ ၀၉၆ ဧက မြေသည် အောင်လံမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ မြေပုံများတွင် ဒေါ်ဇာဇာထွန်း အမည်ပေါက်ပြီး၊ ၎င်းအမည်မှ ၁၁-၂-၂၀၂၁ရက်စွဲပါ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ် (၆/၂၀၂၁) အရ မဖြိုးသဉ္ဇာဝေမှ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း စာရွက်စာတမ်း မူရင်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**ဦးစီးဌာနမှူး**
**အောင်လံမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လာရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ် (၂၈/လုံလေ့ရပ်)၊ ဦးပိုင်(၁၀/၄)၊ ဧရိယာ ၀ ဒသမ ၁၃၅ ဧကရှိ အမှုတွဲအမှတ်၊ ၄၁၅-၅/ ၂၀၀၉-၂၀၁၀(အေ)ဖြင့် ဒေါ်ဆုံရှန် ၁၃/သပန (ယ)၀၀၀၁၉၁မှ အမည်ပေါက်ပြီး ၎င်းထံမှ ၂-၂-၂၀၂၁ရက်တွင် အိမ်မြေကွက်အရောင်း အဝယ်စာချုပ်အမှတ် (၃၆I/၂၀၂၁)ဖြင့် ဒေါ်လင်ဟွာ၁၃/လရန(နိုင်)၂၃၆၉၈၆က ဝယ်ယူပိုင်ဆိုင်ထား ပြီးဖြစ်သဖြင့် မြေငှားဂရန် အမည်ပြောင်းထပ်မံအသစ် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက (၁၅)ရက်အတွင်း ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊လားရှိုးမြို့**

## ဖခင်အမည်မှန်

မိုးကုတ်မြို့၊ မင်းတံတား မူလွန်ကျောင်းမှ ဒုတိယတန်းအောင် မတွယ်တာ ခင်၏ ဖခင် အမည်မှန်မှာ ဦးချစ်ဦးမောင် ၁၂/ဒပန(နိုင်) ၀၄၇၈၆၄ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ် (၅+၆+၇တိုးချဲ့)၊ ဦးပိုင်အမှတ် (၂၂၁)၊ မြေ ဧရိယာ ၀ ဒသမ ၀၉၆ ဧကရှိ အမှုတွဲအမှတ် ၂၂၁-၅/၂၀၀၃-၂၀၀၄ (စီ) ဖြင့် ဦးတင်မောင်မိုး ၁၃/လရန(နိုင်)၁၃၅၄၆၇မှ အမည်ပေါက်ပြီး ၎င်းမြေဂရန် စာချုပ်မှာ နေအိမ်ပြောင်းရွှေ့ရာ တွင် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန် မိတ္တူမှန် ထုတ်ပေးခွင့်ပြုနိုင်ပါရန် ဦးတင်မောင်မိုး ၁၃/လရန(နိုင်)၁၃၅၄၆၇က လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိက ရက်ပေါင်း (၃၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင့်ဆွေ
**ပခုက္ကူဦးအုန်းဖေ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ**
**ပခုက္ကူဦးအုန်းဖေ စာပေဆုကော်မတီ ဥက္ကဋ္ဌ**
**မလေးဆေးလိပ်ခုံ(ပခုက္ကူမြို့)**
**အသက် (၈၁)နှစ်**

ပခုက္ကူမြို့၊ အမှတ် (၄)ရပ်ကွက်၊ သီရိလမ်းနေ ဒေါ်တင်ကြည်၏ခင်ပွန်း ဦးတင့်ဆွေသည် ၂၉-၅-၂၀၂၁ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်နှင့် ဝန်ထမ်းမိသားစုများ
ပြန်ကြားရေးဝန်ကြီးဌာန

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင့်ဆွေ
**ပခုက္ကူဦးအုန်းဖေ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ**
**ပခုက္ကူဦးအုန်းဖေ စာပေဆုကော်မတီ ဥက္ကဋ္ဌ**
**မလေးဆေးပေါ့လိပ်လုပ်ငန်း ဖခင်ကြီး**
**အသက် (၈၁)နှစ်**

ပခုက္ကူမြို့၊ အမှတ် (၄)ရပ်ကွက်၊ သီရိလမ်းနေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ကိုဝင်းနိုင်ဦး-မအေးအေးလွင်၊ ကိုရဲနိုင်ထွန်း-မမြင့်မြင့်မိုး၊ ကိုမျိုးလွင်-မမေသင်းနိုင်၊ ကိုအောင်ဖြိုးဝင်း-မလေးလေးမြင့်တို့၏ဖခင်၊ မဂျူးမြတ်ချယ်ဦး၊ မောင်ဆွေသန်းထွန်း၊ မဆွေလွင်လွင်ဦး၊ မောင်ရဲမြတ်လွင်၊ မောင်အောင်ကောင်းမြတ်၊ မခင်ရွှေစင်တို့၏အဘိုးသည် ၂၉-၅-၂၀၂၁ရက် (စနေနေ့) ညနေ ၅:၂၅နာရီတွင် ကွယ်လွန်သွားသဖြင့် ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံအသိပေး အကြောင်းကြားပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်အေး(ခ)လင်ကင်အေး
**နန်းထိုက်ရွှေဆိုင် (သုံးခွမြို့)**
**အသက် (၈၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်နေ (ဦးဟန်ချောင်း-ဒေါ်ကျင်မြိုင်)တို့၏သမီး၊ သုံးခွမြို့၊ အမှတ် (၂/၄)၊ အနော်ရထာလမ်း၊ (၄)ရပ်ကွက်၊ ဗာဒံပင်ဆိပ်နေ (ဦးကျန်းငါး-ဒေါ်လှ)တို့၏ချွေးမ၊ (ဦးကောက်တီ)၏ဇနီး၊ ဦးကျော်ခင်ဦး၊ [ဝမ်ချင်ချိုင်(ခ) ဦးမောင်ဆိုင်]-ဒေါ်စန်းစန်းရီ၊ ဒေါ်ဝင်းဝင်းမြင့်၊ ဦးကျော်ဆန်း(မြို့နယ်သတင်းထောက်)၊ ဦးသန်းဦး-ဒေါ်သီတာအေး(နန်း ထိုက်ရွှေဆိုင်)တို့၏မိခင်ကြီး၊ မောင်အာကာနန်းထိုက် (Bachelor of Aerospace Engineering-University of Minnesota, U.S.A)၊ မောင်ကြည်သာနန်းထိုက် (University of Washington, U.S.A)၊ မယွန်းဝတီနန်းထိုက် (အထက-၁၊ ဒဂုံ)၊ မောင်အောင်ကိုဟိန်း (University of Computer Studies, Yangon)၊ မမေယု (လသာ-၂)တို့၏ အဘွားသည် ၂၉-၅-၂၀၂၁ရက် (စနေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် သုံးခွမြို့ ကရင်စုသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဘအေး
**(လ/ထ အင်ယာ၊ မြို့ပြ-ငြိမ်း) သန်လျင်**
**အသက် (၈၀)**

အုတ်တွင်းမြို့နယ်နေ (ဦးပြန့်-ဒေါ်ပု)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ (၆) လမ်း၊ အမှတ် (၂၀)နေ ဒေါ်မြင့်ရီ၏ခင်ပွန်း၊ ဦးခိုင်ဝင်း၊ ဒေါ်နီလာအေး၊ ဦးညီဇော်လင်း-ဒေါ်ယုဇနလှိုင်တို့၏ဖခင်၊ မကြယ်စင်သွန်း၏ အဘိုးသည် ၂၉-၅-၂၀၂၁ရက် (စနေနေ့) နံနက် ၁:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၁ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ဗိုလ်ချုပ်ရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## (၁၄)နှစ်ပြည့် အောက်မေ့သတိရခြင်း
## ဦးပါစီမောင်မောင်
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**
**မြန်မာ့သဘော်ာကျင်းလုပ်ငန်း**

အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာ ကွယ်လွန်ခဲ့သည်မှာ ၃၀-၅-၂၀၂၁ ရက်တွင် (၁၄)နှစ်ပင်ပြည့်ပြီးသော်လည်း ဆရာ၏ ပေးဆပ်၍မကုန်သော ကျေးဇူးတရားများအား မိသားစုနှင့်အတူ ထပ်တူထပ်မျှ အောက်မေ့သတိရလျက်ရှိပါသည်။

ဦးကြည်စိုး-ဒေါ်ကြည်ကြည်လွင်နှင့်
သမီး- မခိုင်သက်ဆု

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်အိမ်ရာ၊ (၉၂)ရပ်ကွက်၊ မြမင်္ဂလာလမ်း၊ တိုက်အမှတ် (၄)၊ အခန်းအမှတ် (၀၀၂/မြေညီထပ်)၊ အကျယ်အဝန်း (၂၅ပေ×၃၅ပေ) ရှိတိုက်ခန်းနှင့် စွဲမြဲတပ်ဆင်ထားသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်ညီညီ (၁၂/ဒပန (နိုင်) ၀၀၆၁၈၀) ထံမှကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အရောင်းအဝယ် ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈

## ဦးဝင်း B.A, B.L, DMA
## DGM/MEIC(ငြိမ်း)
**အသက်(၈၉)နှစ်**

အောင်လံမြို့နေ (ဦးကျော်ညွန့်-ဒေါ်မမလေး)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ ခြံအမှတ် ၁၂၇(B)နေ (ဒေါ်ဇင်သွယ်(ခ) ဒေါ်ညွန့်ရွှေ)၏ခင်ပွန်း၊ ဦးလင်းအောင်ဝင်း-ဒေါ်သီတာ၊ ဦးသန်းအောင်ဝင်း-ဒေါ်နီလာ တင့်ဆွေ၊ ဦးစိုးလင်းဟန်-ဒေါ်လှဲ့လှဲ့ဝင်း တို့၏ဖခင်၊ ကိုကျော်ဇောလင်း-မဖူးထက်နှင်းခိုင်၊ ကိုသန့်လင်းဟန်၊ ဒေါက်တာ ကျော်ကျော်ထက်အောင်၊ ကိုရဲလင်းဟန်တို့၏ အဘိုး၊ မောင်သွင်ထူးညာဏ်၏ အဘိုး သည်၂၇-၅-၂၀၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၂၁ရက် မွန်းလွဲ ၁နာရီ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ရေ-၃၂၂၀ ဗိုလ်မှူးမောင်မောင်လေး(ငြိမ်း)
**အသက် (၈၃)နှစ်**

သူငယ်ချင်း ဗိုလ်မှူးကြီးကျော်ထင်-ဒေါ်အေးသောင်းဝေတို့၏ ချစ်လှစွာသောဖခင် ဗိုလ်မှူးမောင်မောင်လေး(ငြိမ်း)သည် ၂၇-၅-၂၀၂၁ရက် (ကြာသပတေးနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း**
**အပတ်စဉ် (၃၈) သူငယ်ချင်း မိသားစုဝင်များ**

## ဒေါ်ခင်မေသောင်း(BA; B.Ed)
## အထက(၁) လမ်းမတော်(စိန်ဂျွန်း)(ငြိမ်း)
**အသက်-(၇၆)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်နိုင်လမ်းသွယ်(၈)၊ အမှတ်၁၆၀(က)နေ ဦးသောင်းတင်-ဒေါ်ခင်မြတို့၏သမီး၊ (ဦးဖေခင်-ဒေါ်တင်အိ) တို့၏သမီးချွေးမ၊ဦးစိုးမြင့်(ခ) စိုးလွင်မြင့် စာတည်းမှူး(ငြိမ်း) စာပေဗိမာန်၏ ချစ်လှစွာသောဇနီး၊ ဦးခင်မောင်သောင်း-ဒေါ်ဒိုရင်းသောင်း တို့၏ညီမ၊ ဒေါ်ခင်မာသောင်း၏အစ်မ၊ ဒေါ်ခင်အိအိစိုး၊ ဦးအောင်ကျော်စိုး-ဒေါ်ကေခိုင်ဇော်တို့၏ မိခင်ဖြစ်သူသည် ၂၈-၅-၂၀၂၁ရက် ညနေ ၄:၁၅နာရီက ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၂၁ရက် နံနက်၁၁နာရီ တွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဆရာမ ဒေါ်ခင်မေသောင်း
**အထက(၁)လမ်းမတော်(စိန်ဂျွန်း)**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်နိုင်လမ်းသွယ်(၈)၊ အမှတ် (၁၆၀/က)နေ အထက(၁) လမ်းမတော် (စိန်ဂျွန်း) မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးအဖွဲ့၏ အပူဇော်ခံ ဆရာမကြီး ဒေါ်ခင်မေသောင်းသည် ၂၈-၅-၂၀၂၁ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးအဖွဲ့၊ အထက(၁)လမ်းမတော်(စိန်ဂျွန်း)**

## ဦးကျော်ယဉ် (သံတွဲမြို့)
**ရန်ကုန်မြို့မကျောင်းသားဟောင်း**
**တိုင်းလုပ်ငန်းစုမန်နေဂျာ(ငြိမ်း)**
**ရာသက်ပန်မိုးကုတ်ကြီးယောဂီ**
**အသက် (၈၃)နှစ်**

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ လက်ပံစုကျေးရွာဆရာတော်ကြီး သကျသီဟဓမ္မာစရိယ ဘဒ္ဒန္တ သူရိန္ဒာဘိဝံသ၏တူ၊ လက်ပံစုကျေးရွာနေ (ဦးဖိုးချစ်-ဒေါ်ခင်ပု)တို့၏သားကြီး၊ ကျိန္တလီမြို့နေ (ဦးလှတင်-ဒေါ်သိန်းတင့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကျောက်မြောင်း၊ အမှတ် (၅၇)၊ (၃)လွှာ၊ အင်းဝလမ်းနေ ဒေါ်ခင်ရီ၏ ခင်ပွန်း၊ ဒေါ်မြင့်မြင့်စန်း၊ ဒေါ်ယဉ်ယဉ်ဦး၊ ဦးမောင်မောင်လတ်-မတင်နွယ်စိုး၊ ကိုမြတ်သူ-မအေးအေးဟန်တို့၏ဖခင်ကြီး၊ မြေး နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၉-၅-၂၀၂၁ရက် နံနက် ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၂၁ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

နေအိမ်မှ ကားများ မွန်းလွဲ ၁၁:၁၅ နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၁)၊ မြေကွက်အမှတ်- (၉၁၉)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးတင်လှိုင် အမည်ပေါက် ပါမစ်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးသန့်ဇင်(၁၂/ပဘတ(နိုင်) ၀၁၂၁၀၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈

## အသင်္ခတရှင် အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်ခံယူခြင်း
## အလ်ဟာဂျာဟ် ဒေါ်စန်းစန်းတင့်
**B.Com(A.A), B.A**
**ဌာနမှူး၊ စာရင်းကိုင်အတတ်ပညာဌာန၊ အမှတ်(၁)ဒေသကောလိပ်(ငြိမ်း)**
**စာရင်းစစ်မှူး၊ ဒဂုံမြို့နယ်စာရင်းရုံး(ငြိမ်း)**
**အစ္စလာမ်ဓမ္မဗိမာန်၊ W.O.F.M ငြိမ်းချမ်းမေတ္တာ အမျိုးသမီးအဖွဲ့**
**K.A.F.T.G ဃရနာ ရာပြည့် ခလီဖွာဟ် ဦးမောင်မောင်ကြီး၏**
**မူရီ(ဒ်)အန်သေဝါသိကချစ်တပည့်**
**အသက်(၆၇)နှစ်**

ပြည်မြို့၊ စန္ဒာသီရိတိုက်နေ (ဆရာကြီး ဦးမောင်ကလေး- ဒေါ်ခါတွန်)၊ (ဦးဘချစ်-ဒေါ်ဇိန်နက်)တို့၏မြေး၊ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်းနေ (ဦးစံရွှေ)-အလ်ဟာဂျာဟ်ဒေါ်ကြည်ကြည်တို့၏သမီးငယ်၊ ဝဏ္ဏကျော်ထင် ဒေါက်တာ ဦးဘခက်-ဆရာမကြီး ဒေါ်မေယုတို့၏သမီးချွေးမ၊ (တရားလွှတ်တော်ရှေ့နေ ဟာဂျီ ဦးသိန်းဟန်)၊ ဟာဂျီမ ဒေါက်တာ ဒေါ်စန်းစန်းမြင့်[ ပါမောက္ခ ၊ ဌာနမှူး(ငြိမ်း) သမိုင်းဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်] ၊ ဟာဂျီမ ဒေါ်ခင်အုန်းသန့်၊ ဟာဂျီ ဦးသိန်းတန် (စန္ဒာသီရိ အော့ဖ်ဆက်)တို့၏ညီမ၊ (ဟာဂျီ ဦးသိန်းဇံ)၊ဒေါ်စန်းစန်းဝင်း(အထက်တန်းပြ-ငြိမ်း၊ အထက-၁၊ ဒဂုံ)တို့၏ အစ်မ၊ အလ်ဟာဂျ်ခလီဖွာဟ် ဦးအေးလွင်၏ချစ်လှစွာသောဇနီး၊ အလ်ဟာဂျီခလီဖွာဟ် ဒေါက်တာ နေလင်းအောင်(ဆီးချိုအထူးကု USA)- မမေနှင်းသူ၊ ဒေါက်တာ လွင်လွင်ခိုင် တို့၏ချစ်လှစွာသောမိခင်သည် ၂၈-၅-၂၀၂၁ရက်(သောကြာနေ့) ဒေသစံတော်ချိန် ညနေ ၄:၃၄နာရီတွင် အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ်၊ Utica မြို့ St.Luke ဆေးရုံကြီး၌ အသင်္ခတဂုဏ်တော်ရှင်၏ ကရုဏာတော်ခံယူကာ အသျှင့်ထံ အပြန်လမ်းလျှောက်လှမ်းသွားပြီ ဖြစ်ပါသဖြင့် နယူးယောက်ပြည်နယ် Utica Bosnian အစ္စလာမ့်ဥယျာဉ်တော်တွင် ၂၉-၅-၂၀၂၁ရက်(စနေနေ့) ဒေသစံတော်ချိန် ညနေ ၅နာရီတွင် ဒဖွာနာမြှုပ်နှံ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## အသင်္ခတရှင် အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်ခံယူခြင်း
## အလ်ဟာဂျာဟ် ဒေါ်စန်းစန်းတင့်
**B.Com(A.A), B.A**
**ဌာနမှူး၊ စာရင်းကိုင်အတတ်ပညာဌာန၊ အမှတ်(၁)ဒေသကောလိပ်(ငြိမ်း)**
**စာရင်းစစ်မှူး၊ ဒဂုံမြို့နယ်စာရင်းရုံး(ငြိမ်း)**
**အစ္စလာမ်ဓမ္မဗိမာန်၊ W.O.F.M ငြိမ်းချမ်းမေတ္တာ အမျိုးသမီးအဖွဲ့**
**K.A.F.T.G ဃရနာ ရာပြည့် ခလီဖွာဟ် ဦးမောင်မောင်ကြီး၏**
**မူရီ(ဒ်)အန်သေဝါသိကချစ်တပည့်**
**အသက်(၆၇)နှစ်**

ပြည်မြို့၊ စန္ဒာသီရိတိုက်နေ (ဆရာကြီး ဦးမောင်ကလေး - ဒေါ်ခါတွန်) ၏ချစ်လှစွာသောမြေး၊ (ဦးစံရွှေ)-အလ်ဟာဂျာဟ် ဒေါ်ကြည်ကြည်တို့၏ ချစ်လှစွာသောသမီးငယ်၊ အလ်ဟာဂျ်ခလီဖွာဟ် ဦးအေးလွင် ၏ချစ်လှစွာသောဇနီး၊ အလ်ဟာဂျ်ခလီဖွာဟ် ဒေါက်တာနေလင်းအောင်(ဆီးချိုအထူးကု USA)- မမေနှင်းသူ၊ ဒေါက်တာ လွင်လွင်ခိုင် တို့၏ချစ်လှစွာသောမိခင်သည် ၂၈-၅-၂၀၂၁ ရက် (သောကြာနေ့)ဒေသစံတော်ချိန် ညနေ ၄:၃၄နာရီတွင် အမေရိကန် ပြည်ထောင်စု၊ နယူးယောက်ပြည်နယ်၊ Utica မြို့ St.Luke ဆေးရုံကြီး၌ အသင်္ခတဂုဏ်တော်ရှင်၏ ကရုဏာတော်ခံယူကာ အသျှင့်ထံ အပြန်လမ်းလျှောက်လှမ်းသွားပြီးဖြစ်ပါသဖြင့် နယူးယောက်ပြည်နယ် Utica Bosnian အစ္စလာမ့်ဥယျာဉ်တော်တွင် ၂၉-၅-၂၀၂၁ရက်(စနေနေ့) ဒေသစံတော်ချိန် ညနေ ၅နာရီတွင် ဒဖွာနာမြှုပ်နှံ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ မြို့ဟောင်းကျေးရွာနေ မောင်ဝေယံလွမ်းအောင်၏ဖခင် ဦးအောင်ခိုင်စိုးနှင့် စိုင်းလုံ ၁/မကန(နိုင်)၁၃၄၅၂၇မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးအောင်ခိုင်စိုး(ခ)စိုင်းလုံ**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးကျော်လွင် ၆/လလန(နိုင်) ၁၀၉၂၉၃၏ ပွဲနင်းမှူးလက်မှတ်အမှတ် Permit No-0069/2020 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၀၁၂၈၀၂၈**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၉၂၀၇၄ ဟွန်ဒါဝေ့ 110 ယာဉ်လက်ဝယ်ရှိသူ Auto RY Co., Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7A/6372 Toyota Hilux YN 80, Pickup (4x2) (R) ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်းနိုင် ၁၂/ဥကတ(နိုင်) ၁၃၀၀၃၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ဒေါ်ဝင်းဝင်း
**(မာန်အောင်)**
**အသက် (၆၁) နှစ်**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ မြို့သစ်ရပ်ကွက်၊ မင်းထီးလမ်း၊ အမှတ် (၂၁)နေ (ဦးကျော်သာဖြူ-ဒေါ်မနီ)တို့၏သမီး၊ (ဒေါ်သန်းငွေ)၏ညီမ၊ ဆရာလေး ဒေါ်ပညာမဉ္ဇူရီ (စစ်ကိုင်း)၊ ဦးခင်မောင်သန်း၊ ဦးသန်းထွန်း-မခိုင်သဇင်ဝင်း၊ ဦးသန်းလေး၊ ဦးဇင်လင်းထွန်း-မငွေငွေဝင်း၊ ကိုကလေးတို့၏ အစ်မကြီး၊ ကိုအောင်ကျော်မိုး-မသန္တာသက် တို့၏မိခင်၊ (ဦးချစ်ထွန်း)၏ဇနီး ဒေါ်ဝင်းဝင်းသည် ၂၇-၅-၂၀၂၁ ရက်တွင် ၉၆ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၁ရက် (တနင်္လာနေ့)၊ အမှတ်(၅၁)၊ ကျောက်တော်ကြီးဘုရားဝင်း မြောက်ဘက်မုခ်၊ အင်းစိန်နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပြီး ရေဝေးသုသာန်တွင် မွန်းလွဲ ၁:၀၀ နာရီ၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

၂-၆-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇:၀၀ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Octagon International Services Co.,Ltd. မှ Import Declaration (သွင်းကုန်ကြေညာလွှာ)မှတ်ပုံတင်စာရင်းအမှတ် -500009/105759/106015/114823/127332/129082/134707/134716/141428/149745/150963/157189/ 166659/168865/185085/190468/197298/503805/503875/505695/513149/515669/518135/523363/524543/538923/542393/ 902426/902719/907852/939205/1004540/1043780/1063180/1077572/5190679/100007034851/100044923200/100020286220/ 100071164542/100083267650/100096118950/100099258931/100099267440/100110280800/100112630220/100133509121/ 100135272750/100135767210/100001922771/100056028220/100011156340/100019534421/100016437952/100032036901/100035482761/1063180/100054259541/100054290340/100056028220/100054054551/100056700000/100097748551/ 100114478000/100118573662/100123559541/100454/1006720/1043780/100032036901/1343373/1408221/100035842761/100027367311/104462/100067045960/1001185736620 စုစုပေါင်း (၇၇)စောင်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၂၅၅၁၁၃၄၆၇ သို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

# အလုပ်သမားများ အားကိုးအားထားပြုရာ အလုပ်သမားဆေးရုံကြီး(ရန်ကုန်)၌ မေ ၂၄ ရက်မှစတင်ကာ အကြီးစားခွဲစိတ်မှုမှအပ ဆေးရုံတက်ရောက်ကုသမှုခံယူနိုင်

ရန်ကုန် မေ ၂၉

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအောက်ရှိ လူမှုဖူလုံရေးအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသော အလုပ်သမားဆေးရုံကြီး (ရန်ကုန်)၌ အကြီးစားခွဲစိတ်ကုသမှုမှအပ ကျန်အထွေထွေရောဂါများအတွက် မေ ၂၄ ရက်မှ စတင်ကာ ဆေးရုံတက်ရောက် ကုသခံယူနိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ရန်ကုန်အလုပ်သမားဆေးရုံကြီး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။**

“အလုပ်သမား ဆေးရုံကြီး (ရန်ကုန်)အနေနဲ့ကတော့ လုံးဝရပ်နားသွားတယ်လို့ မရှိခဲ့ပါဘူး။ အခုလည်းပဲ ဆေးရုံတက်ရောက်ကုသခွင့်ကို မေ ၂၄ ရက်မှာ ပြန်လည်စတင်နိုင်ခဲ့ပါပြီ။ ပြင်ပလူနာဌာနမှာလည်း အပတ်စဉ်သတ်မှတ်ထားတဲ့ ရောဂါဝေဒနာရှင်တွေကို လက်ခံကြည့်ပေးပါတယ်။ အထူးကုဆရာဝန်ကြီးတွေ၊ လက်ထောက်ဆရာဝန်တွေနဲ့ ပုံမှန်ဝန်ဆောင်မှုပေးနေပါတယ်။ ခွဲစိတ်ဆောင်ကတော့ ပြင်ပလူနာပဲ လက်ခံနိုင်ပါသေးတယ်။ အကြီးစား ခွဲစိတ်မှုတွေနဲ့ သားဖွားမီးယပ်တော့ ဆေးရုံတက်ရောက် ကုသမှုခံယူလို့ မရသေးပါဘူး။ နောက်ပိုင်းဌာနပေါင်းစုံ ဝန်ဆောင်မှုပေးနိုင်အောင်လည်း ရုံးချုပ်က စီစဉ်နေပါတယ်။ အခုလည်း လိုအပ်တဲ့ ဆရာဝန်တွေကို ရုံးချုပ်က စီစဉ်ပေးလို့အခုလို အတွင်းလူနာတွေကို ပြန်လည်လက်ခံ ကုသပေးနိုင်ခဲ့တာပါ။ ဒီအလုပ်သမားဆေးရုံကြီး အနေနဲ့ကတော့ ပုံမှန်လည်ပတ်နေပြီး အလုပ်သမားတွေကို တတ်နိုင်သလောက် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်အောင် ကြိုးစား

*စာမျက်နှာ ၁၁ ကော်လံ ၁* ●



ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသော အလုပ်သမားဆေးရုံကြီး(ရန်ကုန်)ကို တွေ့ရစဉ်။

## ပီယာလိုကို ထုတ်ပယ်ပြီး နာရီပိုင်းအကြာ အယ်လီဂရီကို နည်းပြသစ်အဖြစ် ဂျူဗင်တပ်စ် ခန့်အပ်

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်စ်အသင်းသည် ပီယာလိုကို နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီး နာရီပိုင်းအကြာတွင် နည်းပြဟောင်း အယ်လီဂရီကို နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် (၄၂ နှစ်) အရွယ်ရှိ အီတလီကစားသမားဟောင်း ပီယာလိုသည် ပြီးခဲ့သည့် နွေရာသီတွင် နည်းပြဆာရီ၏နေရာကို အစားထိုးဝင်ရောက်လာသူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲစုံ ၅၂ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ကာ ၃၄ ပွဲနိုင်၊ ၁၀ ပွဲသရေနှင့် ရှစ်ပွဲ ရှုံးနိမ့်ထားသည်။

ပီယာလိုသည် ယခုနှစ်ရာသီပိတ်သိမ်းချိန်တွင် ဂျူဗင်တပ်စ်အသင်းကို အဆင့် (၄) နေရာဖြင့်သာ ရပ်တည်နိုင်အောင် ကူညီပေးထားနိုင်သည်။ ထို့ကြောင့် ဂျူဗင်တပ်စ်အသင်းအနေဖြင့် စီးရီးအေ အမှတ်ပေးဖလားကို ၂၀၁၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် လက်လွှတ်ခဲ့ရသည်။ အသစ်ခန့်အပ်လိုက်သော အယ်လီဂရီသည် ဂျူဗင်တပ်စ်အသင်းကို ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ နည်းပြခဲ့သူဖြစ်ပြီး စီးရီးအေ အမှတ်ပေးဖလားကို ငါးနှစ်ဆက် ရယူပေးထားနိုင်သူဖြစ်သည်။ ထို့ပြင် အယ်လီဂရီသည် ကိုပါအီတာလီယာဖလားကို လေးကြိမ်ဆွတ်ခူးပေးထားနိုင်ပြီး ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ နှစ်ကြိမ်တက်ရောက်ထားနိုင်အောင် ဂျူဗင်တပ်စ်အသင်းကို စွမ်းဆောင်ပေးထားနိုင်သည်။ အသက် (၅၃ နှစ်) အရွယ်ရှိ အယ်လီဂရီသည် ၂၀၁၉ ခုနှစ် ဇွန်လတွင် ဂျူဗင်တပ်စ်အသင်းမှ ထွက်ခွာပြီး နောက်ပိုင်း ဘောလုံးလောကနှင့် ဝေးကွာနေသူဖြစ်သည်။

*စာမျက်နှာ ၂၇ ကော်လံ ၁* ❒



နည်းပြသစ် အယ်လီဂရီနှင့် နည်းပြဟောင်း ပီယာလို။

## (၃၁)ကြိမ်မြောက် ဆီးဂိမ်းပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ရွှေတံဆိပ်ရှစ်ခု ချီးမြှင့်မည်

**ရန်ကုန် မေ ၂၉**

၂၀၂၁ ခုနှစ် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပိုက်ကျော်ခြင်း အားကစားနည်းတွင် ရွှေတံဆိပ်ရှစ်ခု ချီးမြှင့်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၁၈ မျိုး ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားပြီး ပိုက်ကျော်ခြင်း အားကစားနည်းတွင်လည်း ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် နေပြည်တော်၌ စခန်းဝင် လေ့ကျင့်လျက်ရှိပြီး အောင်မြင်မှုရရှိရန် ပြင်ဆင်လျက် ရှိသည်။

၂၀၂၁ ဆီးဂိမ်း ပိုက်ကျော်ခြင်း အားကစားနည်းတွင် အမျိုးသားပြိုင်ပွဲ လေးမျိုး၊ အမျိုးသမီးပြိုင်ပွဲ လေးမျိုး ပါဝင်မည်ဖြစ်ပြီး လေးယောက်တွဲ ပြိုင်ပွဲကိုလည်း ပြန်လည် ထည့်သွင်း ကျင်းပမည်ဖြစ်သည်။ ဆီးဂိမ်းပိုက်ကျော်ခြင်း အားကစားနည်းတွင် သုံးယောက်တွဲ (Regu) ပြိုင်ပွဲ၊ သုံးယောက်တွဲ (Regu) အသင်းလိုက်ပြိုင်ပွဲ၊ လေးယောက်တွဲ ပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။ လေးယောက်တွဲပြိုင်ပွဲကို ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲ တစ်ကြိမ်သာ ထည့်သွင်းကျင်းပခဲ့ပြီး ယခုနှစ်မှသာ ပြန်လည်ပါဝင်လာခြင်းဖြစ်သည်။

ဗီယက်နမ် အိုလံပစ်ကော်မတီသည် ပိုက်ကျော်ခြင်း အားကစားနည်းတွင် မြန်မာရိုးရာ အားကစားနည်းဖြစ်သော ခြင်းလုံးအားကစားနည်းကို ထည့်သွင်းကျင်းပခြင်းမရှိဘဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးအစားများသာ ကျင်းပမည်ဖြစ်သည်။ ခြင်းလုံးအားကစားနည်းကို ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် စတင် ထည့်သွင်းကျင်းပခဲ့ပြီး ၂၀၁၅ နှင့် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတို့တွင် ပိုက်ကျော်ခြင်း အားကစားနည်းနှင့် တစ်ပေါင်းတည်း ကျင်းပခဲ့သော်လည်း ၂၀၁၉ နှင့် ၂၀၂၁ ပြိုင်ပွဲတို့တွင် ပါဝင်လာခြင်း မရှိခဲ့ပေ။

ရဲရင့်လွင်

**COVID- 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၄၀ ဦး တွေ့ရှိ**

စာ ၉

**လှိုင်လင်မြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ရှစ်သိန်း ဖမ်းဆီးရမိ**

စာ ၂၄

**စာသင်ကျောင်း မီးရှို့ဖျက်ဆီးသူများနှင့် ကျောင်းများဖွင့်လှစ်ရာတွင် အနှောင့်အယှက်ဖြစ်စေမည့် စာရေးသားဖြန့်ဝေသူများ ဖမ်းဆီးရမိ**

**ကချင်ပြည်နယ်နှင့် ကယားပြည်နယ်အတွင်း၌ ကုန်တင်ရေယာဉ်နှင့် လုံခြုံရေးရဲတပ်ဖွဲ့စခန်းတို့ကို လက်နက်ကိုင်သောင်းကျန်းသူများက ပစ်ခတ်တိုက်ခိုက်**

စာ ၂၅